မြန်မာလူငယ်များ ယဉ်ကျေးလိမ္မာစေဖို့

# ယဉ်ကျေးလိမ္မာ



ဆရာတော်ဘဒ္ဒန္တကောဝိဒ

(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)

အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) စီစဉ်ပူဇော်သည်

# ရည်ရွယ်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တိုင်းရင်းသားလူငယ်များ၊ ယဉ်ကျေးလိမ္မာ၊ လူတော်၊
လူကောင်း၊ လူ့အဖိုးတန်များဖြစ်စေရန်အတွက်
ဤယဉ်ကျေးလိမ္မာစာအုပ်ကို ထုတ်ဝေရခြင်း
ဖြစ်ပါသည်။

## ဖြန့်ဝေလှူဒါန်းရန်

၁။ ဂေါပကအဖွဲ့ဝင်အားလုံး

၂။ (ဘက)ဘုန်းတော်ကြီးသင်ကျောင်းများအားလုံး

၃။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းပို့ချသောကျောင်းများအားလုံး

၄။ (ဝိုင်အမ်ဘီအေ)မင်္ဂလာစာမေးပွဲဖြေဆိုသည့်ကျောင်းအားလုံး

၅။ ပျော်ဘွယ်မြို့နယ်၊ အထက်တန်းကျောင်းအားလုံး

၆။ ပျော်ဘွယ်မြို့နယ်၊ အလယ်တန်းကျောင်းအားလုံး

၇။ ပျော်ဘွယ်မြို့နယ်၊ မူလတန်းကျောင်းအားလုံး တို့အား လှူဒါန်းရန် ရည်ရွယ်ပါသည်။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ = တရားအလှူသည်**
**အလှူတကာအားလုံးထက် အမြတ်ဆုံးဖြစ်၏။**

အထူးမှာ = စာအုပ်ဓမ္မဒါန လှူဒါန်းလိုသူ၊ ပူဇော်လိုသူများသည် စာတစ်အုပ်လျှင် (၅၀၀/-)ကျပ်နှုန်းဖြင့် (၁၀)အုပ်ဖြစ်စေ၊ အုပ်(၂၀)ဖြစ်စေ၊ အုပ်(၅၀) ဖြစ်စေ၊ အုပ်(၁၀၀)ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပါသည်။

မြန်မာတိုင်းရင်းသားလူငယ်များ
ယဉ်ကျေးလိမ္မာသော လူ့အဖိုးတန်များ ဖြစ်စေဖို့

# ယဉ်ကျေးလိမ္မာ

ဆရာတော်ဘဒ္ဒန္တ ကောဝိဒ
(အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက)
ပါဠိတက္ကသိုလ် ရေလယ်ကျောင်းတိုက်
ပျော်ဘွယ်မြို့

(၁၉-၇-၂၀၀၉)

# မာတိကာ


၁။ (က) ကျမ်းဦးပဏာမ ပတ္တနှာ ၁

၂။ (ခ) ဗုဒ္ဓဘာသာ အခြေခံတရားတော်

၃။ ဗုဒ္ဓဘာသာဝင် ၃

၄။ ဗုဒ္ဓဟူသည် ၃

၅။ ဗုဒ္ဓဘာသာဟူသည် ၃

၆။ ဗုဒ္ဓဘာသာဝင်ဟူသည် ၄

၇။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏
နေ့စဉ် ဘာသာရေး လုပ်ငန်းတာဝန်များ ၆

၈။ ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း ၇

၉။ ရပ်လျက် ရှိခိုးခြင်း ၇

၁၀။ ထိုင်လျက် ရှိခိုးခြင်း ၈

၁၁။ ဦးချပုံ ဦးချနည်း ၈

၁၂။ ရှိခိုးခြင်းသုံးမျိုး ၉

၁၃။ အိပ်ရာဝင် ဦးချသောအခါ ၉
၁၄။ ဦးချသောအခါ ၉
၁၅။ အပြစ်ခြောက်မျိုး လွတ်ရာဌာန ၁၀
၁၆။ ဘုရားရှိခိုးခြင်း ၁၁
၁၇။ ဘုရားရှိခိုး အကျိုးရှစ်ဖြာ ၁၁
၁၈။ ဘုရားဖူးရခြင်းအကျိုး ၁၂
၁၉။ (၇)ဆူ ဘုရားရှိခိုး ၁၂
၂၀။ ကန်တော့ကျိုးနှင့် ဆုတောင်း ၁၃
၂၁။ ငါးပါးသီလဆောက်တည်ပုံ ၁၅
၂၂။ ငါးပါးသီလတောင်းပါဠိ ၁၅
၂၃။ ဘုရားရှိခိုး ၁၆
၂၄။ သရဏဂုံဆောက်တည်ပုံပါဠိ ၁၆
၂၅။ ငါးပါးသီး ခံယူဆောက်တည်ရန် ပါဠိ ၁၇
၂၆။ သရဏဂုံနှင့် ငါးပါးသီလတောင်းအဖွင့် ၁၈
၂၇။ ငါးပါးသီလတောင်းပါဠိ ၁၈
၂၈။ သီလတောင်း မြန်မာပြန် ၁၈
၂၉။ ဘုရားရှိခိုးပါဠိ ၁၉
၃၀။ သရဏဂုံပါဠိ

၃၁။ ငါးပါးသီး ခံယူဆောက်တည်ရန် ပါဠိ+မြန်မာ ၂၂

၃၂။ သီလခံယူသူများဆိုရန် နာမရူပပတ္ထနာဉာဏ် ၂၄

၃၃။ ဆုတောင်းရန်ပါဠိ ၂၆

၃၄။ သီလအကျိုး ဆင့်ဆင့်တိုး ၂၉

၃၅။ ဆွမ်း၊ ရေ၊ ပန်း၊ ဆီမီးကပ် ၃၀

၃၆။ ဆွမ်းတော်ကပ်လှူပုံ ၃၀

၃၇။ ဆွမ်းလှူရကျိုးကဗျာ ၃၀

၃၈။ ရေချမ်းကပ်လှူပုံ ၃၁

၃၉။ ရေလှူရကျိုးကဗျာ ၃၁

၄၀။ ပန်း(နံ့သာ) ကပ်လှူရပုံ ၃၂

၄၁။ ပန်း (နံ့သာ) လှူရကျိုးကဗျာ ၃၂

၄၂။ ဆီမီးကပ်လှူပုံ ၃၂

၄၃။ ဆီမီးလှူရကျိုးကဗျာ ၃၂

၄၄။ မူလတန်းနှင့် အလယ်တန်း၊ အထက်တန်းသူငယ်များအတွက် နိုင်ငံတော်မှ ဆွမ်းကပ်စသည် ၃၃

၄၅။ ဆွမ်းကပ်လှူပုံ ၃၃

၄၆။ ရေချမ်းကပ် ၃၄

၄၇။ ပန်း(နံ့သာ)ကပ် ၃၅
၄၈။ ဆီမီးကပ်နှင့် ဆုတောင်း ၃၆
၄၉။ ဩကာသဟူသည် ၃၇
၅၀။ ငါးပါးသီလအကျိုးအပြစ်များ ၄၀
၅၁။ ငါးပါးသီလ အဆုံး၌ ရှေ့က တိုင်ပေးရန် ၄၀
၅၂။ ပါဏာတိပါတကံ လွန်ကျူးပြစ်နှင့်
ရှောင်ကြဉ်ရခြင်း အကျိုးလက်ာ ၄၀
၅၃။ ငါးပါးသီးအကျိုးအပြစ်များ ၄၀
၅၄။ ငါးပါးသီးအဆုံး၌ ရှေ့က တိုင်ပေးရန် ၄၀
၅၅။ အဒိန္နာဒါနကံ လွန်ကျူးပြစ်လက်ာ ၄၁
၅၆။ ကာမေသုမိစ္ဆာစာရကံ လွန်ကျူးပြစ် ၄၁
၅၇။ မုသာဝါဒကံ လွန်ကျူးပြစ်များ ၄၂
၅၈။ သုရာမေရကံ လွန်ကျူးပြစ်များ ၄၃
၅၉။ သီလအကျိုးနှင့်စပ် မြတ်ပုံ ၄၃
၆၀။ ရှစ်ပါးသီလတောင်းပါဠိ ၄၅
၆၁။ သရဏဂုံဆောက်တည်ပုံပါဠိ ၄၇
၆၂။ သရဏဂုံအနက် ၄၇
၆၃။ ရှစ်ပါးသီလသိက္ခာပုဒ်ပါဠိ ၄၉

၆၄။ ကိုးပါးသီလတောင်းပါဠိ ၅၁
၆၅။ ကိုးပါးသီလသိက္ခာပုဒ် ၅၂
၆၆။ ဆယ်ပါးသီလခံယူဆောက်တည်ပုံ ၅၂
၆၇။ ဆယ်ပါးသီလတောင်းပါဠိ ၅၂
၆၈။ အာဇီဝဋ္ဌမက သီလဆောက်တည်ပုံ ၅၄
၆၉။ သီလတောင်းပါဠိ ၅၄
၇၀။ အာဇီဝဋ္ဌမကသီလ
ဆောက်တည်ရန် ပါဠိ ၅၄
၇၁။ သီလတောင်းပါဠိ ၅၄
၇၂။ ကောမာရပြဟ္မစရိယ သီလသိက္ခာပုဒ်ပါဠိ ၅၈
၇၃။ ငါးပါးသီလနှင့် ကောမာရပြဟ္မစရိယအထူး ၅၉

## (ဂ) ဘုရားဝတ်တက်ပုံ အစီစဉ်

၁။ ဘုရားဂုဏ်တော် ၉–ပါးပါဠိ ၆၀
၂။ ဘုရားဂုဏ်တော် ၉–ပါးပါဠိကဗျာ ၆၁
၃။ တရားဂုဏ်တော် ၆–ပါးပါဠိ ၆၂
၄။ တရားဂုဏ်တော် ၆–ပါး (ပါဠိ+မြန်မာကဗျာ) ၆၂
၅။ သံဃာ့ဂုဏ်တော် ၉–ပါးပါဠိ ၆၃

၆။ သံဃာ့ဂုဏ်တော် ၉–ပါး (ပါဠိ+ကဗျာ) ၆၄
၇။ ဘုရားဖူးကြစို့ ကဗျာ ၆၅
၈။ တရားကျင့်ကြစို့ ကဗျာ ၆၆
၉။ သံဃာကြည်ညိုကြပါစို့ကဗျာ ၆၇
၁၀။ အနန္တငါးပါး ဘုရားရှိခိုး ၆၈

## (ဃ) မေတ္တာဘာဝနာပွားများပုံ

၁။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏
ဒိသာဖရဏ မေတ္တာပွားနည်း ၇၀
၂။ မေတ္တာသုတ်လာ မေတ္တာပွားနည်း ၁၁–နည်း ၇၃
၃။ ရတနာမြတ်သုံးပါးတို့ကို ကျင့်ဝတ်ဖြင့်
ပူဇော်နည်း ၇၆
၄။ ဆုတောင်းရန် ၇၆
၅။ အမျှဝေရန် ၇၇
၆။ မေတ္တာအကျိုး ၁၁–မျိုး ၇၉
၇။ မေတ္တာအကျိုးပြ ၈၀
၈။ မစိုးရိမ်တိုက် ပဋ္ဌာန်းဆရာတော်ကြီး၏
မေတ္တာပို့ ၈၀
၉။ ၅၂၈ သွယ် မေတ္တာပို့ပါဠိ ၈၁

## (င) သြကာသကန်တော့ကျိုး အခိပ္ပာယ်များ


| | | |
|---|---|---|
| ၁။ | ကံသုံးပါး | ၈၉ |
| ၂။ | ရတနာ | ၉၁ |
| ၃။ | ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏ | ၉၁ |
| ၄။ | အပြစ်ပြေ မပြေ | ၉၁ |
| ၅။ | အပါယ်လေးပါး | ၉၂ |
| ၆။ | ငရဲကြီး ၈–ထပ် | ၉၂ |
| ၇။ | ငရဲကြီး တစ်ထပ်တစ်ထပ်၌ | ၉၃ |
| ၈။ | ငရဲကြီး ၈–ထပ် ရှင်းပြချက် | ၉၄ |
| ၉။ | ပြိတ္တာ လေးမျိုး | ၉၆ |
| ၁၀။ | ကပ်သုံးပါး | ၉၈ |
| ၁၁။ | ရပ်ပြစ်ရှစ်ပါး | ၉၈ |
| ၁၂။ | ရပ်ပြစ်ရှစ်ပါးသရုပ် | ၉၉ |
| ၁၃။ | ရန်သူမျိုးငါးပါး | ၁၀၀ |
| ၁၄။ | ဝိပတ္တိတရားလေးပါး | ၁၀၁ |
| ၁၅။ | ဗျသနတရားငါးပါး | ၁၀၁ |
| ၁၆။ | အခါခပ်သိမ်း ရပါလို၏ | ၁၀၂ |
| ၁၇။ | အကျယ်အခိပ္ပာယ် | ၁၀၂ |

၁၈။ မဂ် (၄)ပါး ၁၀၃

၁၉။ ဖိုလ် (၄)ပါး ၁၀၃

၂၀။ နိဗ္ဗာန် ၁၀၄


## (စ) ဗုဒ္ဓဝင်အကျဉ်း


၁။ ပါရမီများဖြင့်ကျင့်ခြင်း ၁၀၆

၂။ ပါရမီ (၁၀)ပါး ၁၀၆

၃။ စွန့်ခြင်းကြီး ၅-ပါး ၁၀၇

၄။ နတ်ဗြဟ္မာတို့က တောင်းပန်ခြင်း ၁၀၈

၅။ ကြည့်ခြင်းကြီး ၅-ပါး ၁၀၈

၆။ ပဋိသန္ဓေတည်တော်မူခြင်း ၁၀၉

၇။ မိဖုရားသန့်စင် ဖွားမြင်တော်မူခြင်း ၁၀၉

၈။ ရဲရင့်စွာ မိန့်မြွက်ပုံ ၁၁၀

၉။ ပုဏ္ဏားများ ဟောကိန်းထုတ် ၁၁၁

၁၀။ ကြင်ရာရွေးခန်း ၁၁၂

၁၁။ ကြင်ရာတော်၏ဂုဏ်အင်္ဂါများ ၁၁၂

၁၂။ ကြင်ရာတော်ရှာခြင်း ၁၁၄

၁၃။ ထီးနန်းစံတော်မူခြင်း ၁၁၅

၁၄။ ရွှေနန်းသုံးဆောင် စံစားပုံ ၁၁၅

၁၅။ သံဃေယျတော်မူခြင်း ၁၁၆
၁၆။ တောထွက်တော်မူခြင်း ၁၁၆
၁၇။ မာရ်နတ်တားမြစ်ခြင်း ၁၁၇
၁၈။ ရဟန်းပြုတော်မူခြင်း ၁၁၈
၁၉။ ဆန္ဒအမတ် သံတော်ဦးတင်ခြင်း ၁၁၉
၂၀။ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း ၁၁၉
၂၁။ သုဇာတာ သူဌေးသမီး၏
ဆွမ်းကိုအလှူခံခြင်း ၁၂၀
၂၂။ အပရာဇိတပလ္လင်ပေါ်ပေါက်ခြင်း ၁၂၀
၂၃။ မာရ်နတ်ကို အောင်မြင်တော်မူခြင်း ၁၂၁
၂၄။ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ခြင်း ၁၂၃
၂၅။ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း ၁၂၄
၂၆။ လယ်တီဆရာတော် ခုနစ်နေ့ ဘုရားရှိခိုး ၁၂၄
၂၇။ အကျဉ်းချုပ်မှတ်ဖွယ် ၁၂၈

## (ဆ) မင်္ဂလသုတ်ပါဠိ၊ အဓိပ္ပာယ်၊ ကဗျာ

၁။ အခြေခံ ၃၈-ဖြာ မင်္ဂလာ ၁၃၀
၂။ မင်္ဂလာအမွှန်းတင် ၂-ဂါထာ ၁၃၁

၃။ မင်္ဂလာကြံစည်ပုံကဗျာ ၁၃၂
၄။ မင်္ဂလာနိဒါန်းပါဠိ ၁၃၃
၅။ အရှင်အာနန္ဒာလျှောက်ထားပုံ ၁၃၃
၆။ နတ်သားလျှောက်ထားပုံ ဂါထာ ၁၃၄
၇။ မင်္ဂလာနိဒါန်း လျှောက်ထားပုံကဗျာ ၁၃၅
၈။ မင်္ဂလာနိဒါန်း အဓိပ္ပာယ် ၁၃၆
၉။ မင်္ဂလာနိဒါန်းအကျဉ်းချုပ် ၁၃၆
၁၀။ ဆက်ဆံရေးမင်္ဂလာ ၁၃၈
၁၁။ နေထိုင်ရေးမင်္ဂလာ ၁၃၉
၁၂။ ပညာရေးမင်္ဂလာ ၁၄၀
၁၃။ ပြုစုစောင့်ရှောက်ရေးမင်္ဂလာ ၁၄၂
၁၄။ လိုက်နာကျင့်သုံးရေးမင်္ဂလာ ၁၄၄
၁၅။ ရှောင်ကြဉ်ရေးမင်္ဂလာ ၁၄၅
၁၆။ စိတ်နေထားတတ်ရေးမင်္ဂလာ ၁၄၇
၁၇။ သည်းခံရေးမင်္ဂလာ ၁၄၈
၁၈။ ခြိုးခြံချွေတာရေးမင်္ဂလာ ၁၅၀
၁၉။ စိတ်ထားခိုင်ခန့်ရေးမင်္ဂလာ ၁၅၁
၂၀။ မင်္ဂလာအကျိုး ၁၅၄

၂၁။ မင်္ဂလာကဗျာ ၁၅၄
၂၂။ လောကီ+လောကုတ်မင်္ဂလာ ၁၅၄
၂၃။ သင်ကြားပုံ ၁၅၅
၂၄။ ငါးရာ့ငါးဆယ် ဒသကနိပါတ်လာ
မဟာမင်္ဂလာကြီး ၈–ပါး ၁၅၅
၂၅။ မင်္ဂလာနိဂုံး ၁၅၆
၂၆။ ၃၈–ဖြာ ကောက်နုတ်ချက်အဓိပ္ပာယ်များ ၁၅၆
၂၇။ အသေဝနာစ ဗာလာနမင်္ဂလာ ၁၅၇
၂၈။ လူမိုက်ဥပမာ ၁၅၈
၂၉။ ပဏ္ဍိတာနဉ္စ သေဝနမင်္ဂလာ ၁၅၉
၃၀။ လူလိမ္မာဥပမာ ၁၅၉
၃၁။ ပူဇာ စ ပူဇနေယျာန မင်္ဂလာ ၁၆၀
၃၂။ ပူဇော်ထိုက်သူများ ၁၆၀
၃၃။ ပူဇော်စရာ (၂)မျိုး ၁၆၁
၃၄။ ပူဇော်ခြင်းကြောင့် ရရှိသော အကျိုး ၅–ပါး ၁၆၁
၃၅။ ပဋိရူပဒေသဝါသမင်္ဂလာ ၁၆၂
၃၆။ ပဋိရူပဒေသဝါသအရပ်များ ၁၆၂
၃၇။ လောကုတ္တရာကြီးပွားရာအရပ် ၁၆၂

၃၈။ လောကီကြီးပွားရေး ဖြစ်ထွန်းရာ အရပ်များ ၁၆၃
၃၉။ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ ၁၆၄
၄၀။ ပုဗ္ဗေ စ ကတပုညတာ =
ကောင်းမှုရှိ + မရှိသိဖွယ်များ ၁၆၅
၄၁။ အသ႑ာန်ရှည် + တို ၁၆၅
၄၂။ ရောဂါရှိ+မရှိ ၁၆၅
၄၃။ အဆင်းလှ+မလှ ၁၆၅
၄၄။ ခြွေရံများ +မများ ၁၆၆
၄၅။ ဥစ္စာပေါ + မပေါ ၁၆၆
၄၆။ အမျိုးမြတ် + မမြတ် ၁၆၆
၄၇။ ပညာတတ် + မတတ် ၁၆၆
၄၈။ အတ္တသမ္မာပဏိဓိမင်္ဂလာရှင်းလင်းချက် ၁၆၇
၄၉။ ကိုယ်ကို ပြုပြင်ရေးများ ၁၆၇
၅၀။ စိတ်ကို ပြုပြင်ရေးများ ၁၆၇
၅၁။ လူ့လောကအခြေခံမင်္ဂလာ ၄-ပါး ၁၆၈
၅၂။ ဗာဟုသစ္စမင်္ဂလာ ၁၇၀
၅၃။ သိပ္ပမင်္ဂလာ ၁၇၁
၅၄။ ဝိနယော စ သုသိက္ခိတမင်္ဂလာ ၁၇၂

၅၅။ စည်းကမ်းရှိမှ နှစ်သက်မည် ၁၇၂

၅၆။ ဝိနယ သုသိက္ခိတမင်္ဂလာ ၁၇၃

၅၇။ သုဘာသိတဝါစာ မင်္ဂလာ ၁၇၄

၅၈။ စကားပြော ကောင်း + မကောင်း ၁၇၄

၅၉။ စကားပြောပညာ အကျိုးကျေးဇူးများ ၁၇၅

၆၀။ စကားကြီး (၆)ခွန်း ၁၇၆

၆၁။ ပညာရေးတက္ကသိုလ် ၄-မျိုး ၁၇၆

၆၂။ ကျောင်းသားကျောင်းသူများ ပြည့်စုံရမည့် မင်္ဂလာ (၁၀)ပါး ၁၇၇

၆၃။ မာတာပိတု ဥပဋ္ဌာနမင်္ဂလာ ၁၇၈

၆၄။ မိဘကျေးဇူး မသိသူ ၁၇၈

၆၅။ သားသမီးကျင့်ဝတ် ၁၇၉

၆၆။ ပုတ္တဒါရဿ မင်္ဂလာ ၁၇၉

၆၇။ မိဘမေတ္တာ ၁၇၉

၆၈။ မိဘတို့နှင့် ဘွဲ့ထူး ၁၈၁

၆၉။ အနာကုလာ စ ကမ္မန္တာ မင်္ဂလာ ၁၈၂

၇၀။ လူချမ်းသာဖြစ်နည်း ၄-မျိုး ၁၈၃

၇၁။ ဒါနမင်္ဂလာ ၁၈၄

၇၂။ ဒါနလက်ငင်းအကျိုးကျေးဇူးများ ၁၈၆
၇၃။ ပုညကြိယာဝတ္ထု ၁၀–ပါး ၁၈၆
၇၄။ ပုညကြိယာဝတ္ထု ၄၀–၃၀ ဖြစ်ပုံ
မြောက်ပွားခြင်း ၁၈၈
၇၅။ စေတနာ ၃–ပါး ၁၈၈
၇၆။ ဓမ္မစရိယမင်္ဂလာ ၁၈၉
၇၇။ သုစရိုက် ၁၀–ပါး ၁၈၉
၇၈။ ကာယသုစရိုက် ၃–ပါး ၁၈၉
၇၉။ ဝစီကံသုစရိုက် ၃–ပါး ၁၉၀
၈၀။ မနောကံ သုစရိုက် ၃–ပါး ၁၉၀
၈၁။ အာရတီပါပမင်္ဂလာ ၁၉၂
၈၂။ ပါပ–မကောင်းမှုဟူသည် ၁၉၃
၈၃။ ဒုစရိုက် ၁၀–ပါး ၁၉၃
၈၄။ ကာယဒုစရိုက် ၃–ပါး ၁၉၃
၈၅။ ဝစီဒုစရိုက် ၄–ပါး ၁၉၃
၈၆။ မနောဒုစရိုက် ၃–ပါး ၁၉၄
၈၇။ မနောကံ ၃–ပါး ၁၉၄
၈၈။ အပြစ်ကင်းသောအလုပ်များ ၁၉၆

| | | |
|---|---|---|
| ၈၉။ | ဉာတကာနဉ္စ သင်္ဂဟမင်္ဂလာ | ၁၉၇ |
| ၉၀။ | ဆွေမျိုးကို စောင့်ရှောက်ပါ | ၁၉၇ |
| ၉၁။ | ဝိရတီပါပမင်္ဂလာ | ၁၉၈ |
| ၉၂။ | မဇ္ဇပါနာ စ သံယမ မင်္ဂလာ | ၁၉၉ |
| ၉၃။ | ထိခိုက်နစ်နာပုံ | ၁၉၉ |
| ၉၄။ | သေရက်သောက်စားခြင်းအပြစ်များ | ၂၀၀ |
| ၉၅။ | အပ္ပမာဒမင်္ဂလာ | ၂၀၁ |
| ၉၆။ | ဂါရဝမင်္ဂလာ | ၂၀၂ |
| ၉၇။ | ဒါနနှင့် ဂါရဝမင်္ဂလာထူးခြားချက် | ၂၀၂ |
| ၉၈။ | နိဝါတမင်္ဂလာ | ၂၀၃ |
| ၉၉။ | သန္တုဋ္ဌိမင်္ဂလာ | ၂၀၅ |
| ၁၀၀။ | ကတညုတာ မင်္ဂလာ | ၂၀၆ |
| ၁၀၁။ | ကာလေန ဓမ္မဿဝန မင်္ဂလာ | ၂၀၇ |
| ၁၀၂။ | ခန္တီမင်္ဂလာ | ၂၀၇ |
| ၁၀၃။ | သည်းခံခြင်း၏ကောင်းကျိုး ၅-မျိုး | ၂၀၈ |
| ၁၀၄။ | သည်းမခံခြင်း၏ ဆိုးကျိုး ၅-မျိုး | ၂၀၉ |
| ၁၀၅။ | သောဝစဿတာမင်္ဂလာ | ၂၁၀ |
| ၁၀၆။ | ဆုံးမလွယ်သူနှင့် ဆုံးမခက်သူ | ၂၁၀ |

၁၀၇။ သမထာဒဿန မင်္ဂလာ ၂၁၁

၁၀၈။ ကိလေသာအပူငြိမ်းအေးပုံ ၂၁၁

၁၀၉။ ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာ ၂၁၂

၁၁၀။ တပေါစမင်္ဂလာ ၂၁၃

၁၁၁။ ဗြဟ္မစရိယမင်္ဂလာ ၂၁၃

၁၁၂။ ဗြဟ္မစိုရ်တရား ၄-ပါး ၂၁၃

၁၁၃။ အရိယသစ္စာန ဒဿနမင်္ဂလာ ၂၁၅

၁၁၅။ နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ ၂၁၆

၁၁၆။ ဖုဋ္ဌဿ လောကဓမ္မေဟိ မင်္ဂလာ ၂၁၆

၁၁၇။ ဝိရဇ မင်္ဂလာ ၂၁၈

၁၁၈။ ပုထုဇဉ်နှင့် ရဟန္တာအမြင် ၂၁၉

၁၁၉။ ခေမမင်္ဂလာ ၂၂၀

၁၂၀။ ရဟန္တာနှင့် ပုထုဇဉ် ၂၂၀

၁၂၁။ ၃၈-ဖြာ မင်္ဂလာတရားတော်၏
အကျိုးကျေးဇူးများ ၂၂၄

၁၂၂။ ၃၈-ဖြာမင်္ဂလာတရားတော်များ
သင်ကြားပေးရန် တိုက်တွန်းနှိုးဆော်ချက် ၂၂၄

## (ဈ) သိင်္ဂါလောဝါဒဆုံးမစာ


၁။ သိင်္ဂါလောဝါဒသုတ်ဟောရခြင်း ၂၂၆

၂။ သင်္ဂဇာဆရာတော်ရေးသားသော
သိင်္ဂါလောဝါဒဆုံးမစာ ၂၂၇

၃။ အလေးအမြတ်ပြုအပ်သော
အရပ်ခြောက်မျက်နှာ ၂၂၈

၄။ သားသမီးကျင့်ဝတ် ၅-ပါး ၂၂၈

၅။ မိဘကျင့်ဝတ် ၅-ပါး ၂၂၉

၆။ တပည့်ကျင့်ဝတ် ၅-ပါး ၂၃၀

၇။ ဆရာ့ကျင့်ဝတ် ၅-ပါး ၂၃၁

၈။ လင်၏ကျင့်ဝတ် ၅-ပါး ၂၃၂

၉။ မယားကျင့်ဝတ် ၅-ပါး ၂၃၂

၁၀။ မိတ်ဆွေကျင့်ဝတ် ၅-ပါး ၂၃၄

၁၁။ ကျေးဇူးတုံ့ပြန်သူ မိတ်ဆွေကျင့်ဝတ် ၅-ပါး ၂၃၅

၁၂။ သခင်ကျင့်ဝတ် ၅-ပါး ၂၃၆

၁၃။ ကျွန်ကျင့်ဝတ် ၅-ပါး ၂၃၇

၁၄။ ဒါယကာကျင့်ဝတ် ၅-ပါး ၂၃၇

## (ည) ပရာဘဝသုတ်


၁။ ပရာဘဝသုတ်ကို ဟောတော်မူရခြင်း ၂၅၆

၂။ ပရာဘဝသုတ်ကို ရှစ်လုံးဘွဲ့ကဗျာ ၂၅၇


## (ဋ) ဂုဏ်တော်ပွားများခြင်း


၁။ ဂုဏ်တော်မပွားမီ၊ ပုတီးမစိတ်မီ
သိမှတ်ဖွယ်များ ၂၆၁

၂။ အရဟံသုံးမျိုးနှင့် အကျိုးထူး ၂၆၂

၃။ ပုတီးစိတ်ရာ၌ ရွတ်ဆိုနှလုံးသွင်းရန် ၂၆၃

၄။ အကျိုးထူးများ ၂၆၄

၅။ ဂုဏ်တော်ဆောင်ပုဒ်များ ၂၆၇

၆။ မိမိအလိုရှိရာ ဂုဏ်တော်ကို
ပွားများပုတီးစိတ်ရန် ၂၆၇

၇။ မြတ်ပဋ္ဌာန်းပုတီးစိတ် ၂၆၉

၈။ မေတ္တာပို့အကျဉ်း ၂၇၁

၉။ ပဋ္ဌာန်းတန်ခိုး ကောင်းကျိုးအနန္တ လိုရာရ ၂၇၂

၁၀။ ပဋ္ဌာန်းဥဒ္ဒေသပါဠိတော် ၂၇၄

၁၂။ ချစ်ဖွယ်ကိုသာ ဆိုတတ်သော
အဆွေခင်ပွန်းတု လေးယောက် ၂၄၉

၁၃။ ပျက်စီးလွယ်သော လူလေးယောက် ၂၅၀

၁၄။ ကျေးဇူးရွှက်ဆောင်သော အဆွေခင်ပွန်း
လေးယောက် ၂၅၀

၁၅။ ဆင်းရဲမကွာ ချမ်းသာမပစ်သော
အဆွေခင်ပွန်းစစ် လေးယောက် ၂၅၁

၁၆။ အကျိုးစီးပွားကိုသာ ပြောကြားတတ်သော
အဆွေခင်ပွန်းစစ် လေးယောက် ၂၅၂

၁၇။ အစဥ်သနားတတ်သော အဆွေခင်ပွန်းစစ်
လေးယောက် ၂၅၃

၁၈။ အလေးအမြတ်ပြုအပ်သော
အရပ်ခြောက်မျက်နှာ ၂၅၃

၁၉။ အလောင်းလျာတို့ အလိုတော်ခြောက်ပါး ၂၅၄

၂၀။ မပြတ်ဆင်ခြင်ရသော တရားငါးပါး ၂၅၄

၂၁။ အကျိုးဆောင်သော တရားတစ်ပါး ၂၅၄

၂၂။ မှတ်သားဖွယ် ၂၅၄

၁၅။ ရဟန်းတော်တို့ကျင့်ဝတ် ၆–ပါး ၂၃၈
၁၆။ နိဂုံးချုပ် ၂၃၉

## (ဈ) ဂိဟိဝိနယဆုံးမစာ

၁။ ဥစ္စာပျက်ကြောင်း ၆–ပါး ၂၄၀
၂။ သေအရက်သောက်ခြင်းအပြစ် ၆–ပါး ၂၄၁
၃။ အခါမဲ့ သွားလာခြင်းအပြစ် ၆–ပါး ၂၄၁
၄။ ပွဲလမ်းသဘင်အပြစ် ၆–ပါး ၂၄၂
၅။ လောင်းကစားခြင်းအပြစ် ၆–ပါး ၂၄၃
၆။ မိတ်ဆွေယုတ်နှင့် ပေါင်းခြင်းအပြစ် ၆–ပါး ၂၄၄
၇။ ပျင်းရိခြင်းအပြစ် ၆–ပါး ၂၄၅
၈။ အကြီးအကဲကျင့်ဝတ် ၆–ပါး ၂၄၅
၉။ ကိုယ်ကျိုးကိုသာငဲ့သော
အဆွေခင်ပွန်းတု ၄–ယောက် ၂၄၇
၁၀။ မိတ်ဆွေတု ၄–ယောက် ၂၄၈
၁၁။ နှုတ်ဖြင့်သာ ဟန်ဆောင်သော
အဆွေခင်ပွန်းတု လေးယောက် ၂၄၈

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ကျမ်းဦးပဏာမ ပဋ္ဌနာ**

**သေဋ္ဌတရံ မဟာဟိတံ၊**
**ဂုရဝေါ စ နမာမဟံ။**
**လိခိဿံ ဗုဒ္ဓဘာသာဒိ၊**
**ဒါရကေနာဒိ မဋ္ဌကံ။**

အဟံ–ရုပ် နာမ် နှစ်ဖြာ ငါးခန္ဓာကို သညာသမုတ် အကျွန်ုပ်သည်၊ (ဝါ) အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ သညာနာမ အမည်ရသော ငါသည်၊ မဟာဟိတံ– သန္တိသုခ နိဗ္ဗာနခေါင် နန်းမြို့ဆောင်သို့ ရောက်အောင် ချီးပင့် ကြီးမြင့်သောအကျိုးကို ဆောင်တော် မူတတ်သော၊ သေဋ္ဌတရံ–မြတ်ထက်မြတ်ဆုံး တုနှိုင်းမရ ပဏီတဇကေန် သုံးတန်သော ရတနာမြတ်ကိုလည်းကောင်း၊ ဂုရဝေါ စ–ကျင့်ကျန်နေရေး ပညာပေးသည့် အလေးပြုအပ် ဆရာမြတ်တို့ကိုလည်းကောင်း (ဝါ) ပျော်ဘွယ်မြို့နယ်လုံး ဆိုင်ရာ မဟာနာယကာ ဓိပတိ.နှ့်.သိပြန့်ကျယ် ဥပဇ္ဈာယ်

ဆရာတစ်ဆူဖြစ်တော်မူသော (ဂိုဏ်းချုပ်) ချင်းယားကုန်း ဆရာတော်ဘုရားကြီးနှင့်တကွ **ပျော်ဘွယ်မြို့ ပထမပါဠိ တက္ကသိုလ် ရေလယ်ကျောင်းတိုက်ကြီးကို တည်ထောင်တော် မူသော သကျသီဟ ဓမ္မာစရိယ ပရိယတ္တိ ပထမကျော် ဖြစ်တော်မူသော ကျေးဇူးရှင် [ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ တန်းများကို] သင်ကြားပို့ချတော်မူသော ဦးဉာဏာဝရာဘိ ဝံသ ဆရာတော်ဘုရားကြီး**တို့ကို လည်းကောင်း၊ နမာမိ- ခြေ-လက်-နဖူး တစ်ဖောင်ဒူးဖြင့် အထူးဂါရဝ ဦးနှိမ်ချ၍ နိစ္စရိကျိုး ရှိခိုးပါ၏၊ အတ္ထကံ-ဘာသာရေးနှင့်စပ် အကျိုးများ စေရန်အလို့ငှာ၊ ဒါရကေနာဒိ-ကလေးသူငယ် ကျောင်းသူ ကျောင်းသားများကို လိမ္မာယဉ်ကျေး လူတော်လူကောင်း လေးတွေ ဖြစ်စေရန် ရည်မှန်းအပ်သော၊ ဗုဒ္ဓဘာသာဒိ- ဘုရားရှင်၏ အဆုံးအမ နည်းပေးလမ်းပြဖြစ်သော ဗုဒ္ဓ ဘာသာ အခြေခံဖြစ်သောကျမ်းကို၊ လိခိဿံ-ကလေးသူငယ် ကျောင်းသူ ကျောင်းသားတို့ ဘာသာရေးပင်လယ် ကူးခပ် ရာဝယ် မပင်မပန်း ချမ်းချမ်းသာသာ လွယ်ကူစွာ ကူးမြောက် နိုင်ပါစေခြင်း အကျိုးငှာ၊ တိုရင်းလိုရင်းရောက်အောင် ပြုစု တီထွင် စီရင်ရေးသား ပေးအပ်သတည်း။

## နမော ဗုဒ္ဓဿ

# ဗုဒ္ဓဘာသာ အခြေခံတရားတော်

## ဗုဒ္ဓဘာသာဝင်

### ဗုဒ္ဓ = ဟူသည်

ဘဝများစွာ သံသရာဝယ် ကျင်လည်ရစဉ် အခါက ဒါနစသော ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ခဲ့သဖြင့် ဗောဓိမဏ္ဍိုင်ဝယ် သစ္စာလေးပါး သဘာဝဒ အမှန်တရားကို ကိုယ်တိုင် လေ့လာရှာဖွေပြီး အလုံးစုံသော သဘောတရားတို့ကို သိစွမ်းနိုင်သော ဉာဏ်တော်အလင်း ရှိသည့် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ကို ဗုဒ္ဓဟု ခေါ်သည်။

### ဗုဒ္ဓဘာသာ = ဟူသည်

ထိုဘုရားသခင်သည် ၄၅ ဝါ ကာလပတ်လုံး လူ, နတ်, ဗြဟ္မာအားလုံးတို့ အကျိုးစီးပွား တိုးရန်အလို့ငှာ ဟောပြခဲ့သော သဘာဝတရား များ၊ သတ္တဝါတို့၏ကောင်

ကျိုး ဆိုးကျိုးပြစ်များနှင့်၊ လောကီ, လောကုတ္တရာ အကျိုး နှစ်ဖြာကို လိုက်နာကျင့်ကြံသူများအား ပေးစွမ်းနိုင်သော တရားတော်များကို ဗုဒ္ဓဘာသာဟု ခေါ် သည်။ [ဘာသာ- ဆိုတာ ဟောတဲ့တရား]

## ဗုဒ္ဓဘာသာဝင် ဟူသည်

ထိုဘုရားရှင် ဟောပြတော်မူခဲ့သော တရားတော် များကို ယုံကြည်ကိုးကွယ်၍ လိုက်နာကျင့်ကြံ ကြိုးကုတ်အား ထုတ်နေကြသော ပုဂ္ဂိုလ်များကို ဗုဒ္ဓဘာသာဝင်များဟု ခေါ်သည်။

## ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ် ဘာသာရေးလုပ်ငန်း တာဝန်များ

အထက်ပါစကားအရ ဘုရားရှင် ဟောကြားထားသည့် တရားတော်များကို သက်ဝင်ယုံကြည် ကိုးကွယ်၍ လိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်နာသူများကို ဗုဒ္ဓဘာသာ ဝင်ဟု ခေါ်ဆိုရပေမည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် အမည်ခံ ရုံမျှ မဟုတ်ဘဲ အမှန်တကယ် ဘုရားရှင် အဆုံးအမများကို လက်တွေ့လိုက်နာကျင့်သုံးရပေမည်။ သို့မှသာ ဗုဒ္ဓဘာသာ

ဝင် စစ်စစ် ဖြစ်ပေမည်။ "မနုဿတ္တဘာဝေါ ဒုလ္လဘော" ဟူသော ဒေသနာတော်နှင့်အညီ လူ့ဘဝသည် အလွန်ရခဲလှပေသည်။ အပါယ်လေးဘုံသည် ဒုက္ခမျိုးစုံကိုသာ ခံစားရ၍ ကုသိုလ်ကောင်းမှု ပြုလုပ်ရန် မေ့လျော့နိုင်သည်။ ဒါန, သီလ, ဘာဝနာ ပြုလုပ်ရန် မလွယ်ကူပေ။ နတ်ပြည် ဗြဟ္မာ့ပြည်များသည်လည်း သုခမျိုးစုံကိုသာ ခံစား စံစားရ၍ ကုသိုလ်ကောင်းမှု ပြုလုပ်ရန် မေ့လျော့နိုင်သည်။ ဒါန, သီလ, ဘာဝနာပြုလုပ်ရန် မလွယ်ပေ။ အလွန်တရာ ရခဲလှစွာသော လူ့ဘဝသည်သာ ဒုက္ခ, သုခ (ဆင်းရဲချမ်းသာ) ရောနှောနေ၍ မိမိ၏အသိဉာဏ်နှင့် ယှဉ်ကာ ဒါန, သီလ, ဘာဝနာတို့ကို ပြည့်စုံအောင် ဖြည့်ကျင့်ဆည်းပူး နိုင်ပြီး၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်နိုင်သည်။ ထို့ကြောင့် လူ့ဘဝသည် အလွန်ရခဲသည်ဟု ဘုရားရှင် ဟောကြားခဲ့သည်။ ထိုသို့ အလွန်တရာ ရခဲပြီး ဘုရားရှင်ဟောကြားသည့် အလွန်ရခဲလှစွာသော ဘဝအခိုက်အတန့်တွင် ဘုရားရှင်၏ အဆုံးအမ နည်းလမ်းများကို အမြဲမပြတ် လိုက်နာသင့်ပေသည်။ ထိုသို့ လိုက်နာကျင့်ကြံအားထုတ်မှလည်း ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ပေမည်။

ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာလျှင် အောက်ပါ ဘာသာရေး လုပ်ငန်းတာဝန်များကို ပညာဦးစီးသော ယုံကြည်မှုဖြင့် နေ့စဉ်ပြုလုပ်ရပါမည်။ ထိုတာဝန်များမှာ–

၁။ ဘုရားရှိခိုးခြင်း၊

၂။ သီလ ခံယူခြင်း

၃။ မေတ္တာပို့ခြင်း၊

၄။ အမျှဝေခြင်း၊

၅။ အလှူဒါနပြုလုပ်ခြင်း၊

၆။ သာသနာတော် တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ခြင်း၊

၇။ မေတ္တာဘာဝနာ လက္ခဏာရေးသုံးပါး ဆင်ခြင်ခြင်းတို့ ဖြစ်ပါသည်။

## ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း

ရှေးဦးစွာ ကြာငုံကဲ့သို့ လက်နှစ်ဖက်ထိစေ၍ လက်မကို မျက်ခုံး၊ လက်ညှိုးကို ဆံစကိုထိစေလျက် (၁) လက်ဖဝါးနှစ်ဖက်နဲ့ ကြမ်းပြင်၊ (၂) ခြေဖဝါးနှစ်ဖက်နဲ့ ကြမ်းပြင်၊ (၃) နဖူးနဲ့ကြမ်းပြင်၊ (၄) တံတောင်နှစ်ဖက်နဲ့ ကြမ်းပြင်၊ (၅) ဒူးနှစ်ဖက်နဲ့ကြမ်းပြင် ထိစေရမည်။ ဤငါးပါးကို

ထိခြင်းကြီးငါးပါးဟု ခေါ်ပါသည်။ အခင်းမရှိ မြေပြင်မှာ ဖြစ်လျှင် မြေပြင်နှင့် ထိစေရပါမည်။

[ဆောင်ပုဒ်]

(က) လက်ရပ်ကိုပင်၊ ကြာငုံသွင်၊ အလျင်ပြုလုပ်ပါ။
(ခ) မျက်ခုံး လက်မ၊ ဆံစ လက်ညှိုး၊ ထိကာမိုး၊ ရှိခိုးဝန္ဒနာ။
(ဂ) လက်ချဒူးချ၊ တထောင်ချ၊ နဖူးချကာ ရှိခိုးပါ။
(ဃ) ခြေ, လက်, နဖူး၊ တတောင်ဒူး၊ ငါးဦးမြေထိစေ။

## ရပ်လျက် ရှိခိုးခြင်း

လမ်းတွင် ရဟန်းသံဃာတို့ကို တွေ့ဆုံသောအခါ ဦးထုပ် ဖိနပ်ချွတ်၍ ခြေစုံရပ်ကာ၊ လက်အုပ်ကို ဦးထိပ် တင်လျက်၊ ကိုယ်ကို ရှေ့သို့ညွတ်ကာ၊ ရှိခိုးရပါမည်။

## ထိုင်လျက် ရှိခိုးခြင်း

အမျိုးသားဖြစ်လျှင် ဆောင့်ကြောင့်ထိုင်လျက်, အမျိုးသမီးဖြစ်လျှင် (ဒူးတုတ်)ကြုံ့ကြုံ့ထိုင်လျက် ထိခြင်းငါးပါးနှင့်အညီ တုတ်ဝတ်လျက် ရှိခိုးရမည်။

ဘုရားစေတီတော်နှင့် သံဃာတော်ကို ရှိခိုးသောအခါ ပထမ ဦးချရမည်၊ ဦးချသောအခါ

ဗုဒ္ဓံ ပူဇေမိ ။ ။ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ ပူဇေမိ–ပူဇော်ပါ၏အရှင်ဘုရား။

ဓမ္မံ ပူဇေမိ ။ ။ ဓမ္မံ–တရားတော်မြတ်ကို၊ ပူဇေမိ–ပူဇော်ပါ၏အရှင်ဘုရား။

သံဃံ ပူဇေမိ။ ။ သံဃံ–သံဃာတော်မြတ်ကို၊ ပူဇေမိ–ပူဇော်ပါ၏အရှင်ဘုရား ဟူ၍ နှုတ်မှ မြွက်ဆိုပြီး ဦးချရမည်။ [သုံးကြိမ်ဦးချပါ]

## ဦးချပုံ ဦးချနည်း

ဘုရား စေတီနှင့် သံဃာတော်တို့ထံ ဦးချသောအခါ ရှိသေစွာ လက်အုပ်ချီပြီးနောက် နီး ဝေး ရှေ့ နောက် မြင့်မောက် လေညာဟူသော အပြစ်ခြောက်မျိုးမှလွတ်သော နေရာ၌နေလျက် ဦးချပြီး လျှောက်ထားဖွယ်စကားတို့ကို လျှောက်ထားရမည်။ လျှောက်ထားနာယူပြီးလျှင် ရှိခိုးဦးချ၍ ပြန်ရမည်။ ပြန်သောအခါ ဘုရားရှင်နှင့် သံဃာတော်တို့ကို ကျောပေး၍ မပြန်ဘဲ လက်အုပ်ချီကာ လေးငါးလှမ်းခန့် နောက်ဆုတ်၍ ပြန်ရမည်။

## ရှိခိုးခြင်းသုံးမျိုး

(၁) ထိခြင်းငါးပါးနှင့်အညီ ကိုယ်ဖြင့် ရှိခိုးခြင်း၊ [ကာယဝန္ဒနာ]

(၂) နှုတ်ဖြင့် ရွတ်ဆို၍ ရှိခိုးခြင်း၊ [ဝစီဝန္ဒနာ]

(၃) စိတ်ဖြင့်ရည်မှတ်၍ ရှိခိုးခြင်း၊ [မနောဝန္ဒနာ]

## အိပ်ရာဝင် ဦးချသောအခါ

အိပ်ရာဝင် အိပ်ခါနီး၌ ဦးချသောအခါ ဘုရား၊ တရား သံဃာ (ရတနာသုံးပါး) ဆရာ မိဘတို့ကို ဦးချပြီးမှ အိပ်ပါ၊ မကောင်းသောအိပ်မက် မမြင်မက်ဘဲ ကောင်းသောအိပ်မက်များ မြင်မက်ပြီး ချမ်းသာစွာ အိပ်ရခြင်း၊ နိုးရခြင်းများ ကို ခံစားရပါမည်။

## ဦးချသောအခါ

၁။ ဗုဒ္ဓဂုဏံ၊ သက္ကစ္စံ၊ အဟံ ဝန္ဒာမိပါဘုရား။

၂။ ဓမ္မဂုဏံ၊ သက္ကစ္စံ၊ အဟံ ဝန္ဒာမိပါဘုရား။

၃။ သံဃဂုဏံ၊ သက္ကစ္စံ၊ အဟံ ဝန္ဒာမိပါဘုရား။

၄။ မာတာပိတုဂုဏံ၊ သက္ကစ္စံ၊ အဟံ ဝန္ဒာမိပါဘုရား။

၅။ အာစရိယဂုဏံ၊ သက္ကစ္စံ၊ အဟံဝန္ဒာမိပါဘုရား။

အဘိဓဇ ရေလယ်ဆရာတော်

## အပြစ်ခြောက်မျိုး လွတ်ရာဌာန

၁။ အလွန်နီးကပ်သည့် အရပ်မှ နေ၍လည်းကောင်း၊
၂။ အလွန်ဝေးလွန်းသော အရပ်မှ နေ၍လည်းကောင်း၊
၃။ ရှေ့တည့်တည့်အရပ်မှ နေ၍ လည်းကောင်း၊
၄။ နောက်ကျောတည့်တည့်အရပ်မှ နေ၍ လည်းကောင်း၊
၅။ မြင့်မြတ်သောအရပ်မှ နေ၍ လည်းကောင်း၊
၆။ ကိုယ်နှံ့ပြန့်အင် လေညာ (လေထက်)အရပ်မှနေ၍ လည်းကောင်း ပူဇော် ကန်တော့သောအခါ၌ အထက်ဖော်ပြပါ အပြစ်မကင်းသော နေရာများမှ နေ၍ ရှိမခိုးရပါ။

# (၁) ဘုရားရှိခိုးခြင်း

## ဘုရားရှိခိုး အကျိုးရှစ်ဖြာ

ဘုရားရှိခိုး၊ အကျိုးရှစ်ဖြား၊ မှတ်ဖို့ရာကား–

၁။ သွားလေရာရာ၊ သူတကာတို့၊ ပူဇာချီးမြှောက်။

၂။ ထိန်တောက် လျှင်စွာ၊ ဉာဏ်ပညာနှင့်၊

၃။ များစွာတို့ဌ်၊ ကိုယ့်အကြိုက်ကို၊ အလိုက်ဆောင်ကြ၊

၄။ နေဥစ္စာ၊ ရတနာလည်း၊ စေကာ ဖြိုးဝေ၊

၅။ ဘဝေ ဘဝါ၊ ဆင်းရူပါလည်း၊ ဒေဝါပုံသွင်၊

၆။ ခင်မင်လူများ၊ မေတ္တာပွားၡ၊ စီးပွားလိုလား၊

၇။ ကိုယ့်အာ ဆန့်ကျင်၊ ရန်သူပင်လျှင်၊ ချစ်ခင် လေးစား၊

၈။ ပြန့်ပွားထုံသင်း၊ ဂုဏ်သတင်းလည်း၊ ကောင်းခြင်း ဝေဆာ၊ တန်ခိုးဖြာသည်၊ တေဇာဘုန်မော်၊ မြတ်ဘုန်းတော်ကို၊ ပူဇော်မြတ်နိုး၊ ရကျိုးတည်။

## ဘုရားဖူးရခြင်းအကျိုး

(က) ဘုရားသို့မှန်း၊ ခြေတစ်လှမ်း၊ သိန်း,သန်းမကထိုက်၊
(ခ) လှူသူ ဖူးသူ၊ ပေးဝေသူ၊ နတ်လူဘုံသို့ဆိုက်။

## (၇) ဆူ ဘုရားရှိခိုး

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ။

[အနန္တ ဇေဠ သေဠ အတုမရှိ အတိုင်းမသိသော ကျေးဇူး တော်ဂုဏ်အပေါင်းတို့၏ တည်ရာ စုဝေးရာ ဖြစ်တော်မူသော မြတ်စွာဘုရား] ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော–

၁။ အရှင်ဝိပဿီ မြတ်စွာဘုရားကိုယ်တော်၊
၂။ အရှင်သိခီ မြတ်စွာဘုရားကိုယ်တော်၊
၃။ အရှင်ဝေဿဘူ မြတ်စွာဘုရားကိုယ်တော်၊
၄။ အရှင်ကကုသန် မြတ်စွာဘုရားကိုယ်တော်၊
၅။ အရှင်ကောဏဂုံ မြတ်စွာဘုရားကိုယ်တော်၊
၆။ အရှင်ကဿပ မြတ်စွာဘုရားကိုယ်တော်၊
၇။ အရှင် ဂေါတမ မြတ်စွာဘုရားကိုယ်တော်၊

ဤ (၇) ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ အမြဲကိန်း စက်တည်နေတော်မူပါစေသတည်း။ ဤ (၇) ဆူကုန်သော မြတ်စွာဘုရားကြီးအပေါင်းတို့သည် အကျွန်ုပ်၏ ဝဲ ယာ နှစ်ဖက် ပခုံးထက်၌ အမြဲကိန်းစက် တည်နေတော်မူပါစေသတည်း။ ဤ(၇)ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်၏ အဆုတ်အသဲနှလုံးထဲ၌ အမြဲကိန်းစက် တည်နေတော်မူပါစေသတည်း။ ဤ (၇)ဆူ ကုန်သောမြတ်စွာဘုရားကြီးအပေါင်း တို့ကို ဦးထိပ်ထားလျက် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့၊ ကန်တော့ပါ၏ အရှင်ဘုရား။ [ကျက်ရန်]

## ကန်တော့ကျိုးနှင့် ဆုတောင်း

ဩကာသ, ဩကာသ, ဩကာသ, ကာယကံ, ဝစီကံ, မနောကံ, သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ, ရတနာမြတ်သုံးပါး (ဆရာသမား) တို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ [အနာမျိုး ၉၆ ပါး၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ]တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား။

## သတိပြုရန်

(က) စေတီတော်၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ပူဇော်ကန်တော့လျှင်၊ ဩကာသ အစဉ်အတိုင်း ကန်တော့၍ ဆုတောင်းရပါမည်။

(ခ) သံဃာတော်နှင့် မိဘဆရာသမား စသည်တို့ကို ကန်တော့သောအခါတွင်မူ ဩကာသအစဉ်၌ ကန်တော့ပါ၏ အရှင်ဘုရားတွင်ရပ်၍ ကန်တော့ခံပုဂ္ဂိုလ်က ဆုပေးပြီးလျှင် ပေးသနားတော်မူသောဆုနှင့်ပြည့်စုံရပါလို၏ အရှင်ဘုရားဟု ဆို၍ ဆုကို ခံယူရပါမည်။

**မှတ်ချက်။** ။ကန်တော့သောအခါတွင် မိဘကိုကန်တော့က [လက်သဲ ကွင်းတွင်] မိဘတို့ကိုဟု ထည့်၍ဆိုပါ၊ ဆရာသမားများကို ကန်တော့ပါက (ဆရာသမား တို့ကို) သက်ကြီးဝါကြီးသူတို့ကို၊ ကန်တော့ပါက [သက်ကြီးဝါကြီးသောသူတို့ကို]ဟု ထည့်ဆိုရပါမည်။

## ငါးပါးသီလဆောက်တည်ပုံ
## ငါးပါးသီလ တောင်းပါဋ္ဌိ

(က) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။

(ခ) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။

(ဂ) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။

## သီလပေးသံဃာက ဆိုရန်

ယမဟံ ဝဒါမိ တံ ဝဒေ[illegible] ။

## သီလယူသူများကဆိုရန်

အာမဘာန္တေပါ အရှင်ဘုရား။

## ဘုရားရှိခိုး

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

[သံဃာမှတစ်ခေါက်, သီလယူသူများက သုံးခေါက်ဆိုရပါမည်။]

## သရဏဂုံ ဆောက်တည်ပုံပါဠိ

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

(ခ) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(ဂ) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## သီလပေးသံဃာက ဆိုရန်

တိသရဏဂမနံ ပရိပုဏ္ဏံ။

## သီလယူသူများက ဆိုရန်

အာမဘန္တေပါ အရှင်ဘုရား။

## ငါးပါးသီလ ခံယူဆောက်တည်ရန်ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

## သီလပေး သံဃာက ဆိုရန်

တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

## သီလယူသူများက ဆိုရန်

အာမဘန္တေပါ အရှင်ဘုရား။

## သရဏဂုံနှင့် ငါးပါးသီလတောင်း အဖွင့်
## ငါးပါးသီလတောင်းပါဠိ

(က) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ခ) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဂ) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## သီလတောင်း မြန်မာပြန်

(က) အရှင်ဘုရား...တပည့်တော်သည် သရဏဂုံသုံးပါးနှင့် တကွ ငါပါးသီလတရားတော်မြတ်ကို တောင်းပါ၏၊ ဘုရား တပည့်တော်အား သနားစောင့်ရှောက် ချီးမြှောက်သော အားဖြင့် ငါးပါးသီလတရားတော်မြတ်ကို ပေးသနားတော်မူကြပါကုန် အရှင်ဘုရား။

(ခ) နှစ်ကြိမ်မြောက်လည်း အရှင်ဘုရား... တပည့်တော်သည် (လ) အရှင်ဘုရား။

(ဂ) သုံးကြိမ်မြောက်လည်း အရှင်ဘုရားတပည့်တော်သည် (လ) အရှင်ဘုရား။

**(ပါဠိ)** သီလပေးသံဃာကဆိုရန် = ယ မဟံ ဝဒါမိ တံ ဝဒေထ။

**(မြန်မာ)** အကြင်စကားကို ငါဆို၏။ ထိုစကားကို သင်တို့ လိုက်ဆိုကြ (ငါဆိုတဲ့အတိုင်း လိုက်ဆိုကြ)

**(ပါဠိ)သီလ ယူသူများက ဆိုရန်** = အာမ ဘန္တေပါ အရှင် ဘုရား။

**(မြန်မာ)** မှန်ပါ လိုက်ဆိုပါမည်ဘုရား။

## ဘုရားရှိခိုးပါဠိ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

**[မြန်မာ]** အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင်၊ အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာ ဘုရားအား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

[သရဏဂုံပါဠိ]

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

(ခ) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(ဂ) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။

[မြန်မာ]

(က) တပည့်တော်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏ ဘုရား။
တပည့်တော်သည် တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏ ဘုရား။
တပည့်တော်သည် သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏ ဘုရား။

(ခ) နှစ်ကြိမ်မြောက်လည်း တပည့်တော်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏ဘုရား။
နှစ်ကြိမ်မြောက်လည်း တပည့်တော်သည် တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏ဘုရား။
နှစ်ကြိမ်မြောက်လည်း တပည့်တော်သည် သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏ဘုရား။

(ဂ) သုံးကြိမ်မြောက်လည်း တပည့်တော်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏ဘုရား။
သုံးကြိမ်မြောက်လည်း တပည့်တော်သည် တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏ဘုရား။
သုံးကြိမ်မြောက်လည်း တပည့်တော်သည် သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏ဘုရား။

(ပါဠိ) **သီလပေးသံယာက ဆိုရန်** = သရဏ ဂမနံ ပရိပုဏ္ဏံ။

(မြန်မာ) သင်တို့သန္တာန်မှာ သရဏဂုံသုံးပါး ပြည့်စုံပြီလား။

(ပါဠိ) သီလယူသူများက ဆိုရန် = အာမ ဘန္တေပါ အရှင်ဘုရား။

(မြန်မာ) တပည့်တော်တို့သန္တာန်မှာ သရဏဂုံ သုံးပါး ပြည့်စုံနေပါပြီဘုရား။

## ငါးပါးသီလခံယူဆောက်တည်ရန် ပါဠိ + မြန်မာ

**၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

**လကာ** ။ ။ သူ့အသက်လည်း၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ**။ ။ တပည့်တော်သည် သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

## ၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

**လက်ာ** ။ ။ သူ့ဥစ္စာလည်း၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ**။ ။ တပည့်တော်သည် အရှင်မပေးသော သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

## ၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

**လက်ာ** ။ ။ သူ့အိပ်ရာလည်း၊ မဖျက်ဘဲ၊ အမြဲရှောင်ကြဉ် မည်။

သူ့မယားလည်း၊ မဖျက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ**။ ။ တပည့်တော်သည် (ကာမတရားတို့၌) သူ့သား၊ မယားတို့အပေါ်၌ ဖောက်ဖောက်ပြားပြား ကျင့်မှားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

## ၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

**လက်ာ** ။ ။ လိမ်ညာ၍လဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ**။ ။ တပည့်တော်သည် မုသာစကား လိမ်ညာ၍ ပြောဆိုခြင်း မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်

သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံး
ပါ၏။

## ၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

**လက်ာ** ။ ။ သေအရက်လည်း၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

မူးယစ်ဆေးလည်း၊ မသုံးဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ။** ။ တပည့်တော်သည်၊ ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ကြောင်းဖြစ်သော ယစ်မူးကြောင်း သေရည် သေအရက်ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏ ခံယူ ပါ၏၊ ကျင့်သုံးပါ၏။

## သီလ ခံယူသူများဆိုရန် နာမရူပ ဝဝတ္ထာနဉာဏ်

(က) အကျွန်ုပ်တို့၏ ဤကိုယ်ကာယ၊ တစ်လံမျှ၌၊ နှစ်ဝ နာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍

ဤကားလိပ်ပြာ၊ ဤကား ငါတည်း၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊ ခန္ဓာ နာမ်ရုပ် သာတည်း။

(ခ) နာမ်ရုပ်နှစ်ပါး၊ ဤတရားလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝကား၊ ဤသုံးပါးကြောင့် ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခ- အနတ္တပါတည်း။

**(ပါဠိ) သီလပေးသံဃာက ဆိုရန်။** ။ တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**(မြန်မာ)** သာဝေါ-နှလုံးပျော့ပြောင်း သူတော်ကောင်းတို့၊ တုမေ့-သင်သူတော်ကောင်းတို့သည်၊ တိဝိဓသမ္ပတ္တိ ဒါယကေန-လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးခြင်း၌ စွမ်းနိုင်သော၊ တိသရဏေန-နေ့ညမလပ် ကိုးကွယ်အပ်သော ကျိုးနက်ထင်မြင် သုံးအင်သော သရဏဂုံနှင့်၊ သဟ-ပေါင်းဖက်ယှဥ်တွဲ တူမကွဲ၊ ပဉ္စသီလံ-မြိုးခြံကျင့်ရာ ငါးအင်္ဂါနှင့် မကွာစုံမျှ သီလတော်မြတ်ဖြစ်သော၊ ဓမ္မံ-သိက္ခာပုဒ်တရားတော်မြတ်ကို

သာခုကံ ကတွာ–ကောင်းစွာသိမ်းဆည်း သုတော်နည်း ဖြင့် စောင့်စည်းကြကုန်ပြီး၍၊ တုမေ–ငါးပါးသီလ၌ တည်ကြည်သဖြင့် သီလဝန္တ–ဖြစ်ကြကုန်သော သင် သူတော်ကောင်းအပေါင်းတို့သည်၊ သဗ္ဗကိစ္စာနိ–အလုံး စုံသော သီလကိစ္စ, သမာဓိကိစ္စ, ပညာကိစ္စတို့ကို၊ အပ္ပမာဒေန–မမေ့မလျော့ မပေါ့မဆသော သတိတရား နှင့်၊ သမ္ပာဒေထ–မကျိုးမပေါက် မပြောက်ကြားရအောင် ကိုယ်စီကိုယ်င အသီးသီးပြည့်စုံကြကုန်လော့။

(ပါဠိ) သီလယူသူများက ဆိုရန်။ ။ အာမ ဘန္တေ ပါ အရှင်ဘုရား။

(မြန်မာ) တပည့်တော်တို့သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီးကို မကျိုးမပေါက် မပြောက်မကြားရအောင် စောင့်ရှောက်ထိန်းသိမ်းပါမည် ဘုရား။

**ဆုတောင်းရန် ပါဠိ = ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။**

**ပါဠိမြန်မာ** = ဘန္တေ–အရှင်ဘုရား၊ မေ အမှာကံ–ဘုရား တပည့်တော်တို့၏၊ ဣဒံ ပုညံ–ဤသို့ ယနေ့ ယခု

လှူဒါန်းရသော ဒါနကုသိုလ်, ဆောက်တည်ရသော သီလကုသိုလ်, ပွားများရသော ဘာဝနာကုသိုလ် အစုစုသည်၊ နိဗ္ဗာနသဿ– မီး (၁၁) တန် ငြိမ်းရာမှန်သော နိဗ္ဗာန်၏။ ပစ္စယော–ရကြောင်းရောက်ကြောင်းကောင်းမြတ်သော အထောက်အပံ့သည်၊ ဟောတု–စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**[သတိပြုရန်]** ငါးပါးသီလအဆုံး သုရာမေရယ သိက္ခာပုဒ်အဆုံးမှာ နာမရူပ ဝဝတ္ထာန ဉာဏ်ဆောင်ပုဒ် (က) (ခ) တို့ကို ချပေးပြီး ဆုတောင်းကိုလည်း ပါဠိ–မြန်မာ ချပေးပြီးမှ တိသရဏေန 'သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ ကို ဆိုပြီး အနက်ပေးပြီးမှ သီလပေးဆုံးပါသည်။

**မှတ်ချက်။** ။ ဗုဒ္ဓဘာသာဝင်သူတော်စဉ်များ (ဂရုဓမ္မသီလခေါ်) ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်းရသော ငါးပါးသီလ ခံယူရာ၌ မိမိဆောက်တည်ခံယူသော ငါးပါးသီလ၏ ပါဠိအနက် အဓိပ္ပာယ်သိမြင်ပြီး သီလ ဆောက်တည်ပါက ပိုပြီး အကျိုးများစေရန်အတွက်

ငါးပါးသီလဆောက်ပုံကို ပါဠိ+မြန်မာ နှစ်ဘာသာ တွဲပြီး ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ ပါဠိ–မြန်မာ အဓိပ္ပာယ်သိမြင်စွာဖြင့် သီလ စောင့်ထိန်းကြကုန်လော့။ စေတီတော် ဆင်းတုတော်ဘုရားရှေ့မှာ ဘုရားရှိခိုးပြီး သီလခံယူရာ၌ ငါးပါးသီလ ဆောက်တည်ပုံကို ပါဠိလို ဆောက်တည်ပြီး မိမိတို့ဘုရားကို ကပ်လှူသည့် ဆွမ်းကပ်၊ ရေချမ်းကပ်၊ ပန်းကပ်၊ ဆီမီးကပ်လှူပုံကို ဆုတောင်းနှင့်တကွ ကပ်လှူကာ (က)ဘုရားဂုဏ်တော် ၉–ပါးပါဠိ (ခ) တရားဂုဏ်တော် ၆–ပါး၊ သံဃ ဂုဏ်တော် ၉–ပါး ပါဠိများ (ဂ) မင်းကွန်းဆရာတော် ကြီး၏ အရပ် ၁၀–မျက်နှာ ဒိသာဖရဏ မေတ္တာပွား နည်း (ဃ) မေတ္တသုတ်လာ မေတ္တာပွားနည်းများဖြင့် မေတ္တာပို့ပြီးလျှင် (င) ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ ဓမ္မံ, သံဃံ ပူဇေမိ ပါဠိအနက်၊ ရတနာ မြတ်သုံးပါး ကျင့်ဝတ် ပူဇော်ဗည်း (စ) အဒ္ဓါ ဣမာယ စသော ဆုတောင်း သုံးပုဒ်ပါဠိ အနက်ဖြင့် ဆုတောင်း (ဆ) ထို့နောင် အမျှပေးဝေခြင်းများ ပြုလုပ်ပြီး အဆုံး သတ်ကြစေလိုပါသည်။

# သီလအကျိုး ဆင့်ဆင့်တိုး

၁။ သီလခေါ်ဆို ကိုယ်ကျင့်ကောင်းမှ၊ တောင်းတိုင်း
တတိုင်း ရနိုင်တယ်။

၂။ ပဒေသာပင် အိမ်မှာပေါက်သလို၊ ကောက်ယူသုံးလို့
မကုန်နိုင်တယ်။

၃။ ဥစ္စာစုပုံ ကုန်မယွင်းလို့၊ ဂုဏ်သီတင်းလည်း သင်းပျံ့
မယ်။

၄။ ရောက်လေရာရာ ပွဲလယ်တင့်လို့၊ ရဲရင့်ရွှင်ပျ ခင်ကြ
မယ်။

၅။ သေရသော်ပင် သတိကောင်းလို့၊ ဂတိပြောင်းတော့
နတ်ပြည်ဝယ်။

၆။ သီလကောင်းကျိုး ချက်ချင်းတိုး၊ အားကိုးလောက်
ပေတယ်။

၇။ အဲဒါကြောင့်...ကိုယ်ကျင့်သီလ ဒီဘဝ တည်စေမယ်။

# ဆွမ်း၊ ရေ၊ ပန်း၊ ဆီမီးကပ်

## (က) ဆွမ်းတော်ကပ်လှူပုံ

ရသာမွေးကြူ၊ ဆွမ်းဖွေးဖြူကို၊ ပေးလှူပါရ၊ ဤပုည ကြောင့်၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ မြနှယ်ရွှေနှင့်၊ အနေတင့်၊ ဆင့်ဆင့် မြင့်ရပါလို၏ အရှင်ဘုရား။

### ဆွမ်းလှူရကျိုးကဗျာ

ရှည်စွာ အသက်၊ လှလျက် ဆင်းဝါ၊
ဥစ္စာ ကြွယ်ငြား၊ ခွန်အား ပြည့်ကာ၊
ပညာ ကြီးမား၊ တတ်အား လှူပါ၊
ဆွမ်းအကျိုး၊ ငါးမျိုး ရနိုင်တာ။ ။

## (ခ) ရေချမ်းကပ်လှူပုံ

ကြည်လည်အေးမြ၊ ရေလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ ကိုယ်ဝယ် တွင်းပြင်၊ ညစ်ကြေးစင်၊ ကြည်လင်အေးမြပါလို၏ အရှင်ဘုရား။

### ရေလှူကျိုးကဗျာ

သက်ရှည်, ဆင်းလှ၊ ဗလ ချမ်းသာ၊
ပညာ အလင်း၊ သန့်ရှင်း စင်တာ၊
ခြွေရံကျော်ဇော၊ လွန်ပေါမျှားစွာ၊
ရေမငတ်ငြား၊ အသွား မြန်ကာ၊
ရေအကျိုး၊ ဆယ်မျိုး ရနိုင်တာ။

## (ဂ) ပန်း (နံ့သာ) ကပ်လှူပုံ

အနံ့လည်းသင်း၊ အဆင်းလည်းလှ၊ ပန်းလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ သွယ်သွယ်ဂုဏ်နှင့်၊ အစုံတင့်၊ ထုံသင့်ကြိုင်ရပါလို၏ အရှင်ဘုရား။

## ပန်း (နံ့သာ) လှူရကျိုးကဗျာ

ပန်းလိုလှပ၊ ဘဝရပ်ရည်
ခန္ဓာကိုယ်တွင်း၊ သန့်ရှင်းပေသည်၊
နံ့စော်ကင်းလို့၊ ခံတွင်း မွှေးသည်၊
ပန်းလှူကျိုး၊ သုံးမျိုး ရနိုင်သည်။

## (ဃ) ဆီမီးကပ်လှူပုံ

ထွန်းလင်းတောက်ပ၊ မီးလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ လနှယ်နေနှင့်၊ အသရေတင့်၊ ဆင့်ဆင့်ထွန်းလင်း၊ ဉာဏ်မြင်ရှင်း၍၊ အဆင်းလှပရပါလို၏ အရှင်ဘုရား။

## ဆီမီးလှူရကျိုးကဗျာ

ဘုရားရှင်အား၊ စိတ်ထား ကြည်ဖြူ
ဆီမီးလျှပ်ပန်း၊ လှူဒါန်းသောသူ၊
စက္ခုမှံသ၊ ဉာဏ, နှစ်ဆူ၊
ကြည်လင်၏၊ ဖြစ်ဘိ ဉာဏ်ကြီးသူ။

(ဒီပဒေါ် ဟောတိ စက္ခုတော)

**မှတ်ချက်။** ။ ဤပြဆိုခဲ့ပြီး ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူပုံနှင့် ဆုတောင်းများသည် (သူငယ်တန်း) ပထမတန်း၊ ဒုတိယတန်း ကလေးများအတွက်သာ ဖြစ်၏။ အလွတ်ချပို့ပြီး အဆိုခိုင်းပါ။ [ ယင်းကလေး များသည် စာကောင်းကောင်း မရေးတတ်သေး၍ နှုတ်တိုက်ချပြီး အဆိုခိုင်းပါ ]

## မူလတန်းနှင့် အလယ်တန်း၊ အထက်တန်း သူငယ်များအတွက် နိုင်ငံတော်မှ ဆွမ်းကပ်စသည်

### (က) ဆွမ်းကပ်လှူပုံ

အရဟာတာဒိ နဝဂုဏောဟိ–အရဟံအစရှိသော ကိုးပါး သောဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ–ပြည့်စုံတော်မူသော၊ နာထံ–လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ–သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ–ရည် ရော်မှတ်သား စိတ်က ထား၍၊ စေတိယဿ–ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား၊ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ–အဆင်း, အနံ့ အရသာနှင့် ပြည့်စုံ သော၊ ဣမံ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယ၊ ဤဆွမ်း ခဲဘွယ်ဘောဇဉ် ချိုချဉ် အရသာကို၊ သက္ကစ္စံ–ရိုရိုသေသေ၊

ဒေမိ–နိဗ္ဗာန်ရည်မှန်း လျှဒါန်းပါ၏၊ ပူဇေမိ– နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

## ဆုတောင်းပါဠိ

ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

**(အနက်)** မေ–တပည့်တော်၏၊ ဣဒံပုညံ–ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ–အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်သည် ဟောတု–ဖြစ်ပါစေသတည်း။ [ဗုဒ္ဓဘာသာယဉ်ကျေးမှု မဟာနမူ]

## (ခ) ရေချမ်းကပ်

အရဟတာဒိ နဝဂုဏောဟိ–အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္တာဂတံ–ပြည့်စုံတော်မူသော၊ နာထံ– လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ–သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ–ရည်ရော်မှတ်သား စိတ်ကထား၍၊ စေတိယဿ– ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား၊ သုဒ္ဓသီတလသမ္ပန္နံ–သန့်ရှင်းအေးမြ ကြည်လင်

လှသော၊ ဣမံ ပါနီယ ဘောဇနိယံ၊ ဤသောက်တော်ရေ၊
သုံး ဆောင်တော်ရေကို၊ သက္ကစ္စံ-ရိုရိုသေသေ၊ ဒေမိ-
နိဗ္ဗာန်ရည် မှန်း လှူဒါန်းပါ၏ အရှင်ဘုရား၊ ပူဇေမိ-
နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။

**ဆုတောင်းပါဠိ။** ။ ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ
ဟောတု။

**အနက်။** ။ [အထက်က အနက်အတိုင်းပင် ပေးပါ။]

## (ဂ) ပန်း (နံ့သာ)ကပ်

အရဟာတာဒိနဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါး
သောဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတံ-ပြည့်စုံတော်မူသော၊
နာဝထံ-လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ-
သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ-
ရည်ရော်မှန်သော စိတ်ကထား၍၊ စေတိယဿ-ဓာတုစေတီ,
ဓမ္မစေတီ, ဥဒ္ဒိဿစေတီ ပရိဘောဂစေတီတော်မြတ်အား၊
ဝဏ္ဏ ဂန္ဓ သမ္ပန္န-အဆင်း၊ အနံ့နှင့် ပြည့်စုံသော၊ ဣမံ
ပုပ္ဖံ- ဤပန်းကို (ပန်းနံ့သာကို) သက္ကစ္စံ- ရိုရိုသေသေ၊
ဒေမိ- နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏အရှင်ဘုရား၊ ပူဇေမိ-
နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

**[ဆုတောင်းပါဠိ]** ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

## ဆီမီးကပ်နှင့် ဆုတောင်း

အရဟတာဒိနဝဂုဏောဟိ- အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်၊ သမ္ပန္နာဂတံ- ပြည့်စုံတော်မူသော၊ သဗ္ဗညုတာ နာဝရဏဉာဏောဟိ-သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်တော်တို့ဖြင့်၊ တိလောကေ-သုံးပါးသော လောက၌၊ အဝိဇ္ဇာအန္ဓကာရံ-အဝိဇ္ဇာပသည်းဟူသော အမိုက်မှောင်ကို၊ ဝိဓမိတွာ-ပယ်ဖျောက်တော်မူ၍၊ ဇလံ ဇလန္တံ-ထွန်းလင်း တောက်ပတော်မူသော၊ ဗုဒ္ဓံ-သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို၊ ဥဒ္ဒိဿ-ရည်ရော်မှတ်သား စိတ်ကထား၍၊ စေတိယဿ-ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿ စေတီ, ပရိဘောဂစေတီတော်မြတ်အား၊ ပဘာဝဏ္ဏောဟိ- အရောင်အဆင်းတို့ဖြင့်၊ အန္ဓကာရံ-အမိုက်မှောင်ကို၊ နာသကံ-ပယ်ဖျောက်တတ်သော၊ ဣမံ ဒီပဇာလံ-ဤဆီမီး လျှံကို၊ သက္ကစ္စံ-ရိုရိုသေသေ၊ ဒေမိ-နိဗ္ဗာန်ရည်မှန်း လှူဒါန်း ပါ၏ အရှင်ဘုရား၊ ပူဇေမိ-နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

**ဆုတောင်းပါဠိ။** ။ ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

**အနက်။** ။ မေ–တပည့်တော်၏၊ ဣဒံ ပုညံ–ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ–အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်သည်၊ ဟောတု– ဖြစ်ပါစေသတည်း။

## ဩကာသဟူသည်

ကန်တော့ရန် ခွင့်တောင်းတာလို့ မှတ်ပါ။

**(ဆောင်)** ဩကာသဟူ၊ ခိပ္ပာယ်မူ၊ မှတ်ယူ ခွင့်တောင်းတာ။

ရတနာသုံးပါးကို ရည်ရွယ်၍ ဩကာသကို သုံးကြိမ်ဆိုပါသည်။

(၁) မိမိက ကိုယ်နှုတ်စိတ်ဖြင့် ပြစ်မှားမိလို့ ဖြေဖျောက်ရန် ကန်တော့ခြင်း၊

(၂) ရတနာသုံးပါး, မိဘဆရာစသည်တို့ရဲ့ ဂုဏ်ကျေးဇူးတို့ကို မျှော်မှန်း ကန်တော့ခြင်းဟူ၍ ၂ မျိုးရှိသည်။ အနန္တော အနန္တ ဆိုတဲ့ ကျေးဇူးဂုဏ်တွေကို ရည်မှန်းပြီး ကန်တော့ရမှာ ဖြစ်ပါသည်။

၁။ နှစ်သက်မြတ်နိုးထိုက်လို့ **ရတနာ**လို့ ခေါ်သည်။

၂။ သိစရာအကုန်မကျန် သိတော်မူလို့ **ဘုရား**လို့ ခေါ်သည်။

၃။ အပါယ်နဲ့ သံသရာဆင်းရဲကို မကျအောင် ဆွဲဆောင်တတ်လို့ **တရား**လို့ ခေါ်သည်။

၄။ အယူသီလ တူမျှစွာ ညီညွတ်ပေါင်းစည်းခြင်းရှိလို့ **သံဃာ**လို့ ခေါ်သည်။

(က)ရှိခိုးတာဟာ ကိုယ်နဲ့ ရှိခိုးခြင်း၊ နှုတ်နဲ့ ရှိခိုးခြင်း၊ စိတ်နဲ့ ရှိခိုးခြင်းလို့ သုံးမျိုးရှိသည်။

(ခ) ပူဇော်တာကလည်း ပစ္စည်းနဲ့ ပူဇော်တာ၊ တရားနဲ့ ပူဇော်တာလို့ ၂ မျိုးရှိသည်။

(ဂ) ဖူးမြော်တာဟာလည်း ပကတိမျက်စိနဲ့ ဖူးမြော်တာ၊ ဉာဏ်မျက်စိနဲ့ ဖူးမြော်တာလို့ ၂ မျိုးရှိသည်။ ဉာဏ်မျက်စိနဲ့ ပုံတော်ကို ဂုဏ်တော်လွမ်းပြီး ဖူးမြော်တာက ပိုပြီး အကျိုးကြီးပါသည်။

(ဃ)အနန္တော အနန္တ ငါးပါးကို ကိုယ်ထိလက်ရောက် ကျူးလွန်ရင် ကန်တော့သော်လည်း မကျေနိုင်ပါ၊ နှုတ်, စိတ်တို့နဲ့ ပြစ်မှားရင်တော့ အပြစ်ကို ဝန်ချတောင်းပန်ရင်း ကျေနိုင်ပါသည်။ သို့သော်လည်း

အပါယ်ဘေးကိုသာ ကျေနိုင်သည့် ပဝတ္တိကျိုးကို တော့ မလွတ်နိုင်ပေ။

**သာမက** – ဇင့ိုလ သူဌေးအမျိုး်း ကဿပဘုရားရှင်ကို ပရိနိဗ္ဗာန်စံလွန်ချိန်မှာ ပန်းထိမ်သည် ဖြစ်ခဲ့ဘူး၏။ စေတီပုဓော်ရန် ရွှေကို ရဟန္တာအရှင်မြတ်က သူဌေးထံ အလှူခံရာ လင်မယားချင်း စိတ်ဆိုတုန်းဖြစ်၍ စေတီ ကို ရေထဲမျှောလိုက်ဟု ဝစီပြစ်မှားမှုကို လိုက်ကန်တော့ တောင်းပန်ရာ "ငါ့ကို မကန်တော့နဲ့ စေတီတော်ကိုသာ လှူဒါန်းပါ" အဆိုပါ စေတီကို ရွှေလှူသည့် သားသုံး ယောက်ရှိသည့်အနက် သားကြီးနှင့် သားလတ်တို့က မကူညီ၊ သားငယ်က ကူညီသည်။ အထက်ပါ ဝစီကံ ပြစ်မှားမှုကြောင့် ရောက်ရာဘဝ ရေမျှောခံခဲ့ရသည်။

# ငါးပါးသီလ အကျိုးအပြစ်များ

[ငါးပါးသီလအဆုံး၌ ရှေ့ကတိုင်ချပေးရန်]

## ပါဏာတိပါတကံ လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရခြင်း အကျိုးလင်္ကာ

က) သူ့အသက်ကို သိလျက်သားနဲ့
ဒေါသ စိတ်ထား သေစေလို။
လုံ့လပြုကာ သေအောင်သတ်က
ပါဏာတိပတ် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို။
လွတ်ပြန်လျှင်လည်း ရောဂါစွဲ ဆင်းရဲအသက်တို။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို။

(ခ) ပါဏာတိပတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင် ယိုယွင်း၊ လျင်ခြင်းလည်း ဝေး၊ ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခွေရုံပျက်၍၊ အသက်တိုလျာ၊ ပြစ်များစွာသည်၊ ရှောင်ကာ အပြန်အကျိုးတည်း။

## အဒိန္နာဒါနကံ လွန်ကျူးပြစ်လင်္ကာ

(က) သူ့ဥစ္စာကို သိလျက်သားနဲ့ လောဘစိတ်ထား ခိုးယူလို။
လုံ့လပြုကာ ခိုးယူမိတာ၊ အဒိန္နဒါန အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊ အပါယ်ငရဲကျမည်ဆို။
လွတ်ပြန်လျှင်လည်း ဥစ္စာမွဲ၊ ဆင်းရဲဖြစ်တိုင်းကိုယ်၊
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

(ခ) အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာလည်းမွဲ၊ ဆင်းရဲငတ်ဖို့၊
လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေးခံဆိုးနှင့်။
မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်
များလှသည်၊ ရှောင်ကာ အပြန်အကျိုးတည်း။ ။

## ကာမေသုမိစ္ဆာစာရကံ လွန်ကျူးပြစ်

(က) ရှောင်ရှားအပ်သူ မိန်းမများ၌၊
ရာဂစိတ်ထား ပေါင်းဖော်လို၊
ပုလထုတ်ကာ၊ ကျူးလွန်မိက၊
ကာမေသုတဲ့ အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို၊
လွတ်လာပြန်က၊ နပုံးပ၊ မိန် မဖြစ်တတ်သကို၊
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

(ခ) မိစ္ဆာစာရ၊ လွန်ကျူးကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏။
ဣတ္ထိ–ပဏ္ဍုကာ၊ မျိုးယုတ်ခါခါ၊
မျက်နှာမလှ၊ အရှက်ရလျက်
ရုပ်ပဋိဗြေ၊ ယွင်းသွေချို့သိမ့်၊ စိုးရိမ်များစွာ၊
ချစ်သူကွာသည်၊ ရှောင်ကာအပြန်အကျိုးတည်း။

## မုသာဝါဒကံ လွန်ကျူးပြစ်များ

(က) မဟုတ်မမှန် တဖက်သားကို၊ ချွတ်ယွင်းလှည့်စားမုသားဆို။
အဓိပ္ပာယ်ကို ထိုသူသိ၍၊ အကျိုးကိုယ်ထိ အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊ အပါယ်ငရဲကျမည်ဆို။
လွတ်ပြန်လျှင်လဲ၊ ပုပ်ညှီစွဲ၊ သွားကျဲနှုတ်ခမ်းတို၊
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို။

(ခ) မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊သွားမညီတည့်။
ပုပ်ညှီပါးစပ်၊ ခြောက်ကပ် ကိုယ်ရေ၊ ဣန္ဒြေ ယွင်းနှောက်၊ ရုပ်ဆင်း ဖောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လုပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန် အကျိုးတည်း။

## သုရာမေရက် လွန်ကျူးပြစ်များ

(က) မူးယစ်တတ်စွာ သေရည်များကို
မူးယစ်သောက်စား ဘိန်းရှူလို့။
ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းမို့
မကောင်းစင်စစ် အကုသိုလ်၊
လွန်ကျူးမိလျှင် ဘကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို
လွတ်လာပြန်ဦး လူမေ့မူး အရူးဖြစ်တိုင်းကိုယ်
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

(ခ) သေရည်သောက်လင့်၊ သင့်မသင့်ကို၊ ရေးခွင့်မသိ၊
ပျင်းရိမေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊
ခပင်းများကို၊ အကုသိုလ်ကို၊ မငြိုးလွယ်စွာ၊
ပြုကျင့်စွာသည်၊ ရောင်ကာအပြစ် အကျိုးတည်း။

## သီလအကျိုးနှင့်စပ် မြတ်ပုံ

(က) သီလရနံ့၊ မွှေးပြန့်ကြိုင်စွာ
သီလဆင်သိုင်း၊ ရှုတိုင်းလှပါ၊
သီလစောင့်ကြား၊ မလားပါယ်ရှာ၊
မြတ်သီလ စိတ်ချကိုကွယ်ရာ။ (မဟာစည်ဆရာတော်)

(ခ) လေးစားအပ်ငြား၊ သီလငါး၊ တရားဂရုခေါ်။
သတ်, ခိုး, ကာမ၊ လိမ်, မူးကြူး၊ ငါးပါးရှောင်ခဲ့သော်၊
မိုးလေမှန်လျက်၊ ရန်မျိုးပျက်၊ တိုးတက်ကောင်းကျိုး
ပေါ်။

(ဂ) ဟို ရှေးကာလ၊ မြတ်ဗုဒ္ဓ၊ ထုတ်ဟ ဤဓာတ်တော်၊
ရှုပ်ကြ ပွေကြ၊ တာလိင်၊ ငတ်ကြပြတ်ကြသော်၊
ကုရုတိုင်းက၊ သာယာလှ၊ မေးကြ ကျင့်ဝတ်တော်၊
ပဥ္စသီဖူး၊ အကျင့်ထူး၊ ကြည်နူး ကြရသော်။
မြတ်သောအပြု၊ အလေးထု၊ ဂရုစမ္မခေါ်။
သာယာဝပြော ကျင့်သူပေါ၊ သဘောပြည့်ဝလျှော်။

(ဃ) ခန္ဓာရှိက၊ စောင့်လိုက်ကြ၊ ဒါမှ သီလရ။
တချို့များတော့၊ မစောင့်ချင်၊ အလှတပြင်ပြင်။
အလှရှင်၊ သေလို့သွား၊ သီလ မပါသွား။
သီလမပါ၊ အပါယ်ရွာ၊ ရောက်မှာ သတိထား။
ဤငါးပါးသီလ အဆင်းတန်ဆာသည်
ငယ်ရွယ်စဉ်ကလည်း တင့်တယ်၊
အလယ်အရွယ်၌လည်း ရှုမငြီး၊
အရွယ်ကြီးသူနှင့်လည်း လိုက်ဖက်၊

တစ်သက်ပတ်လုံး ပန်ဆင်၍ တင့်တယ်ပြီး
ရှုမငြီးကာ၊ လိုက်ဖက်၍ မဆုံးဘဲ ရှိပါသည်။
ဟူ၍ ရှေးဆရာမြတ်တို့ ချီးကျူးအမွှန်းတင်ကြပါသည်။

## ရှစ်ပါးသီလတောင်းပါဠိ

(က) အဟံ ဘန္တေ (နိဗ္ဗာနံ ပစ္စယော ဟောတု) တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ခ) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဂ) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## မြန်မာပြန်

(က) အရှင်ဘုရား...တပည့်တော်သည် [မဂ်, ဖိုလ်, နိဗ္ဗာန်ကို လိုလားတောင့်တပါ၍] သရဏဂုံသုံးပါးနှင့် တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလ တရားတော်

မြတ်ကို တောင်းပန်ပါ၏။ ဘုရားတပည့်တော်အား ချီးမြှောက်သမှု အကြောင်းပြု၍ သရဏဂုံသီလ တရားတော်မြတ်ကို ပေးသနားတော်မူကြပါကုန် အရှင်ဘုရား။

(ခ) နှစ်ကြိမ်မြောက်လည်း အရှင်ဘုရား... တပည့်တော်သည် (လ) အရှင်ဘုရား။

(ဂ) သုံးကြိမ်မြောက်လည်း အရှင်ဘုရား... တပည့်တော်သည် (လ) အရှင်ဘုရား။

**သံဃာတော်** = ယ မဟံ ဝဒါမိ၊ တံ ဝဒေထ။

**လူများမှ** = အာမ ဘန္တေပါ အရှင်ဘုရား။

**ဘုရားရှိခိုး** = **နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**။ [သံဃာတော်မှ တစ်ခေါက်၊ လူများမှ သုံးခေါက်ဆို]

**အနက်** = အရဟတော– တစ်ထောင့်ငါးရာ ကိလေသာဝါသနာ ဓလေ့ အထုံအငွေ့တို့ကို အကြွင်းမဲ့ ပယ်သတ်သောကြောင့် သန့်ရှင်းစင်ကြယ်တော်မူထသော၊ သမ္မာသမ္ဗုဒ္ဓဿ–မဖောက်မပြန် ကိုယ်တိုင်သာ အလုံးစုံသောတရားများကို အကုန်အစဉ် သိတော်မူထသော၊

တဿ ဘဂဝတော–ဘုန်းတော်ခြောက်စုံ ဘဃဂုဏ်နှင့်
ပြည့်စုံတော်မူသော ထိုဘုရားရှင်အား၊ နမော– ရှိသေ
မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။
[ဘုရားရှိခိုးအဓိပ္ပာယ်သိရန် အနက်ပေးသည်]

## သရဏဂုံဆောက်တည်ပုံပါဌ်

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
(ခ) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊
(ဂ) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

### သရဏဂုံအနက်

(က) ဗုဒ္ဓံ– သစ္စာလေးတန်တရားမှန်ကို ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် သုံးပါးဖြင့် ဧကန်သိမြင် ဘုရား

ရှင်ကို၊ သရဏံ–ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာဟူ၍ (ဝါ) ဘေးရန်ပယ်ဖျောက် ချမ်းသာရောက် အောင် ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာ ဟူ၍၊ ဂစ္ဆာမိ–မှီဝဲဆည်းကပ်ပါ၏၊ အားကိုးပါ၏၊ သိမှတ်ပါ၏။

(ခ) ဓမ္မံ– မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ–ကိုးကွယ် လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍၊ (ဝါ)ဘေးရန် ပယ်ဖျောက် ချမ်းသာရောက်အောင် ကိုးကွယ်လည်း လျောင်း ပုန်းအောင်းမှီခိုရာဟူ၍၊ ဂစ္ဆာမိ–မှီဝဲဆည်း ကပ်ပါ၏၊ အားကိုးပါ၏၊ သိမှတ်ပါ၏။

(ဂ) သံဃံ– ကိလေသာ အာသဝေါ ကုန်ခန်းပြီး ကုန်ခန်း ဆဲဖြစ်သော ရှစ်ပါးသော အရိယာသံဃာတော်မြတ် အပေါင်းကို၊ သရဏံ–ကိုးကွယ်လည်းလျောင်း၊ ပုန်း အောင်းမှီခိုရာဟူ၍၊ ဂစ္ဆာမိ–ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်အောင် ကိုးကွယ်လည်းလျောင်း ပုန်း အောင်းမှီခိုရာဟူ၍၊ (ဝါ)–မှီဝဲဆည်းကပ်ပါ၏၊ အားကိုးပါ၏၊ သိမှတ်ပါ၏၊

**သံဃာတော်** – သရဏ ဂမနံ ပရိပုဏ္ဏံ–

**လူများ** – အာမဘန္တေပါ အရှင်ဘုရား။

## ရှစ်ပါးသီလ သိက္ခာပုဒ်ပါဠိ

**၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**

**၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**

**၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**

[မေထုန်အကျင့်လည်း၊ မကျင့်ဘဲ၊ အမြဲရှောင်ကြဉ်မည်]

**မြန်မာ** = တပည့်တော်သည် မမြတ်သော မေထုန်အကျင့်ကို ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏။ ခံယူပါ၏၊ ကျင့်သုံး ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

နေ့လွဲစာလည်း၊ မစားဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ** = တပည့်တော်သည် နေ့လွဲညစာ, စားသောက်ခြင်း မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

၇။ **နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန, မာလာဂန္ဓ ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။**

**ဆောင်** = ကခြင်း, သီခြင်း, တီးမှုတ်ခြင်းလည်း၊ မပြုဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ** = တပည့်တော်သည် ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပြစ်တို့ဖြင့် အပြေအပြစ် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

၈။ **ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

**ဆောင်** = မြင့်မြတ်နေရာလည်း၊ မနေဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ** = မြင့်သောနေရာ, မြတ်သောနေရာတို့၌ နေထိုင်အိပ်စက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏ ခံယူပါ၏၊ ကျင့်သုံးပါ၏။ [၁-၂-၄-၅ သိက္ခာပုဒ်များမှာ ၅ ပါးသီလ မြန်မာပြန်နှင့်တူ၏]

**သံဃာတော်** = တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစဓ၊ ကတ္ဝာ, အပ္ပမာဒေန, သမ္ပာဒေထ။

**လူများမှ** = အာမ ဘန္တေ ပါ အရှင်ဘုရား။

**[မှတ်ချက်]** စေတီတော်ရှေ့၊ ဘုရားရှေ့မှာ သီလခံယူလျှင် (သံဃာဆိုရန်ကို မဆိုဘဲ) အာမ ဘန္တေ ပါ ဘုရားဟု ဆိုပါ။

## ကိုးပါးသီလတောင်းပါဌ်

(က) အဟံ ဘန္တေ (နိဗ္ဗာနံ ပတ္တုယိတ္ဝာ) တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။ (အင်္ဂါကိုးပါး နှင့် ပြည့်စုံသောသာ ထူး၏။)

(ခ) ဒုတိယမ္ပိ အဟံ ဘန္တေ၊

(ဂ) တတိယမ္ပိ အဟံ ဘန္တေ၊

**သံဃာတော်** = ယ မဟံ ဝဒါမိ၊ တံ ဝဒေထ၊

**လူများမှ** = အာမ ဘန္တေ ... ပါ အရှင်ဘုရား။

[နမော တဿနှင့် သရဏဂုံသုံးပါး တူပြီ]

## ကိုးပါးသီလသိက္ခာပုဒ်

### [၁ မှ ၈ အထိ ရှစ်ပါးသီလနှင့် တူ၏]

၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

**မြန်မာ** = မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် အလုံးစုံသော သတ္တဝါတို့အပေါ်၌ ပျံ့နှံ့၍ နေထိုင်ခြင်းကို ကောင်းစွာ ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏၊ (အရှင်ဘုရား)။

**မှတ်ချက်** = ရှေးပညာရှိများက ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး မေတ္တာဘာဝနာ ပွားများပါက ကိုးပါးသီလ ဆောက်တည်သည် မည်၏ဟု မိန့်ဆိုကြပါသည်။

## ဆယ်ပါးသီလ ခံယူဆောက်တည်ပုံ

### ဆယ်ပါးသီလတောင်းပါဠိ

(က) **အဟံ ဘန္တေ (နိဗ္ဗာနံ ပတ္တုယိတွာ) တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

(ခ) **ဒုတိယမ္ပိ**

(ဂ) **တတိယမ္ပိ** ဆက်ဆိုပါ။ [ဒသဂဟဋ္ဌ သီလံ–လူတို့၏ ဆယ်ပါးသီလဖြစ်သော] ဟုသာ ထူး၏
[နမော တဿ ဘုရားရှိခိုး၊ သရဏဂုံ ၃ ပါး ပါဠိနှင့် သိက္ခာပုဒ် ၁ မှ ၆ ထိ ရှစ်ပါးသီလနှင့်တူ၏]

၇။ **နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

၈။ **မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**
နံ့သာလိမ်းခြင်းလည်း၊ မပြုဘဲ၊ အမြဲရှောင်ကြဉ်မည်။

၉။ **ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

၁၀။ **ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

**ဆောင်** = ရွှေ -ငွေ ကိုလည်း၊ မခံဘဲ၊ အမြဲရှောင်ကြဉ်မည်။

**မြန်မာ** = ၁၀။ တပည့်တော်သည် ရွှေ ငွေ [ဒင်္ဂါးပိုက်ဆံ] ကိုင်ခြင်း၊ ခံယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော

သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

## အာဇီဝဋ္ဌမက သီလဆောက်တည်ပုံ

## သီလတောင်းပါဠိ

(က) အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမက သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ခ) ဒုတိယမ္ပိ အဟံ ဘန္တေ (ပ) တတိယမ္ပိ အဟံ ဘန္တေ (ငါးပါးသီလတောင်း တိုင်း ဆိုပါ)

[နမော တဿ ဘုရားရှိခိုးနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်တို့ကိုလည်း ဆိုပါ]

## အာဇီဝဋ္ဌမက သီလဆောက်တည်ရန် ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

**၅။ ပိသုဏာဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

[ဂုံးတိုက်စကားလည်း၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်]

**မြန်မာ** = တပည့်တော်သည် ချစ်သူနှစ်ဦးကွဲသွားအောင် ချောပစ် ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

**၆။ ဖရုသဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

[ဆဲဆိုကြိမ်းမောင်းမှုလဲ၊ မပြုဘဲ၊ အမြဲရှောင်ကြဉ်မည်]

**မြန်မာ** = အယုတ်တမာ ဆဲဆိုကြိမ်းမောင်းခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

**၇။ သမ္ဖပ္ပလာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

[ပြိန်ဖြင်း စကားလဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်]

**မြန်မာ** = ပြိန်ဖြင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏၊

၈။ **မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

[ယုတ်ယုတ်မာမာ၊ သက်မွေးမှုလဲ၊ မပြုဘဲ၊ အမြဲရှောင်ကြဉ်မည်]

**မြန်မာ** = ယုတ်မာသော အသက်မွေးမှုမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏၊

[ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါးကို လုံခြုံပြီး သူသည် အသက်မွေးဝမ်းကြောင်းနှင့်ဆိုင်သော အရောင်းအဝယ် အလုပ်အကိုင်များလည်း စင်ကြယ်ပါမူ အာဇီဝဋ္ဌမက သီလ ဆောက်တည်သည် ဖြစ်စေ မဆောက်တည်သည်ဖြစ်စေ၊ အမြဲလုံခြုံနေပါသည်]

**ရဟန်းတော်** = တိသရဏေန သဟ အာဇီဝဋ္ဌမက သီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**လူများမှ** = အာမ ဘန္တေ ပါ အရှင်ဘုရား။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ဋီကာ၌ ဖွင့်ဆိုထားသည်]

## (က)ကောမာရဗြဟ္မစရိယ သီလ ဆောက်တည်ပုံ
## [အမျိုးသားအတွက်]
## (ခ) ကောမာရီဗြဟ္မစရိယ သီလဆောက်တည်ပုံ
## [အမျိုးသမီးအတွက်]

### သီလတောင်းပါဠိ

(က) **အဟံ ဘန္တေ တိသရဏေန သဟ ကောမာရဗြဟ္မစရိယ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

(ခ) **ဒုတိယမ္ပိ (ဆက်ဆိုပါ)**

(ဂ) **တတိယမ္ပိ**

**(မြန်မာ)**(က) အရှင်ဘုရား... တပည့်တော်/တပည့်တော်မသည် သရဏဂုံသုံးပါးနှင့်တကွ ငယ်သွေးငယ်မှုဖြူစင်သူတို့၏ မြတ်သော အကျင့်သီလတရားတော်မြတ်ကို တောင်းပန်ပါ၏၊ တပည့်တော်အား ချီးမြှောက်သမှုအကြောင်း ပြု၍ သီလ ပေးသနားတော်မူကြပါကုန်ဘုရား။

(ခ) နှစ်ကြိမ်မြောက်လည်း

(ဂ) သုံးကြိမ်မြောက်လည်း ဆက်ဆိုပါ။

## ကောမာရဗြဟ္မစရိယ

ကဿပ ဘုရားရှင် လက်ထက်တော်၌ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရီ၊ ဓမ္မဒိန္နာ၊ ကုဏ္ဍလကေသီ၊ ကိသာဂေါတမီ၊ ဝိသာခါတို့၏ အလောင်းအလျာများဖြစ်ကြသော ညီမ (၇)ဖော် ကိကိမင်းကြီး၏ သမီးတော်တို့သည် ငယ်စဉ်ကပင် အနှစ် (၂) သောင်းတိုင်အောင် ငယ်သွေးငယ်မူဖြူဖြူစင်စင် ဤသိက္ခာပုဒ်ကို စောင့်သုံးလျက် အသက်ထက်ဆုံး နေခဲ့ကြလေသည်။ ဤအကျင့်ကို အမျိုး သမီးများ၌ "ကောမာရီဗြဟ္မစာရိယ"ဟု ခေါ်ဆို၍ ယောကျာ်းများအတွက် "ကောမာရဗြဟ္မစရိယ"ဟု ခေါ်ပါသည်။

**[အထူးမှာ]** ဤသီလသည် မေထုန်အကျင့် မှ ရှောင်ကြဉ်ပြီးဆောက်တည်ရသော [အဗြဟ္မစရိယ သိက္ခာပုဒ်ကို ရှောင်ကြဉ်ခြင်း] သီလပင်တည်း။

[မိန်းမ+ယောကျာ်း နှစ်ဦးသားတို့၏ ပျော်မြူးပေါင်းဖက်ဆက်ဆံခြင်းကို မမြတ်သော မေထုန်အကျင့်ဟု ခေါ်သည်]

[နမော တဿ ဘုရားရှိခိုးနှင့် သရဏဂုံတို့ကို ငါးပါးသီလကဲ့သို့ပင် ဆိုပါ]

## ကောမာရဗြဟ္မစရိယ သီလသိက္ခာပုဒ်ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

## ငါးပါးသီလနှင့် ကောမာရဗြဟ္မစရိယ အထူး

(က) ငါးပါးသီလမှာ မိမိတို့၏ မယား, လင်ယောကျ်ားများနှင့် မေထုန်အမှုကို ပြုကျင့်ခွင့် ပြုထား၏။
(ခ) ကောမာရဗြဟ္မစရိယ သီလမှာ မေထုန်အမှုကို လုံးဝရှောင်ကြဉ်ရပါမည်၊ ဤသို့ထူး၏။
[အပျိုကြီး အမျိုးသမီးများအတွက် ဖြစ်သည်]

## ဘုရားဝတ်တက်ပုံ အစီအစဉ်

ဘုရားဝတ်မတက်မီ ဘုရားရှိမခိုးမီ ကိုယ်လက် သုတ်သင်သန့်ရှင်းစေပြီး ရှေးဦးစွာ ထိခြင်းငါးပါးနှင့်အညီ ဦး (၃) ကြိမ်ချပြီးလျှင် (၁)အစိန္တေယျ ဘုရားရှိခိုး (၂) ဩကာသ ကန်တော့ ကျိုး ရွတ်ဆိုပြီးလျှင် (၃) ငါးပါး သီလ ပါဠိလိုခံယူ

ဆောက်တည်ကာ (၄) ဆွမ်း၊ ၈၂, ရေကပ်, ပန်း, ဆီမီးကပ် ပူဇော်ပါ (၅) ဘုရားဂုဏ်တော် ၉–ပါး၊ တရားဂုဏ်တော် ၆–ပါး၊ သံဃာဂုဏ်တော် ၉–ပါး၊ ပါဠိလိုရွတ်ဆို၍ (၆) မင်းကွန်းတိပိဋကဆရာတော်ကြီး မေတ္တာပို့ (က) (ခ) တို့ကို ရွတ်ဆိုပွားများကာ (၇) ရတနာမြတ်သုံးပါး ကျင့်ဝတ်ဖြင့် ပါဠိ–မြန်မာ ရွတ်ဆို ပူဇော်ပါ၊ (၈) ဆုတောင်းပါဠိ–မြန်မာ ရွတ်ဆိုပါ၊ (၉) အမျှပေးဝေပါ။ ဤ ၉–မျိုးဖြင့် နေ့စဉ် ဘုရားဝတ်တက်ခြင်း ဘုရားရှိခိုးခြင်းများကို ပြုလုပ်ပါလျှင် ဗုဒ္ဓဘာသာဝင် သူတော်စင်ကောင်းတစ်ဦး ဖြစ်လာမည်မှာ မလွဲပါ၊ အပါယ်ဘေးမှ ကင်းလွတ်ပြီး လူချမ်းသာ၊ နတ်ချမ်းသာ, အဖုံဖုံကို ရရှိခံစားနိုင်ပါသည်။

## ဘုရားဂုဏ်တော် ၉-ပါး ပါဠိ

**(၁) ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါ။**

## ဘုရားဂုဏ်တော် ၉-ပါး ပါဠိ-ကဗျာ

ဘုရားဂုဏ်တော် သေချာမှတ်ဖို့ ကဗျာစပ်လို့ဆိုကြမယ်၊

၁။ **ဣတိပိ သော ဘဂဝါ**

**အရဟံ** = ကိလေသာတွေ ကင်းစင်ပြတ်လို့ လူနတ်ပြဟ္မာ ပူဇော်တယ်။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** = တရားလုံးစုံ ကိုယ်တိုင်သိလို့ ဆရာမရှိသူ ဖြစ်ပါတယ်။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော** = ထူးတဲ့ အသိဉာဏ် အကျင့်မှန်များလည်း ကောင်းစွာထင်ရှား ပြည့်စုံတယ်။

၄။ **သုဂတော** = ကောင်းတဲ့စကားကို မိန့်ဆိုတတ်လို့ နိဗ္ဗာန်မြတ်သို့ သွားကြတယ်။

၅။ **လောကဝိဒူ** = သတ္တ, သင်္ခါ, ဩကာသတဲ့ လောကသုံးပါး သိမြင်တယ်။

၆။ **အနုတ္တရော ပုရိသ ဒမ္မသာရထိ** = မယဉ်ကျေးသူကို ယဉ်ကျေး အောင်ပြုတဲ့ ဆုံးမမှုမှာသာ လွန်တယ်။

၇။ **သတ္ထာ ဒေဝမနုဿာနံ** = လူ, နတ်, ပြဟ္မာ သတ္တဝါများရဲ့ ဆရာထင်ရှား ဖြစ်ပါတယ်။

၈။ **ဗုဒ္ဓေါ** = လေးပါးသစ္စာ စိတ်ဖြာသိတဲ့ ဉာဏ်မြင် ရှိသူ ဖြစ်ပါတယ်။

၉။ **ဘဂဝါ** = ဘုန်းတော်ခြောက်စုံ ဂုဏ်တော်မြတ်နဲ့ တစ်စပ်မလပ် ပြည့်စုံတယ်၊ ဘုရားဂုဏ်တော် ၉-ဖြာပဲကွဲ့ အသဲစွဲအောင် မှတ်ကြကွယ်၊ [မှတ်ကွယ်-မှတ်ကွယ်]

**မှတ်ချက်။** ။ တစ်ဦးက ဂုဏ်တော်ပါဠိကို တိုင်ပေး၍ အများက ကဗျာရွတ်ဆိုရမည်။

## တရားဂုဏ်တော် ၆-ပါး ပါဠိ

(၂) **သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။**

## တရားဂုဏ်တော် ၆-ပါး၊ (ပါဠိ+ မြန်မာကဗျာ)

တရားဂုဏ်တော် သေချာမှတ်ဖို့ ကဗျာစပ်လို့ ဆိုကြမယ်။

၁။ **သွာက္ခာတော ဘဂဝတာ ဓမ္မော** = စလယ်ဆုံးမှာ ကောင်းစွာဟောလို့ တရားတော်မြတ် ခိုင်မာတယ်၊

၂။ **သန္ဒိဋ္ဌိကော** = ကိုယ်တိုင်သိရင် ကိုယ်တိုင်သိလို့ မိမိရရ သေချာတယ်၊

၃။ **အကာလိကော** = အခုကျင့်ရင် အခုထူးလို့ အကျိုးကျေးဇူး မြန်ဆန်တယ်၊

၄။ **ဧဟိပဿိကော** = လာပါ ကြည့်ပါ ဖိတ်ခေါ်အပ်လို့ စမ်းသပ်ခံကြောင်း ကြေငြာတယ်။

၅။ **ဩပနေယျိကော** = ကိုယ်နဲ့စိတ်မှာ မြဲဆောင်အပ်လို့ ထပ်ကြပ်မကွာ အားထားဖွယ်၊

၆။ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** = ပညာရှိသူ အရိယာများတို့ ကိုယ်စီသိလို့ ခံစားတယ်။

တရားဂုဏ်တော် ၆ ဖြာပဲကွယ် အသဲစွဲအောင် မှတ်ကြကွယ် (မှတ်ကွယ်၊ မှတ်ကွယ်)

## သံဃာ့ဂုဏ်တော် ၉-ပါး ပါဠိ

(၃) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊

**အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညခေတ္တံ လောကဿ။**

## သံဃဂုဏ်တော် ၉-ပါး (ပါဠိ + ကဗျာ)

သံဃာ့ဂုဏ်တော် သေချာမှတ်ဖို့ ကဗျာစပ်လို့ ဆိုကြမယ်။

၁။ **သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော** = ကောင်းကောင်းမွန်မွန် ကျင့်ကြံကြတဲ့ ဘုရားသားတော် ဖြစ်ပါတယ်။

၂။ **ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**= ဖြောင့်ဖြောင့်မှန်မှန် ကျင့်ကြံကြတဲ့ ဘုရားသားတော် ဖြစ်ပါတယ်။

၃။ **ဉာယပဋိပန္နော ဘဂဝတော သာဝကသံဃော**= နိဗ္ဗာန်ရည်သံ ကျင့်ကြံကြတဲ့၊ ဘုရားသားတော် ဖြစ်ပါတယ်။

၄။ **သာမိစိပဋိပန္နော ဘဂဝတော သာဝကသံဃော** = ရိုသေထိုက်အောင် ကျင့်ကြံကြတဲ့ ဘုရားသားတော် ဖြစ်ပါတယ်။

**ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော** = မဂ် ဖိုလ် လေးစုံ၊ ရှစ်ပုံပြားတဲ့ ဘုရားသားတော် အရိယာကွယ်။

၅။ **အာဟုနေယျော** = ရပ်ဝေးသယ်လာ ဥစ္စာများကို ဦးဦးဖျားဖျား ခံထိုက်တယ်။

၆။ **ပါဟုနေယျော** = ဧည့်သည်ဖို့ရာ ဥစ္စာများကို၊ ဦးဦးဖျားဖျား ခံထိုက်တယ်။

၇။ **ဒက္ခိဏေယျော** = နောင်ဖို့လှူရာ ဥစ္စာများကို ဦးဦးဖျားဖျား ခံထိုက်တယ်။

၈။ **အဉ္ဇလိကရဏီယော** = ရှိခိုးပူဇော် ဖူးမြော်အထူးကို ဦးဦးဖျားဖျား ခံထိုက်တယ်။

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** = လူနတ်ဗြဟ္မာ ကောင်းမှုမျိုးကို အပျိုးထိုက်ဆုံး လယ်ယာမြေ။ [သံဃာ့ဂုဏ်တော် ၉ ဖြာပဲကွယ့်၊ အသဲစွဲအောင် မှတ်ကြကွယ်၊ မှတ်ကွယ်၊ မှတ်ကွယ်]

## ဘုရားဖူးကြစို့ ကဗျာ

(က) သုံးလူထွဋ်ထား၊ မြတ်ဘုရားကို၊
အာ ရ ပါ ရ ရှိခိုး မယ်။

လူ, နတ်, ဗြဟ္မာ၊ အကျိုးများဖို့၊
ငါတို့ဘုရား ပွင့်ပေါ်တယ်။
အားကိုးကြည်ညို၊ မှီခိုတတ်ရင်၊
အမြတ်ကောင်းကျိုး ဖြိုးဝေတယ်။
ဖူးမြင်ဦးချ၊ ပူဇော်ကြလို့၊
စိတ်က ဂုဏ်တော် မှန်းဆရှယ်၊
ရုပ်ပုံလည်း ထင်၊ ဂုဏ်လည်း မြင်၊
ကြည်လင်စိတ်ဝမ်း ချမ်းမြတယ်၊
မှန်းဆရှယ်၊ (ဖူးမယ်၊ ဖူးမယ်)။

## တရားကျင့်ကြစို့ ကဗျာ

(ခ) ကောင်းကျိုးပေးတတ်၊ တရားမြတ်ကို
မပြတ်နေ့စဉ် ရှိခိုးမယ်
လူ, နတ်, ဗြဟ္မာ၊ ချမ်းသာရေးမို့
ငါတို့ဘုရား ဟောပေးတယ်၊
သင်သိ တွေးသိ၊ သေချာသိဖို့၊
လေ့လာကြည့်ဖို့၊ ကောင်းလှတယ်၊
ကြောင်းကျိုးဆက်စပ်၊ လောကဓာတ်၊
မပြတ်သံသရာ ခေါ်ရတယ်၊

မကောင်းတာ သိ၊ ကောင်းတာရှိ၊
တရားရှိဖို့ ကျင့်ပါမယ်
ရှိဖွယ် ကျင့်မယ် ကျင့်မယ်။

## သံဃာ ကြည်ညိုကြပါစို့ ကဗျာ

(၈) ဗုဒ္ဓသားရင်း၊ သံဃာများကို၊
ကြည်ညိုအားထား ရှိခိုးမယ်၊
မျိုးစေ့ကုသိုလ်၊ တို့စိုက်ပျိုးရင်
ကောင်းကျိုးဖွံ့ဖြိုးရစေတယ်၊
ဘေးရန်အန္တရာယ်၊ ဉာဏ်မြင်ကြောက်လို့
တောက်လျှောက်မနား ကြိုးစားတယ်
စိတ်ဓာတ်ကောင်းတွေ အားအင်ရှိလို့
အများအသိ ညီညွတ်တယ်
ကြည်ညိုသက်ဝင် အသိယှဉ်ပြီးတော့
နေ့စဉ်မပြတ် ဦးချမယ်
ဖူးကြကွယ်၊ ထူးတယ်၊ ထူးတယ်။

## အနန္တငါးပါး ဘုရားရှိခိုး

၁။ **ဗုဒ္ဓဂုဏော၊ အနန္တောဟု** ကျော်ဇောထင်ရှား၊ သုံးပါး ရုပ်သူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်မင်္ဂင်၊ သဗ္ဗာယာဉ်ဖြင့် ကယ်တင်ဆောင်ယူ ပို့တော်မူသည့်၊ နတ်လူတို့ထိပ် ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ– ရှိခိုးပါ၏ အရှင်ဘုရား။

၂။ **ဓမ္မဂုဏော–အနန္တောဟု၊** တည်သောကမ္ဘာ၊ သတ္တဝါ လူ, နတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာ နှင့်၊ တဏှာသံယော၊ ကိလေသောမှ၊ ဆေးကြော သုတ်သင်၊ မြူမတင်အောင်၊ ရောင်ကြဉ်ပေတတ်၊ တရားမြတ်ကို၊ အဟ–အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ– ရှိခိုပါ၏ အရှင်ဘုရား။

၃။ **သံဃဂုဏော အနန္တောဟု၊** လောဘ ဒေါသ၊ မောဟ ကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ် ဖိုလ် နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာ

တော်တို့၊ ဂုဏ်တော်ကြီးစွာ၊ အနန္တကို၊ အဟံ–အကျွန်ုပ် သည်၊ ဝန္ဒေ ဝန္ဒာမိ–ရှိခိုးပါ၏ အရှင်ဘုရား။

၄။ **မာတာပိတုဂုဏော– အနန္တောဟု**၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဖတို့၊ ရေကြည် ကလလ၊ တည်ဦးစ က၊ ဟာရဘောဇဉ်၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ် စွာဖြင့်၊ အစာစိမ့်အေး၊ နို့ချိုပေး၍၊ မွေးသည့်မိခင်၊ ကျွေးဖခင်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ– ရှိခိုးပါ၏ အရှင်ဘုရား။

၅။ **အာစရိယဂုဏော၊ အနန္တောဟု**၊ မိန့်ဟောအရ၊ ကောက် ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေ ကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်း ရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများ စွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ် အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာ ကို၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြညွှန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ– ရှိခိုးပါ၏ အရှင်ဘုရား။ [ကျက်ထားရန်]

# မေတ္တာဘာဝနာပွားများပုံ

## မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏

## (က) ဒိသာဖရဏာ မေတ္တာပွားနည်း

၁။ အရှေ့အရပ်၌ရှိသော အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့-

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၂။ အနောက်အရပ်၌ရှိသော အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့-

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၃။ မြောက်အရပ်၌ရှိသော အနန္တ စကြာဝဠာ အနန္တ သတ္တဝါတို့-

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၄။ တောင်အရပ်၌ရှိသော အနန္တ စကြာဝဠာ အနန္တ သတ္တဝါတို့-

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၅။ အရှေ့တောင်ထောင့် အရပ်၌ရှိသော အနန္တ စကြာဝဠာ အနန္တ သတ္တဝါတို့-

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၆။ အနောက်မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့–

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၇။ အနောက်မြောက်ထောင့် အရပ်၌ရှိသော အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့–

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၈။ အနောက်တောင်ထောင့် အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့–

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၉။ အောက်အရပ်၌ရှိသော အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့–

ဘက်ဝန်ကျင် အပါယ်ဘုံသား

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။
(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြာဝဠာ အနန္တ နတ်ဗြဟ္မာတို့ –

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
(ခ) ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ။
(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

## (ခ) မေတ္တသုတ်လာ မေတ္တာပွားနည်း ၁၁-နည်း

### [သဗ္ဗသင်္ဂါဟက မေတ္တာ ၁–နည်း]

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေး ကြပါစေ။

### [ဒုကမေတ္တာဘာဝနာ ၄ နည်း]

၂။ ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊
သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါချမ်းသာ
ကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေး ကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ ချမ်းသာ
ကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

## [တိကမေတ္တာဘာဝနာ ၃–နည်း]

၆။ ရှည်, တို, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၇။ ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ် စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၈။ ဆူ, ကြုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

## အပဟိတာပနယန မေတ္တာဘာဝနာ ၃–နည်း

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်း ကြပါစေ။
၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်း ကြပါစေ။
၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်း ကြပါစေ။

**မှတ်ချက်။** ။ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး** ဟောကြားတော်မူအပ်သော (က) ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ "ဒိသာဖရဏမေတ္တာ" ခေါ် အရပ် ၁၀–မျက်နှာ ဖြန့်ဝေသော မေတ္တာပွားနည်းဖြစ်၏။ မျက်စိကို မှိတ်၍ဖြစ်စေ (သို့မဟုတ်) မျက်လွှာချ၍ဖြစ်စေ အရပ် (၁၀) မျက်နှာ အာရုံပြုပြီး မေတ္တာကို ဖြန့်ဝေပွားများ ရွတ်ဆိုရပါမည်။ (ခ) မေတ္တသုတ်လာ မေတ္တာဘာဝနာ ပွားနည်း (၁၁)နည်းဖြစ်၏။ မျက်စိကိုမှိတ်၍ဖြစ်စေ၊ (သို့မဟုတ်)မျက်လွှာကို ချ၍ဖြစ်စေ သတ္တဝါများအပေါ် အာရုံပြုပြီး မေတ္တာကို ဖြန့်ဝေပွားများ ရွတ်ဆိုရပါမည်။

## ရတနာမြတ်သုံးပါးတို့ကို ကျင့်ဝတ်ဖြင့် ပူဇော်နည်း

၁။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊

၂။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊

၃။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ၊

၁။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ–ဤလောကုတ္တရာ ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ ပူဇေမိ–ပူဇော်ပါ၏အရှင်ဘုရား။

၂။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ–ဤလောကုတ္တရာ ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဓမ္မံ–တရားတော်မြတ်ကို၊ ပူဇေမိ–ပူဇော်ပါ၏အရှင်ဘုရား။

၃။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ–ဤလောကုတ္တရာ ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ သံဃံ–သံဃာတော်မြတ်ကို၊ ပူဇေမိ–ပူဇော်ပါ၏အရှင်ဘုရား။

### ဆုတောင်းရန်

၁။ အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိဇရာ ဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ။

၂။ ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု၊

၃။ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

၁။ ဣမာယ ပဋိပတ္တိယာ–ဤကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဇာတိ ဇရာ ဗျာဓိမရဏာမှာ–ပဋိသန္ဓေနေခြင်း, အိုခြင်း,နာခြင်း၊ သေခြင်းဟူသော ဆင်းရဲပေါင်းမှ၊ အဒ္ဓါ– မချွတ်၊ ပရိမုစ္စိဿာမိ–ကင်းလွတ်ရပါလို၏ အရှင်ဘုရား။

၂။ မေ–အကျွန်ုပ်၏၊ ဣဒံ ပုညံ–ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ– အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည် ဟောတု–ဖြစ်ပါစေသတည်း။

၃။ မေ–အကျွန်ုပ်၏၊ ဣဒံ ပုညံ–ဤကောင်းမှုသည်၊ နိဗ္ဗာနဿ–နိဗ္ဗာန်၏၊ ဝါ–နိဗ္ဗာန်သို့၊ ပစ္စယော– ရောက်ရာရောက်ကြောင်း အထောက်အပံ့ကောင်းသည်၊ ဟောဟု– ဖြစ်ပါစေသတည်း။

## အမျှဝေရန်

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင့်မိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရကြပါစေ၊ အမျှဝေ၏၊ မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊

ပေးဝေငှ၏၊ မိတ္တာဆွေညာ၊ ဆရာသမား၊ ဘိုးဘွားက စ၊ ယမရာဇာ၊ ဒေဝါရက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုညာ၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏၊ သဗ္ဗေသတ္တာ၊ သတ္တာဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဌီတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြင်ဖြစ်သမျှ၊ ဝေနေယျအာ၊ အမျှကုသိုလ်၊ ပေးဝေလို၏၊ ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည်ဖြစ်စေသော်၊ ဝသုန္ဒရေ၊ ဤမြေပံသု၊ သီလာထုလည်း၊ သက်သေအမှု တည်စေသော်။

မိဘ, ဘိုးဘွား, ဆရာသမား အစထား၍ အမျှအမျှ အမျှ ယူတော်မူကြပါ၊ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့...

သာဓု...သာဓု...သာဓု

မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ အစထား၍ အမျှအမျှ အမျှ ယူတော်မူကြပါ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့...

သာဓု...သာဓု...သာဓု

မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ အစထား၍ အမျှအမျှ အမျှ ယူတော်မူကြပါ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့...

သာဓု...သာဓု...သာဓု

## မေတ္တာအကျိုး ၁၁-မျိုး

(က) အိပ်, နိုး ချမ်းသာ၊ ကောင်းစွာ, အိပ်မက်၊ ချစ်လျက် လူ, နတ်၊ စောင့်လတ် နတ်များ၊ မီးဆိပ် ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာ စိတ်တည်၊ ရွှင်ကြည် မျက်နှာ၊ သေခါ မတွေ၊ လားလေ ဗြဟ္မာ၊ ဆယ့် တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။ [ကောဒသ အင်္ဂုတ္တရပါဠိတော် ၃-၆၄၂] မေတ္တာသုတ် ဆဋ္ဌ-၅၄၂

(၁) ချမ်းသာစွာ အိပ်ရခြင်း၊

(၂) ချမ်းသာစွာ နိုးရခြင်း၊

(၃) မကောင်းသော အိပ်မက် မမြင်မက်ခြင်း၊

(၄) လူတို့ချစ်ခင် နှစ်သက်ခြင်း၊

(၅) နတ်တို့ချစ်ခင် မြတ်နိုးခြင်း၊

(၆) နတ်တို့က စောင့်ရှောက်ခြင်း၊

(၇) မီး, အဆိပ်, လက်နက် မသင့်နိုင်ခြင်း၊

(၈) စိတ်လျင်မြန်စွာ တည်ကြည်ခြင်း၊

(၉) မျက်နှာရုပ်ဆင်း ကြည်လင်ရွှင်ပြခြင်း၊

(၁၀) မတွေဝေဘဲ သေရခြင်း၊

(၁၁) သေသောအခါ ဗြဟ္မာ့ပြည်သို့ လားရခြင်း။

[ယဥ်ကျေးမှု]

## မေတ္တာအကျိုးပြ

(ခ) တစ်နေ့, သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာ ထမင်း၊
လှူဒါန်းခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊
ကြိမ်သုံးခါဖြင့်၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊
ဘုရားမြတ်စွာ မိန့်ခွန်းတည်း။ ။

**[နိဒါနဝဂ္ဂ၊ ဩပမ္မသံယုတ်ပါဠိတော်၊ ပါ-၄၅၅၊ မြန်-၄၄၄]**

## မစိုးရိမ်တိုက် ပဋ္ဌာန်းဆရာတော်ကြီး၏ မေတ္တာပို့

၁။ နေထွက် နေဝင်၊ ကိုးဂုဏ်ရှင်၊ နေ့စဉ် ရှိခိုးမယ်။

၂။ အနန္တငါး၊ ဂုဏ်တော်များ၊ ညွတ်တွား ကန်တော့မယ်။

၃။ မျက်နှာသစ်လျှင်၊ ရေကိုမြင်၊ မြင်စင်မေတ္တာ ပွားပါ့မယ်၊

၄။ သစ်ရင်း သစ်ရင်း၊ လျှော့ယိုယွင်း၊ ရပ်ဆင်း သတိထားပါ့မယ်။

၅။ တန်းတူတွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင့်တတ်တယ်။

၆။ ပြိုင်မည့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

၇။ ကိုယ့်အောက်တွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်သည်၊
နိုင်မည့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင်ပြောင်းပါမယ်၊

၈။ ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်၊ မဝင်လာသာ ယှိုင်တတ်တယ်၊ ယှိုင်မည့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင်ပြောင်းပါမယ်။

၉။ သဗ္ဗေသတ္တာ၊ သတ္တဝါ၊ ကံသာမူလပိုင်ကြတယ်၊ ပိုင်သည့်အရေး၊ စိတ်က တွေး၊ အေးအေးမြဲမြဲ နေပါမယ်။

၁၀။ ရုပ်ကိုလဲပြင်၊ စိတ်လည်းပြင်၊ ပြင်ဆင်တိုင်းရ ပြုတိုင်းလှ၊ သုခနိဗ္ဗာန် တိုင်လိမ့်မယ်။

## ၅၂၈-သွယ် မေတ္တာပို့ ပါဠိ

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊
ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊
ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊
ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊
ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊

[အရပ် ၁၀ မျက်နှာ]

သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ [အနောဒိသ ၅ ဦး]
သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊
သဗ္ဗေ အနရိယာ၊
သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ၊
[ဩဒိသ ၇ ဦး]
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု (နှု-၄-ဖြာ)

## ရေတွက်ပုံ

၁။ သဗ္ဗေ သတ္တာ = ခပ်သိမ်းကုန်သောသတ္တဝါတို့သည်၊ အဝေရာ စသည် ၄-ချက်၊ မေတ္တာဘာဝနာပွားပါ။

၂။ သဗ္ဗေ ပါဏာ = ခပ်သိမ်းကုန်သော ထွက်သက်ဝင်သက် ရှိကုန်သော သတ္တဝါတို့သည် ။

၃။ သဗ္ဗေ ဘူတာ = ခပ်သိမ်းကုန်သော ပဋိသန္ဓေနေကြကုန်သော သတ္တဝါတို့သည် ။

၄။ သဗ္ဗေ ပုဂ္ဂလာ = ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် ။

၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ = ခပ်သိမ်းကုန်သော ကိုယ် အတ္တဘောရှိကြကုန်သော သတ္တဝါတို့သည် ။

၆။ သဗ္ဗာ ဣတ္ထိယော = ခပ်သိမ်းကုန်သော မိန်းမ အပေါင်းတို့သည် ။

၇။ သဗ္ဗေ ပုရိသာ = ခပ်သိမ်းကုန်သော ယောကျ်ား အပေါင်းတို့သည် ။

၈။ သဗ္ဗေ အရိယာ = ခပ်သိမ်းကုန်သော အရိယာ သူတော် ကောင်း အပေါင်းတို့သည် ။

၉။ သဗ္ဗေ အနရိယာ = ခပ်သိမ်းကုန်သော ပုထုဇဉ်အပေါင်း တို့သည် ။

၁၀။ သဗ္ဗေ ဒေဝါ = ခပ်သိမ်းကုန်သော နတ်အပေါင်း တို့သည်

၁၁။ သဗ္ဗေ မနုဿာ = ခပ်သိမ်းကုန်သော လူအပေါင်းတို့ သည်

၁၂။ သဗ္ဗေ ဝိနိပါတိကာ = ဖရိဖရဲ ကျတတ်သော အပါယ် သတ္တဝါတို့သည်၊ အဝေရာ စသည် (၄) ချက် မေတ္တာ ပွား:ပါ။

- ပုရတ္ထိမာယ ဒိသာယ [အရှေ့မျက်နှာအရပ်၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာ ထိ (၁၂) ဦးလုံး ပြန်၍ မေတ္တာပွားပါ။
- ပစ္ဆိမာယ ဒိသာယ [အနောက်မျက်နှာအရပ်၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာ ထိ (၁၂) ဦးလုံး ပြန်၍ မေတ္တာပွားပါ။
- ဥတ္တရာယ ဒိသာယ [မြောက်မျက်နှာအရပ်၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာ ထိ (၁၂) ဦး လုံးပြန်၍ မေတ္တာပွားပါ။
- ဒက္ခိဏာယ ဒိသာယ [တောင်မျက်နှာအရပ်၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာ ထိ (၁၂) ဦး လုံးပြန်၍ မေတ္တာပွားပါ။
- ပုရတ္ထိမာယ အနုဒိသာယ [အရှေ့တောင် မျက်နှာ အရပ်၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာထိ(၁၂) ဦးလုံး ပြန်၍ မေတ္တာပွားပါ။
- ပစ္ဆိမာယ အနုဒိသာယ [အနောက်မြောက် မျက်နှာအရပ် ၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာ ထိ (၁၂)ဦးလုံး ပြန်၍ မေတ္တာပွားပါ။

- ဥတ္တရာယဒိသာယ [အရှေ့မြောက် မျက်နှာအရပ်၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာ ထိ (၁၂) ဦးလုံး ပြန်၍ မေတ္တာပွားပါ။

- ဒက္ခိဏာယ ဒိသာယ [အနောက်တောင် မျက်နှာအရပ် ၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာ ထိ (၁၂) ဦး လုံး ပြန်၍ မေတ္တာပွားပါ။

- ဟေဋ္ဌိမာယ ဒိသာယ [အောက်မျက်နှာအရပ်၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာ ထိ (၁၂) ဦးလုံး ပြန်၍ မေတ္တာပွားပါ။

- ဥပရိမာယ ဒိသာယ [အထက်အရပ်၌] သဗ္ဗေ သတ္တာမှ (လ) ဝိနိပါတိကာထိ (၁၂) ဦး လုံး ပြန်၍ မေတ္တာ ပွားပါ။

## မိမိကိုယ်ကို မေတ္တာဘာဝနာပွားပုံ

**အဟံ**
တပည့်တော်သည်
(ဝါ)အကျွန်ုပ်သည်

၁။ အဝေရာ- ရန်မရှိသည်၊ ဟောမိ- ဖြစ်ရပါလို၏။
၂။ အဗျာပဇ္ဈော-စိုးရိမ်ပူဆွေး ငိုကြွေး ခြင်းလည်း မရှိသည်၊ ဟောမိ- ဖြစ်ရပါလို၏။
၃။ အနီဃော-စိတ်ဆင်းရဲခြင်း၊ ကိုယ် ဆင်းရဲခြင်းလည်း မရှိသည်၊ဟောမိ -ဖြစ်ရပါလို၏။
၄။ သုခီ-ချမ်းသာစွာ၊ အတ္တာနံ-မိမိ ကိုယ်ကို၊ ပရိဟရာမိ-ရွက်ဆောင် နိုင်ရပါလို၏။

## ရန်သူကို မေတ္တာဘာဝနာ ပွားပုံ

မိမိရဲ့ ရန်သူ ပုဂ္ဂိုလ်ကို စိတ်နဲ့၊ အင်နဲ့ မြင်အောင်ရှုပါ၊ မမြင်ရင် မပွားပါနဲ့ဦး၊ မြင်ပြီဆိုမှ မေတ္တာပွားပါ။

၁။ အဝေရော-ရန်မရှိသည်၊ ဟောတု-ဖြစ်ပါစေ။
၂။ အဗျာပဇ္ဈော-စိုးရိမ်ပူဆွေး၊ ငိုကြွေးခြင်းလည်း မရှိသည်။ ဟောတု-ဖြစ်ပါစေ။

၃။ အနီဃော၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း
လည်းမရှိသည်။ ဟောတု၊ ဖြစ်ပါစေ။

၄။ သုခီ–ချမ်းသာစွာ၊ အတ္တာနံ–မိမိကိုယ်ကို၊
ပရိဟရတု– ရွက်ဆောင်နိုင်ပါစေ။

(က) မမ ပိယပုဂ္ဂလာ– မိမိရဲ့ချစ်ခင်လေးစားအပ်သော ပုဂ္ဂိုလ်တို့သည်၊ အဝေရာ ဟောန္တု။

(ခ) မမ မဇ္ဈပုဂ္ဂလာ– မိမိရဲ့အလယ်အလပ် ချစ်ခင်အပ်သောပုဂ္ဂိုလ်တို့သည်၊ အဝေရာ ဟောန္တု၊

(ဂ) မမ ဝေရီပုဂ္ဂလာ–မိမိရဲ့ ရန်သူဖြစ်သော ပုဂ္ဂိုလ်သည်၊ အဝေရာ–ရန်မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေ၊ အဗျာပဇ္ဇာ–စိုးရိမ်ပူဆွေး ငိုကြွေးခြင်းလည်း မရှိကြကုန်သည်၊ ဟောန္တု– ဖြစ်ကြပါစေ၊ အနီဃာ–ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်းလည်း မရှိကြကုန်သည်၊ ဟောန္တု– ဖြစ်ကြပါစေ၊ သုခီ–ချမ်းသာစွာ၊ အတ္တာနံ–မိမိကိုယ်ကို၊ပရိဟရန္တု–ရွက်ဆောင်နိုင်ကြပါစေ [က–ခ]ကိုလည်း ထည့်ဆိုပါ။

# ၅၂၈-သွယ် တွက်ချက်နည်း

အနောဒိသ ၅-ဦး၊ ဩဒိသ ၇-ဦး၊ ပေါင်း ၁၂-ဦး။

တစ်ဦးလျှင် မေတ္တာ ၄ ချက် (နိ၊ ၄ ချက်) ၁၂ x၄ = မူလ ၄၈ ဦး

အရပ် တစ်မျက်နှာလျှင် ၄၈ ချက်၊ ၁၀ မျက်နှာ ၄၈ x ၁၀ = ၄၈၀

စုစုပေါင်း ‌: မေတ္တာ ၅၂၈ သွယ် ဖြစ်၏။

အနောဒိသ၊ ဩဒိသနှင့်၊ နိ-လေးချက်မှာ၊ မြှောက်တုံပါက၊ လေးဆယ်ရှစ်ချက်၊ အမှန်ထွက်၏၊ ရပ်ဆယ်မျက်နှာ၊ ပွားတုံပါက၊ ငါးရာ့နှစ်ဆယ်၊ ရှစ်သွယ်မေတ္တာ၊ အစစ်အမှန် ဖြစ်ပါ၏။

# ဩကာသ ကန်တော့ကျိုး အဓိပ္ပာယ်များ

## ဩကာသ ဟူသည်

ရှိခိုးပါရစေ၊ ခွင့်ပြုတော်မူပါ၊ မေးလျှောက်ပါရစေဟု ခွင့်တောင်းခြင်း ဖြစ်ပါသည်။ ရတနာသုံးပါးကို ရည်၍လည်းကောင်း၊ အလေးပြုသောအားဖြင့်လည်းကောင်း ဩကာသ ဩကာသ ဩကာသဟု သုံးကြိမ်ဆိုပါသည်။

## ကံသုံးပါး

၁။ ကိုယ်ဖြင့် ပြုလုပ်မှုကို ကာယကံ
၂။ နှုတ်ဖြင့် ပြောဆိုမှုကို ဝစီကံ
၃။ စိတ်ဖြင့် ကြံစည်မှုကို မနောကံဟု ခေါ်ပါသည်။

မိမိတို့သည် အကယ်၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဆရာသမား မိဘဘိုးဘွားစသော လူကြီးသူမတို့အပေါ်၌ မတော်တဆ အပြုမှား၊ အပြောမှား၊ အကြံမှား

များရှိနေလျှင် ထိုအပြစ် အညစ်အကြေးတွေကို ကင်းရှင်းပြေပျောက် စင်ကြယ်ဖို့ရာ ရည်ရွယ်ချက်ဖြင့်–

ကာယကံ, ဝစီကံ, မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာလို့ ဆိုကြရပါသည်။

ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်မြောက်အောင် ရှိခိုးကန်တော့ခြင်းသည် အထူးလေးစားရာ ရောက်သဖြင့် သုံးကြိမ်တိုင်အောင် ရှိခိုးကန်တော့ခြင်းဖြစ်ပါသည်။

ရတနာသုံးပါး ဆရာ မိဘတို့အား မတော်တဆ ပြုမှား၊ ပြောမှား၊ ကြံမှားခဲ့သော ကာယကံ အပြစ်ဒေါသ၊ ဝစီကံ အပြစ်ဒေါသ၊ မနောကံ အပြစ်ဒေါသ၊ အညစ်အကြေးတွေ မိမိတို့ကိုယ်မှာ လိမ်းကြံနေခဲ့သည်ရှိသော် ထိုအပြစ်များ ကင်းဝေးစင်ကြယ်ဖို့ ရည်သန်ချက်ဖြင့်–

ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရားဟု ဆိုကြပါသည်။

## ရတနာ

နှစ်သက်မွေ့လျော်ခြင်းကို ဖြစ်စေတတ်၊ အလေး အမြတ်ပြုအပ်၊ အဖိုးများစွာ ထိုက်တန်သောကြောင့် ရတနာ ဟု ခေါ်ပါသည်။

## ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့ ကန်တော့ပါ၏

လက်အုပ်မိုး၍ ရှိခိုးပါ၏၊ ပစ္စည်းလေးပါး လှူသော အားဖြင့်လည်းကောင်း၊ ဟောပြောသမျှကို လိုက်နာသော အားဖြင့်လည်းကောင်း ပူဇော်ပါ၏၊ ကြည့်ရှုဖူးမြော်ပါ၏။ ရတနာသုံးပါးနှင့် စပ်လျှင် ဟိတ်ဟန်မပြဘဲ မာန်မာန လျော့၍ ကန်တော့ပါ၏။ အပြစ်ရှိလျှင် ပြေပျောက်ပါရစေဟု ဆိုလိုရင်း ဖြစ်ပါသည်။

## အပြစ်ပြေ မပြေ

ထိုကဲ့သို့ ကန်တော့လျှင် ဆရာ၊ မိဘ၊ ဘိုးဘွား စသည်တို့နှင့် ရတနာသုံးပါးအပေါ်၌ ပြစ်မှားမိသော သာမန် အပြစ်တွေမှာ ပြစ်မှားခံရသူ၏ ရှေ့၌လည်းကောင်း၊ ထိုသူ မရှိတော့လျှင် ထိုသူ၏ သင်္ချိုင်းသို့သွား၍လည်းကောင်း၊ ထိုသို့ မသွားနိုင်လျှင် ဘုရားထံ သံဃာထံ၌လည်းကောင်း

နှောင်တရသဖြင့် စိတ်ပါ လက်ပါ ကန်တော့ပါလျှင် ထိုအပြစ်များ ပြေပျောက်နိုင်ပါသည်။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်းစသော အပြစ်များမှာ တောင်းပန်ကန်တော့ ရုံဖြင့် မပြေပျောက်နိုင်ပါ။ နှောင်တရသဖြင့် ထိုအကုသိုလ်မျိုး ထပ်မံ၍ မဖြစ်အောင်၊ ကုသိုလ်ကိုသာ အားထုတ်ပြုလုပ် နေပါလျှင် အချို့သော အကုသိုလ်များ အကျိုးပေးခွင့် မရတော့ဘဲ ပြေပျောက်နိုင်ပါသည်။

## အပါယ်လေးပါး

ကုသိုလ်ကောင်းမှု များစွာပြုခွင့် မရသောဘုံကိုအပါယ် ဟု ခေါ်ပါသည်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အားဖြင့် အပါယ် လေးပါး။

**ဆောင် = ငရဲ-တိရစ္ဆာ၊ ပြိတ် သူရ၊ လေး၀အပါယ်ရွာ။**

## ငရဲကြီး ၈-ထပ်

ချမ်းသာသုခ မရရှိသောဘုံကို ငရဲဘုံဟု ခေါ်သည်။

၁။ သိဉ္စိုးငရဲ၊ ၂။ ကာလသုတ်ငရဲ၊ ၃။ သံဃာတငရဲ၊ ၄။ ရောရုဝ ငရဲ၊ ၅။ မဟာရောရုဝ ငရဲ၊ ၆။ တာပန ငရဲ၊

၇။ မဟာတာပန ငရဲ။ ၈။ အဝီစိငရဲအားဖြင့် ငရဲကြီးရှစ်ထပ် ရှိပါသည်။

**ဆောင် = သဉ္ဇိုး ကာဠ၊ သံဃာတနှင့်၊ ရောရုဝ နှစ်၊ တာပန် နှစ်၊ တွက်စစ် အဝီစိ။**

ငရဲဘုံသည် ဤကမ္ဘာမြေကြီးအောက်၌ ယူဇနာ တစ်သောင်းငါးထောင် ကွာဝေးသော အရပ်၌ တည်ရှိပါသည်။ အစဆုံးမှာ သဉ္ဇိုးငရဲတည်ရှိ၏။ ထိုအောက် အဆင့်ဆင့် ယူဇနာ တစ်သောင်းငါးထောင်စီ ကွာခြားလျက် ကာဠသုတ် ငရဲစသည် ငရဲကြီးရှစ်ထပ် တည်ရှိကြ၏။

## ငရဲကြီးတစ်ထပ် တစ်ထပ်၌

၁။ ဘင်ပုပ်ငရဲ, ၂။ ပြာပူငရဲ, ၃။ လက်ပံတောငရဲ, ၄။ သံလျက်ရွက်တောငရဲ, ၅။ ကြိမ်ပိုက်ချောင်းငရဲအားဖြင့် ငရဲငယ် ငါးထပ် တံတိုင်းခပ်ထားသလို ရံပတ်၍ နေကြပါသည်။ ထိုငရဲငယ် ငါးထပ်ကို ဥဿဒ ငရဲဟု ခေါ်သည်။

**(ဆောင်)= အထပ်တိုင်းမှာ၊ ဘင်ပြာ–လက်သန်း၊ ကြိမ်ပိုက်ရံ၊ ငါးတန် ဥဿဒရှိ၊**

ဆိုင်ရာ ဆိုင်ရာ မကောင်းမှု အကုသိုလ်ဒုစရိုက် ပြုလုပ်လွန်ကျူးသူတွေဟာ ဆိုင်ရာ ဆိုင်ရာ ငရဲဘုံများသို့ ကျရောက်တတ်ပါသည်။

## ငရဲကြီး ၈-ထပ် ရှင်းပြချက်

၁။ ငရဲသူ, ငရဲသားတွေကို [အပိုင်းပိုင်း ခုတ်ဖြတ်ကြသော်လည်း မသေဘဲ အဖန်ဖန် အသက်ရှင်ကြလို့ သိဥ္စိုးငရဲဟု ခေါ်သည်။

၂။ ငရဲသူ, ငရဲသားတွေကို သစ်သားပမာ ခုတ်ထစ်ရွေကြလို့ ကာဠသုတ်ငရဲဟု ခေါ်သည်။

၃။ ငရဲသူ, ငရဲသားတွေကို ကြာမြင့်စွာ ကြိတ်ချေသတ်ဖြတ်ကြလို့ သံဃာတငရဲဟု ခေါ်သည်။

၄။ ငရဲသူ, ငရဲသားတွေရဲ့ ဒွါရကိုးပေါက်ကို မီးတွေ စွဲလောင်သောကြောင့် သံကုန်အော်ဟစ်ကြလို့ ရောရုဝ ငရဲဟု ခေါ်သည်။

၅။ ငရဲသူ, ငရဲသားတွေရဲ့ ဒွါရကိုးပေါက်ထဲ မီးခိုးတွေ အတင်းဝင်သောကြောင့် ပိုမိုပြင်းထန်စွာ အော်ဟစ်ကြလို့ မဟာရောရုဝ ငရဲဟု ခေါ်သည်။

၆။ ငရဲသူ, ငရဲသားတွေကို ထန်းလုံးလောက်ရှိတဲ့ မီးလျှံထသော သံတံကျင်ဖြင့် ထိုးခံရပြီး အမြဲပူလောင်လို့ တာပနငရဲဟု ခေါ်သည်။

၇။ ငရဲသူ, ငရဲသားတွေကို ရိုက်နှက်ပြီး မီးလျှံတွေထနေသော သံဟောင်ထက်မှာ တင်ထား၍ ထိုပေါ်မှ အောက်ထိုး ပြောင်းပြန်ကျအောင် နှိပ်စက်ထားသောကြောင့် တာပနထက်၊ နှစ်ဆထက် လောင်ကျွမ်းပူလောင်လို့ မဟာတာပန ငရဲဟု ခေါ်သည်။

၈။ ငရဲသူ, ငရဲသားတွေဟာ မီးလျှံ, သတ္တဝါ, ဆင်းရဲဒုက္ခ ဤသုံးမျိုးတို့ အကြားအလပ်မရှိဘဲ ဆင်းရဲစွာ အမြဲခံစားရလို့ အဝီစိငရဲဟု ခေါ်သည်။

## တိရစ္ဆာန်

လူတို့ကဲ့သို့ မတ်တတ် မသွား၊ ဖီလာကန့်လန့် အလျားလိုက်သွားတတ်လို့ တိရစ္ဆာန်ဘုံဟု ခေါ်သည်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခွေး၊ ကြောင်၊ ကြက်၊ ငှက်၊ ငါး၊ လိပ် စသော ကုန်းနေရေနေ အခြေ ၄ ချောင်း, ၂ ချောင်းရှိ သတ္တဝါတို့နှင့် မြွေစသော အခြေမရှိသော သတ္တဝါများကို တိရစ္ဆာန်ဟု ခေါ်သည်။

## ပြိတ္တာ

အိမ်ကြို၊ အိမ်ကြား၊ မြစ်ချောင်း၊ ကမ်းနား၌ အစာရှာ၍ စားသောက်ရသော သတ္တဝါမျိုးတွေကို ပြိတ္တာဟု ခေါ်သည်။ တစ္ဆေ–မှင်စာ၊ သရဲသဘက်၊ အစိမ်းဘုတ်ကောင်၊ ကျပ်ကောင်များကို ပြိတ္တာဟု ခေါ်သည်။

## အသူရကာယ်

ပြိတ္တာ အကြီးစားကိုပင် အသူရကာယ်ဟု ခေါ်သည်။ အသူရကာယ်တို့၏ နေရာဘုံမှာ သီးခြား မရှိ၊ တိရစ္ဆာန်များကား လူတို့၏အနီးအပါးနှင့် တောတောင်စသည်၌ နေကြသည်။

## ပြိတ္တာ ၄–မျိုး

၁။ ပရဒတ္တူပဇီဝိတ ပြိတ္တာ၊ ၂။ ခုပ္ပိပါသိကပြိတ္တာ၊ ၃။ နိဇ္ဈာမတဏှိက ပြိတ္တာ၊ ၄။ ကာဠကဉ္စိက ပြိတ္တာ အားဖြင့် ပြိတ္တာ ၄–မျိုး ကွဲပြားကြပါသည်။

၁။ သူတစ်ပါးပေးကမ်းသော အစားအစာများကို အမှီပြု၍ အသက်ရှင်ရသည့် ပရဒတ္တူပဇီဝိတ ပြိတ္တာ။

၂။ အစာရေစာ မစားသောက်ရဘဲ အမြဲတန်း ငတ်မွတ်နေသည့် ဥပ္ပိပါသိက ပြိတ္တာ။

၃။ အမြဲတန်း လောင်ကျွမ်းပူပန်နေရသည့် နိဇ္ဈာမတဏှိက ပြိတ္တာ။

၄။ အသူရကာယ်ခေါ် ဆိုသည့် ကာဠကဉ္စိက ပြိတ္တာ။

**မှတ်ချက်။** ။ ထိုပြိတ္တာ ၄–မျိုးတို့တွင် ပရဒတ္တူပဇီဝိတ ပြိတ္တာတစ်မျိုးသာ နောက်ပိုင်းက ကျန်ရစ်ခဲ့ကြတဲ့ သားသမီး, မိဘ, ဆွေမျိုးများက သူ့အတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ် အမျှအတန်းပေးဝေပါလျှင် ထိုဆင်းရဲသော ဘုံဘဝမှ ကျွတ်လွတ်ပြီး လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ နတ်စည်းစိမ်ချမ်းသာများ ရရှိခံစားရပါသည်။

(ငါးခုမြောက် ဘုံဘဝတုန်းက အရှင်သာရိပုတ္တရာ၏ မယ်တော်ကြီးဝတ္ထုကိုရှုပါ)

**သတိပြုရန်။** ။ သရဏဂုံ သုံးပါးနှင့် ငါးပါးသီလ လုံခြုံသူ ဆောက်တည်သူများသည် အထက်ဖော်ပြပါ အပါယ် လေးပါးသို့ မည့်နည်းနှင့်မှ မကျရောက်နိုင်ပါ၊ အထက်ဖော်ပြပါ ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ ကင်းလွတ်လိုသူများသည် သရဏဂုဏ်သုံးပါးနှင့် ငါးပါးသီလမြဲပါစေ၊ ဆောက်တည်ကြပါလေဟု တိုက်တွန်းလိုပါသည်။

## ကပ်သုံးပါး

ပျက်စီးခြင်းကို (ကပ္ပ) ကပ်ဟု ခေါ်ပါသည်။

၁။ သတ္တန္တရကပ်

၂။ ရောဂန္တရကပ်

၃။ ဒုဗ္ဘိက္ခန္တရကပ်အားဖြင့် ကပ် ၃-ပါး ဖြစ်၏။

**ဆောင် = သတ္တန် ရောဂန်၊ ဒုဗ္ဘိက္ခန်၊ သုံးတန်ကပ်အပြား။**

၁။ သတ္တဝါတွေ ဒေါသအားကြီး၍ တုတ်၊ ဓား၊ လက်နက်တို့ဖြင့် ပျက်စီးခြင်းကို သတ္တန္တရကပ်ဟု ခေါ်သည်။

၂။ သတ္တဝါတွေ မောဟ ထူပြော၍ အနာရောဂါ စသည်ဖြင့် ပျက်စီးခြင်းကို ရောဂန္တရကပ်ဟု ခေါ်သည်။

၃။ သတ္တဝါတွေ လောဘအားကြီး၍ အစာရေစာ ငတ်မွတ်ခေါင်းပါးသဖြင့် ပျက်စီးခြင်းကို ဒုဗ္ဘိက္ခန္တရ ကပ်ဟု ခေါ်သည်။

## ရပ်ပြစ်ရှစ်ပါး

မဂ်ဖိုလ်ရဖို့ရန် တရားအားထုတ်ခွင့်မရ အပြစ်ရှိသော အရပ်ကို ရပ်ပြစ်ဟုခေါ်သည်။

## ရုပ်ပြစ်ရှစ်ပါး ဆောင်ပုဒ်

(ဆောင်) ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ် ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိငြား လည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်သည်၊ ရုပ်ပြစ်ရှစ်ပါး သရုပ်တည်း။

## ရုပ်ပြစ်ရှစ်ပါးသရုပ်

၁။ ဘုရားပွင့်နေဆဲအခါ ငရဲဘုံ၌ ဖြစ်နေသူများ၊
၂။ ဘုရားပွင့်နေဆဲအခါ တိရစ္ဆာန်ဘုံ၌ ဖြစ်နေသူများ၊
၃။ ဘုရားပွင့်နေဆဲအခါ ပြိတ္တာဘုံ၌ ဖြစ်နေသူများ [အသူရကာယ်ကို ပြိတ္တာ၌ သွင်းယူသည်]
၄။ အသက်ရှည်သော အသညသတ်ဗြဟ္မာနှင့် အရူပဘုံ၌ ဗြဟ္မာ ဖြစ်နေသူများ။

**မှတ်ချက်။** ။အသက်ရှည်သော နတ်ဗြဟ္မာကို "ဒီဃာယု နတ်"ဟု ခေါ်ဆိုပါသည်။ အသညတ်ဘုံ၌ဖြစ်သော ဗြဟ္မာများသည် ခန္ဓာကိုယ်သာရှိ၍ စိတ်ဝိညာဉ် မရှိ၊ အရူပဗြဟ္မာများကား စိတ်ဝိညာဉ်သာရှိ၍ ခန္ဓာကိုယ် မရှိသောကြောင့် ထိုဗြဟ္မာနှစ်မျိုးသည် ဘုရားပွင့်သော် ငြားလည်း တရားမနာကြားနိုင်သူများ ဖြစ်၍ ရုပ်ပြစ် ၈-ပါးထဲ ထည့်သွင်းထားပါသည်။

၅။ သာသနာတော် မထွန်းကား တိုင်းစွန်ပြည်ဖျား ပစ္စန္တရစ်အရပ်၌ ဖြစ်နေသူများ။

၆။ ဘုရားပွင့်ဆဲအခါ မိစ္ဆာဒိဋ္ဌိ ဉာဏ်ရှိသူ [အယူဖောက်ပြားမှားယွင်းနေသူ]များ။

၇။ ဘုရားပွင့်ဆဲအခါ တရားကို နားလည်လောက်သော ဉာဏ်မရှိသူများ။

၈။ တတ်သိ နားလည်လောက်သော ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သောအခါ လူဖြစ်ရသူများ ဖြစ်ပါသည်။

## ရန်သူမျိုးငါးပါး

၁။ ရေ, ၂။ မီး, ၃။ သူခိုး, ၄။ အမွေခံ သားသမီးဆိုး, ၅။ မင်းဆိုးတို့ ဖြစ်ပါသည်။

**(ဆောင်) = ရေ, မီး သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါး၊ မှတ်သားလေကွဲ့ အမှန်တဲ့။**

**မှတ်ချက်။** ။ ဖောက်ပြန်သောရေ၊ ဖောက်ပြန်သောမီး၊ ဖောက်ပြန်သောမင်း၊ မိဘ စုဆောင်းထားသော ပစ္စည်းဥစ္စာများကို ဖြုန်းတည်းသုံးစွဲ အလုပ်မလုပ်ဘဲ သုံးဖြုန်းနေသော သားဆိုး သမီးဆိုးများသည် မိဘတို့၏ ရန်သူအစစ် ဖြစ်ကြသည်။

## ဝိပတ္တိတရားလေးပါး

ဖောက်ပြန် ချွတ်ယွင်းချက်ကို ဝိပတ္တိဟု ခေါ်ပါသည်။

၁။ ဒုတိယကမ္ဘာစစ်တုန်းကကဲ့သို့ ဘယ်လိုနည်းနဲ့မှ ကုသိုလ် ကောင်းမှုလုပ်လို့ မဖြစ်တဲ့အခါ ပျက်ဆီးခြင်း မျိုးကို ကာလဝိပတ္တိဟု ခေါ်သည်။

၂။ အပါယ်လေးပါးတို့၌ ဖြစ်ရခြင်းကို ဂတိဝိပတ္တိဟု ခေါ်သည်။

၃။ မျက်စိ၊ နား၊ နှာ၊ အင်္ဂါကြီးငယ် ချို့တဲ့နေခြင်းကို ဥပဓိဝိပတ္တိဟု ခေါ်သည်။

၄။ အသိအလိမ္မာ မရှိ၊ သတိဝီရိယလည်း မရှိဘဲ ပြုမူ ပြောမှု ကြံစည်မှုကို ပယောဂဝိပတ္တိဟု ခေါ်သည်။

**(ဆောင်)ဖောက်ပြန် ချွတ်ယွင်း၊ ပျက်စီးခြင်း၊ ခေါ်လျှင်း ဝိပတ္တိ။**

**ကာလဂတိ၊ ဥပဓိမှ၊ ပယောဂ၊ လေးဝ မှတ်လေဘိ။**

## ဗျသနတရား ငါးပါး

ပျက်စီးခြင်း၊ ဆုံးပါးခြင်းကို (ဗျသန)ဟု ခေါ်ပါသည်။

၁။ ဆွေမျိုးများ၊ ပျက်စီးခြင်းကို ဉာတိဗျသနဟုခေါ်သည်။

၂။ စည်းစိမ်ဥစ္စာများ ပျက်စီးခြင်းကို ဘောဂဗျသနဟု ခေါ်သည်။

၃။ ရောဂါ ဝေဒနာ စွဲကပ်နေခြင်းကို ရောဂဗျသနဟု ခေါ်သည်။

၄။ အယူဖောက်ပြား မိစ္ဆာအယူကို ယူခြင်းကို ဒိဋ္ဌိဗျသနဟု ခေါ်သည်။

၅။ ကိုယ်ကျင့်တရား ဖောက်ပြန် သီလပျက်ခြင်းကို သီလဗျသနဟု ခေါ်သည်။

**ဆောင်။ ။ ဆုံးရှုံးပျက်ပြား၊ ပြစ်မှုများ၊ ခေါ်ငြား ဗျသန။ ဉာတိဘောဂ၊ ရောဂါဒိဋ္ဌိ၊ သီလထည့် ငါးရှိသရုပ်ပြ။**

## အခါခပ်သိမ်း ရပါလို၏

ဤမကောင်းသော တရားတို့မှ အခါခပ်သိမ်း ဘဝ တိုင်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍

"သံသရာ၌ ကြာရှည်စွာ မကျင်လည်ရဘဲ မဂ်ဖိုလ် နိဗ္ဗာန်ကို အမြန်ရပါလို၏"ဟု ဆုတောင်းခြင်း ဖြစ်သည်။

## အကျယ် အဓိပ္ပာယ်

၁။ အပါယ်လေးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ် ငြိမ်းတဲ့ကို ဖြစ်ရပါလို၏။

၂။ ကပ်သုံးပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်း တဲ့ကိုယ် ဖြစ်ရပါလို၏။

၃။ ရုပ်ပြစ်ရှစ်ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်း တဲ့ကိုယ် ဖြစ်ရပါလို၏။

၄။ ရန်သူမျိုး ငါးပါးမှလည်း အခါခပ်သိမ်း ကင်း၊လွတ် ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏။

၅။ ဝိပတ္တိတရား လေးပါးမှလည်း အခါခပ်သိမ်း ကင်း လွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏။

၆။ ဗျသနတရား ငါးပါးမှလည်း အခါခပ်သိမ်း ကင်း လွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏လို့ စကား ၆ ခွန်း ၆ ဝါကျ ထွက်လာပုံကို သတိပြုပါလေ။

## မဂ် (၄) ပါး

၁။ သောတာပတ္တိမဂ်

၂။ သကဒါဂါမိမဂ်

၃။ အနာဂါမိမဂ်

၄။ အရဟတ္တမဂ် အားဖြင့် မဂ် (၄) ပါး။

## ဖိုလ် (၄) ပါး

၁။ သောတာပတ္တိဖိုလ်

၂။ သကဒါဂါမိဖိုလ်

၃။ အနာဂါမိဖိုလ်

၄။ အရဟတ္တဖိုလ်အားဖြင့် ဖိုလ် (၄) ပါး။

## နိဗ္ဗာန်

(က) အိုနာ သေရေး၊ ဒုက္ခဘေးတို့၏ ကင်းငြိမ်းရာမှန် မြတ်နိဗ္ဗာန်။

(ခ) မီး ၁၁ တန်တို့၏ ငြိမ်းရာမှန် မြတ်နိဗ္ဗာန်။

# ဗုဒ္ဓဝင်အကျဉ်း

## နမော ဗုဒ္ဓဿ

၁။ ဂေါတမ ဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်ရေသည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်၌ **သုမေဓာ ရှင်ရသေ့** ဖြစ်ခဲ့သည်။

၂။ သုမေဓာရှင်ရသေ့သည် **ဒီပင်္ကရာ ဘုရားရှင်** ၏ ခြေတော်ရင်း၌ နိဗ္ဗာန် ချမ်းသာကို ရနိုင်သော်လည်း သံသရာ၌ နစ်မွန်း မျောပါကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့ကို သနားကြင်နာတော်မူလှသဖြင့် ယူတော်မမူခဲ့ပေ။

၃။ သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝတိုင် အောင် ဘဝများစွာတို့၌ ပါရမီ ၁၀-ပါး၊ စွန့်ခြင်းကြီး ၅-ပါး၊ စရိယ ၃-ပါးတို့ကို ဖြည့်ကျင့်လျက် ဘုရာ

အဖြစ်သို့ ရောက်အောင်ကျင့်ကြံ အားထုတ်တော်မူခဲ့လေသည်။

## (ခ) ပါရမီများ ဖြည့်ကျင့်ခြင်း

၁။ ရွှေ, ငွေ, ဆင်, မြင်း အစရှိသည်ကို ပေးလှူခြင်း =ဒါနပါရမီ။

၂။ ခြေ, လက်, မျက်စိ, နှာ, နှာခေါင်း အစရှိသည်ကို ပေးလှူခြင်း=ဒါနဥပပါရမီ။

၃။ ကိုယ်အသက်ကို ပေးလှူခြင်း -ဒါနပရမတ္ထပါရမီ စသော ပါရမီ ၃၀ တို့ကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

**မှတ်ချက်။** ။ ပါရမီ ၁၀ ပါးကို ဤ ၃ပါး ဖြင့် မြှောက်လျှင် **ပါရမီ (၃၀)** ဖြစ်၏။

## ပါရမီ (၁၀)ပါး

၁။ ဒါနပါရမီ = ပေးကမ်း စွန့်ကြဲလှူဒါန်း ခြင်း ။

၂။ သီလပါရမီ = ကိုယ်ကျင့်သီလ ကောင်းအောင် စောင့်ထိန်း ခြင်း ။

၃။ နေက္ခမ္မပါရမီ = တောထွက်တော်မူခြင်း (မကောင်းမှုမှ ရှောင်ကြဉ်ခြင်း)

၄။ ပညာပါရမီ = ပညာဖြင့် အများအကျိုးကို သယ်ပိုးခြင်း။
၅။ ဝီရိယပါရမီ = ကြိုးစားအားထုတ်ခြင်း၊
၆။ ခန္တီပါရမီ = သည်းခံခြင်း၊
၇။ သစ္စာပါရမီ = မှန်ကန်သောစကားကိုသာ ပြောဆိုခြင်း။
၈။ အဓိဋ္ဌာနပါရမီ = စိတ်ဓာတ်မြဲမြံ ခိုင်ခံ့အောင်ဆောက်တည်ခြင်း၊
၉။ မေတ္တာပါရမီ = မေတ္တာဓာတ် အပြည့်အဝထားခြင်း၊ [သတ္တဝါအားလုံးတို့ကို ချမ်းသာစေခြင်း၊ ကောင်းစေချင်သောစိတ် အမြဲရှိခြင်း]
၁၀။ ဥပေက္ခာပါရမီ = လျစ်လျူရှုခြင်း [ မိတ်ဆွေ ရန်သူနှစ်ဦးတို့အပေါ်၌ ချစ်စိတ် မုန်းစိတ် မရှိခြင်း] [ဘက်မလိုက်ဘဲ မျှတစွာ ကျင့်သုံးခြင်း]

## စွန့်ခြင်းကြီး ၅–ပါး

အလွန်စွန့်နိုင်ခဲလှစွာသော

၁။ ပဒေသရာဇ်, ဧကရာဇ်, စကြာမင်းတို့၏ စည်းစိမ်ဥစ္စာ ရတနာတို့စွန့်ခြင်း **ဓနပရိစ္စာဂ**။
၂။ သားသမီးများကို စွန့်ခြင်း **ပုတ္တပရိစ္စာဂ**။

၃။ မယားကိုစွန့်ခြင်း **ဘရိယပရိစ္စာဂ**။

၄။ ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည့် အင်္ဂါကြီးငယ်ကို စွန့်ခြင်း **အင်္ဂပရိစ္စာဂ**။

၅။ ကိုယ့်အသက်ကို စွန့်ခြင်း **ဇီဝိတပရိစ္စာဂ**။

ဤစွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့သည်။

## နတ်ဗြဟ္မာတို့က တောင်းပန်ခြင်း

ပါရမီများကို ဖြည့်ကျင့်တော်မူပြီးနောက် ဘုရားအလောင်းတော်သည် တုသိတာ နတ်ပြည်၌ သေတကေတုမည်သောနတ်သားဖြစ်ခဲ့စဉ် စကြာဝဠာတိုက် တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က–

"အရှင့်သား... ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ"ဟု ဘုရားအလောင်းတော်ကို တောင်းပန်ကြလေသည်။

## ကြည့်ခြင်းကြီး ၅–ပါး

ဘုရားအလောင်း **သေတကေတုနတ်သား**သည်–

၁။ ကာလ – ဘုရားဖြစ်ရာ အချိန်ကာလ၊

၂။ ဒီပ – ဘုရားဖြစ်ရာကျွန်းအရပ်၊

၃။ ဒေသ – ဘုရားဖြစ်ရာအရပ်ဒေသ၊

၄။ ကုလ - ဘုရားဖြစ်ရာ အမျိုးအနွယ်၊

၅။ မာတုအာယုပရိစ္ဆေဒ - ဘုရားအလောင်းတော်၏ မယ်တော်ဖြစ်မည့်သူ၏ အသက်အပိုင်းအခြား ဟူသော ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်ရှုတော်မူလေသည်။

## ပဋိသန္ဓေ တည်တော်မူခြင်း

မဟာသက္ကရာဇ် ၆၇–ခု၊ ဝါဆိုလပြည့်၊ သောကြာနေ့၌ **ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းကြီး**၏ တောင်ညာ စံဒေဝီ မိဖုရားကြီး **မယ်တော်မာယာ**ဝမ်း၌ ပဋိသန္ဓေတည်နေတော်မူပါသည်။

## မီးရှူးသန့်စင် ဖွားမြင်တော်မူခြင်း

မဟာသက္ကရာဇ် ၆၈–ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်အကြား လုမ္ဗိနီသာမော အင်ကြင်းတော၌ အင်ကြင် ခက်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ကောင်းမွန်စွာ ရပ်တော်မူရင် မှာပင် အလောင်းတော်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

**မှတ်ချက်။** ။ကပိလဝတ်နေပြည်တော်သည် ယခုအခါ၌ အိန္ဒိယနိုင်ငံ၏ မြောက်ဖက်တွင်ရှိသော နီပေါနိုင်ငံ

အတွင်းမှာ ရှိသည်။ ဟိမဝန္တာတောင်နှင့်နီး၏။ ထိုစဉ်က ကပိလဝတ်ပြည်ကို သုဒ္ဓေါဒနမင်းသည် မာယာဒေဝီ၊ ဂေါတမီ ညီအစ်မနှစ်ဖော်ကို သိမ်းပိုက်၍ စိုးစံတော်မူသည်။ သာကီဝင် မင်းမျိုးဖြစ်၍ အမျိုးဇာတ်အားဖြင့် အမြတ်ဆုံးဟု ထင်ရှားကျော်စော၏။ မြန်မာများကလည်း ထိုသာကီဝင် မင်းမျိုးနှင့် အဆက်အနွယ်တူသည်ဟု ရာဇဝင်က ယူရုံသာမက လူပုံပန်းနှင့် အချို့စကားလုံးများ ခပ်ဆင်ဆင်ဖြစ်ပုံကို ထောက်၍ ယုံမှား မရှိသင့်ပါ။ (အမရပူရ မဟာဂန္ဓာရုံဆရာတော်)

## ရဲရင့်စွာ မိန့်မြွက်ပုံ

မီးရှူးသန့်စင် ဖွားမြင်သောအခါ သုဒ္ဓါဝါသဘုံသားရဟန္တာဗြဟ္မာမင်းများက ဇာတဘက်ဖြင့် ခံယူ၍ မယ်တော်ကိုပြ၍ "အရှင်မိဖုရား... ဝမ်းမြောက်တော်မူပါ။ သားတော်ရတနာ ဖွားမြင်ပါပြီဟု ပြောဆိုကြလေ၏။ ထို့နောက် စတုမဟာရာဇ် နတ်မင်းကြီးများက သစ်နက်သား အမွေးထည်ဖြင့် လှမ်းယူ၍ လူတို့ လှမ်းပေးပြီး ထိုနောင် လူတို့ ပေါက်မှဆင်းလျက် မြေခွဲတည့်မတ်စွာ ရပ်တော်မူ၍ အရပ်

(၁၀)မျက်နှာကို ရှုစားတော်မူရာ နတ်ဗြဟ္မာတို့က အရိအသေပေးကြသဖြင့် မြောက်အရပ်သို့ ခုနစ်လှမ်း ကြွလှမ်း ပြီးလျှင် "အဂ္ဂေါဟ သ္မိ လောကဿ" တစ်လောကလုံး၌ ငါသာလျှင် အမြတ်ဆုံး"ဟူသော စကားသံကို ရဲရင့်စွာ မိန့်မြွက်တော်မူလေသည်။

**မှတ်ချက်။** ။ အချို့က နား:မှ ဖွားသည်၊ မြောက်ပိုင်းမဟာယာန ဗုဒ္ဓဘာသာ ကျမ်းစာ၌ လက်ယာနံပါး:မှ ဖွားမြင်သည်ဆို ကြ၏။ မဟုတ်ပါ။ ထုံးစံအတိုင်းသာ ဖွားမြင်သည်။ ဖွားမြင် ပြီးနောက် ခုနစ်ရက်မြောက်မှာ မယ်တော်မာယာ နတ်ရွာစံ၏။ ဤသို့ ဖွားမြင်ရခြင်းကြောင့် နတ်ရွာစံရသည် မဟုတ်၊ ကံကုန်၍သာ စံရခြင်း ဖြစ်ပါသည်။

## ပုဏ္ဏားများ ဟောကိန်းထုတ်

အကျိုးအားလုံးကို ပြီးစီးစေနိုင်ခြင်းကြောင့် အလောင်းတော်မင်း:သားကို "သိဒ္ဓတ္ထ"ဟု နာမည်တော်တင် နာမည်မှည့်ကြသည်။ ရုပ်လက္ခဏာကို ကြည့်ရှုစစ်ဆေးသော ပုရောဟိတ် ပုဏ္ဏားတို့တွင် ပုဏ္ဏား (၇)ယောက်တို့က လက်နှစ်ချောင်းထောင်ပြလျက် "လူ့ဘောင်မှာ နန်းစံလျှင် စကြာမင်း၊ တောထွက်တော်မူလျှင် ဘုရားဖြစ်လိမ့်မည်"ဟု ဟော

ကြ၍ အညာသိကောဏ္ဍည မထေရ်လောင်းဖြစ်သော အငယ်ဆုံး ပုဏ္ဏားကမူ လက်တစ်ချောင်းသာ ထောင်ပြလျက် "ကေန်မုချ ဘုရားဖြစ်လိမ့်မည်"ဟု ဟောလေသည်။

## ကြင်ရာရွေးခန်း

ဘုရားအလောင်းတော် (၁၆)နှစ်အရွယ်သို့ ရောက်သောအခါ "ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားကို သင့်တော်သော ကြင်ရာတော်နှင့် ဖက်စပ်၍ ထီးနန်းအပ်နှင်းမှသာ စိတ်ချရမည်၊ သို့မဟုတ်ပါက တောထွက်သွားလိမ့်မည်"ဟု မျူးကြီးမတ်ရာတို့က လျှောက်ထား၍ ဖခင်သုဒ္ဓေါဒန မင်းကြီးက "သားတော်၏ အလိုကို စုံစမ်းကြရမည်ဟု" မိန့်တော်မူ၍ သိဒ္ဓတ္ထမင်းသားအား စုံစမ်းကြရာ ထီးနန်းမစံလိုကြောင်း ငြင်းပယ်သော်လည်း အမျိုးမျိုးတောင်းပန်ကြသဖြင့် ဤဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ကြင်ရာတော်ရလျှင် ထီးနန်း စံပါမည်" ဟု ပြောကြားလေသည်။

## ကြင်ရာတော်၏ ဂုဏ်အင်္ဂါများ

၁။ အဆင်းအရွယ် တင့်တယ်လှပခြင်း။

၂။ အလှဆုံးဖြစ်သော်လည်း ရုပ်အဆင်းအတွက် မာန်မာန မတက်ခြင်း။

၃။ မိမိအပေါ်မှာ မိခင်အလား မေတ္တာစိတ်များများဖြင့် လေးလေးစားစား ယုယတတ်ခြင်း။

၄။ စွန့်ကြဲပေးကမ်း လှူဒါန်းနေရသည်ကိုပင် အလွန် ပျော်စရာဟု မှတ်ထင်လေ့ရှိခြင်း။

၅။ သူတစ်ပါးကို မထီလေးစား မပြုသည့်အပြင် မာယာ သာဌေယျ အမှုမှလည်း ကင်းရှင်းခြင်း။

[မိမိမှာရှိသော အပြစ်ကို မရှိဟန်ဆောင်ခြင်းကို "မာယာ"ဟု ခေါ်၍ မရှိသောဂုဏ်ကို ရှိဟန်ဆောင် ခြင်းကို "သာဌေယျ"ဟု ခေါ်သည်။]

၆။ မာန်မာန မကြီးရသော်လည်း သူတစ်ပါး၏ အစေ အပါးကဲ့သို့ အောက်ကျ နောက်ကျလည်း မရှိရခြင်း။

၇။ လောကီအာရုံ ကာမဂုဏ်၌ မက်မက်မောမော မရှိရ ခြင်း။

၈။ မိမိ၏ စီးပွားဥစ္စာ မိမိ၏အရှင်သခင်နှင့်သာ တင်း တိမ်ရခြင်း။

၉။ ယောကျ်ားတစ်ပါးနှင့်ဆိုလျှင် အိပ်မက်ကိုသော်မျှ မမက်မိအောင် စောင့်စည်းရခြင်း။

၁၀။ သစ္စာဂတိ ကောင်းစွာရှိ၍ တရားပြည့်ဝခြင်း။

၁၁။ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံး စောင့်စည်းလေ့ရှိရခြင်း။

## ကြင်ရာတော်ရှာခြင်း

အထက်ဖော်ပြပါ ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသော ကြင်ရာတော်ကို လှည့်လည်ရှာဖွေခိုင်းရာ "သုဒ္ဓဗုဒ္ဓမင်း၏ အိမ်တော်တို့ရောက်သောအခါ **ယသော်ဓရာမင်းသမီး**ကို တွေ့လေလျှင် မင်းသမီးက စုံစမ်းလာသော မင်းအမတ်တို့ကို လောကွတ်ပျူငှာပြုလျက် "မည်သည့်ကိစ္စဖြင့် အိမ်တော်သို့ ကြွလာပါသလဲ"ဟု မေး၍ အကြောင်းစုံသိရသော် သွက်လက်လိမ်မာရေးခြား မင်းသမီးလေးဖြစ်သည့်အားလျော်စွာ ဂုဏ်အင်္ဂါတို့ကို တောင်းယူကြည့်ရပြီးလျှင် "ဤဂုဏ်များနှင့် ပြည့်စုံသူမှာ မိမိတစ်ယောက်သာရှိကြောင်းကို မောင်တော်ဘုရားအား သံတော်ဦးတင်လိုက်ပါ၊ ဂုဏ်မရှိသော ကြင်ယာနှင့်အတူ ထီးနန်းစံနေတာကို မမြင်ရပါစေနှင့်"ဟု မှာထားပြောဆို လိုက်ပါသည်။

**မှတ်ချက်။** ။ ယသော်ဓရာ မင်းသမီးကား သုမေဓာဘဝက ကြာပန်းကို ဆက်ပြီးလျှင် အတူဆုပန်လာခဲ့သော သုမိတ္တာအမျိုးသမီးပင် ဖြစ်သည်။

## ထီးနန်းစံတော်မူခြင်း

ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် အထက်ပါ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော "ယသောဓရာ" မင်းသမီးကို သာကီဝင်မင်းသမီး လေးသောင်းတို့၏ ထိပ်ထား မိဖုရား ခေါင်အရာ၌ မြှောက်စား၍ ဘိသိက်ခံတော်မူပြီးလျှင် ဆောင်း ဥတု၌ စံမြန်းရန် ရမ္မမည်သော ဘုံ (၉) ဆင့် တိုက်နန်းကို လည်းကောင်း၊ နွေဥတုအခါတွင် စံမြန်းတော်မူရန် သုဘ မည်သော ဘုံ(၅)ဆင့် တိုက်နန်းကိုလည်းကောင်း၊ မိုးဥတု အခါတွင် စံမြန်းတော်မူရန် သုဘမည်သော ဘုံ (၇) ဆင့် တိုက်နန်းကိုလည်းကောင်း ခမ်းနားစွာ တည်ဆောက်ပြီးလျှင် အလောင်းတော်သည် ထိုနန်းဘုံဆောင်၌ စံမြန်း တော်မူပြီး မင်းစည်းစိမ်ကို ခံစားပါသည်။

## ရွှေနန်းသုံးဆောင်စံစားပုံ

၁။ ဆောင်းဥတု၌ ရမ္မ ရွှေနန်းဆောင်၌ စံမြန်းတော် မူသည်။

၂။ နွေဥတု၌ သုရမ္မ ရွှေနန်းတော်၌ စံမြန်း တော်မူသည်။

၃။ မိုးဥတု၌ သုဘ ရွှေနန်းတော်၌ စံမြန်း တော်မူသည်။

**ဆောင်** = နွေ သုရမ္မ၊ မိုး သုဘ၊ ဆောင်းကျ ရမ္မစ။

## သံဝေဂယူတော်မူခြင်း

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစည်းစိမ်ကို ခံစားတော်မူစဉ် သက်တော် ၃၉–နှစ်အရွယ်သို့ ရောက်သောအခါ အခြွေအရံတို့ဖြင့် ဥယျာဉ်သို့ ထွက်တော်မူရာ တောထွက်ဖို့ အခွင့်ကို အမြဲကြည့်ရှုနေကြသော ဗြဟ္မာမင်းတို့က သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီး ၄–ပါးတို့ကို အစဉ်အတိုင်း ဖန်ဆင်းလျက် အလောင်းမင်းသားနှင့် ရထားထိန်း မြင်ရုံမျှ ပြကြလေသည်။ ညနေချမ်း၌ ဥယျာဉ်တော် မင်္ဂလာရေကန်မှ ရထားစီး၍ ထွက်တော်မူစဉ် မှာပင် သားတော်ရတနာ ဖွားမြင်ကြောင်းကို သံတော်ဦးတင်လာသဖြင့် "ရာဟုဇာတော" အနှောင်အဖွဲ့ဖြစ်ပါပကော ဟု ညည်းတွားတော်မူသည်ကို အကြောင်းပြု၍ သားတော်လေးကို "ရာဟုလာ"ဟု နာမည်ပေးကြပါသည်။

## တောထွက်တော်မူခြင်း

နိမိတ်ကြီး (၄) ပါးကို မြင်တော်မူ၍ သံဝေဂရပြီးလျှင် "ယနေ့ညပင် တောထွက်တော့အံ့"၍ ကြံတော်မူရင်း ဆန္ဒအမတ်ကို နှိုးလျက် ကဏ္ဍကမြင်းကို ဆက်ဖို့ရန် အမိန့်ပေးလေသည်။ အလောင်းမင်းသားသည် တောသို့ထွက်ခါနီး

အခါဝယ် သားတော်လေးကို ရှုစားလိုသောကြောင့် ယသော်ဓရာ မိဖုရား၏ အဆောင်သို့ ကြွတော်မူလေ့သည်။ မိဖုရားနိုးတော်မူလျှင် တောထွက်နိုင်ဖို့ လမ်းမပြင်သောကြောင့် "ဘုရားဖြစ်မှ သားချစ်ကို ရှုတော့အံ့" ဟု အာရုံတော်ရုပ်သိမ်း၍ အဆောင်တော်မှ ထွက်ခွာပြီးလျှင် မင်္ဂလာမြင်းတော်ထက်သို့ ရောက်ပြီးနောက် ဝါဆိုလပြည့် သန်းခေါင်ယံအချိန်မှာ နတ်ဗြဟ္မာ ခြံရံလျက် ဖွားဖက်တော် ဆန္နအမတ်အား မြင်းမြီးကို ကိုင်စွဲစေပြီးလျှင် မြို့တံခါးသို့ ရောက်သောအခါ နတ်ဗြဟ္မာများက အဆင်သင့် တံခါးကို ဖွင့်ပေးကြလေသည်။

## မာရ်နတ် တားမြစ်ခြင်း

ထိုအခါ မာရ်နတ်မင်းက "အသင်မင်းသား... တောထွက်ဖို့ မလိုပါ၊ မကြာခင် (၇)ရက်မြောက်၌ စကြာရတနာဆိုက် ရောက်ပါလိမ့်မည်"ဟု ပြောဆို၍ တားမြစ်သော်လည်း ဂရုမပြု စကြာမင်း စည်းစိမ်ကိုပင် လျစ်လျူရှုတော်မူလျက် မင်္ဂလာတံခါးမှ ထွက်တော်မူသည်။

## ရဟန်းပြုတော်မူခြင်း

တောထွက်တော်မူလာခဲ့ရာ အနောမာမြစ်ကမ်းသို့ ရောက်တော်မူလျှင် မြင်းတော်ကို အချက်ပေး၍ ရှစ်ဥသဘ လောက်ဝေးသော ဟိုဘက်ကမ်းသို့ ပြန်သန်းစေပြီးနောက် ဟိုဘက်ကမ်း အရောက်တွင် သဲသောင်ပြင်ဝယ် ထိုင်တော် မူ၍ သံလျက်ဖြင့် ဆံတော်ကို ကိုယ်တော်တိုင် ပယ်ပြတ်တော် မူပြီး ဆံတော်ကို ကောင်းကင်သို့ မြှောက်လိုက်သောအခါ သိကြားမင်းက ခံယူ၍ တာဝတိံသာ နတ်ပြည်၌ စူဠာမဏိ စေတီ တည်ထားသည်။ ထို့နောက် ဃဋိကာရဗြဟ္မာမင်းက ကပ်လှူအပ်သော ရဟန်းပရိက္ခရာတို့ကို ဆင်မြန်းတော်မူပြီး ဝတ်လဲတော်ကို ကောင်းကင်သို့ မြှောက်ပြန်ရာ ဃဋိကာရ ဗြဟ္မာမင်းက ခံယူ၍ ဗြဟ္မာပြည်၌ ဒုဿစေတီ တည်ထား ကိုးကွယ်လေသည်။ ကဏ္ဍကမြင်းတော်သည် မိမိသခင်နှင့် ခွဲခွာရ၍ ရင်ကွဲနာကျပြီး စုတေပြီးနောက် တာဝတိံသာ နတ်ပြည်၌ နတ်သား ဖြစ်သွားလေသည်။

## ဆန္နအမတ် သံတော်ဦးတင်ခြင်း

ဆန္နအမတ်သည် နန်းတော်သို့ပြန်၍ ယသော်ဓရာ မင်းသမီးအား သံတော်ဦး တင်သည်မှာ "သခင်မဘုရား

ဖြစ်ပျက်ပုံ အလုံးစုံကို သံတော်ဦး တင်ပါမည်။ နားဆင်တော်မူပါ၊ သန်းခေါင်ယံအချိန်တွင် အားလုံးသော ရံရွေတော်များ အိပ်ပျော်နေစဉ် "ကဏ္ဍကမြင်းကို ဆက်သရမည်"ဟု အမိန့်ပေးသည့်အခါတွင် စက်တော်ခေါ်နေသော သခင်မကို အနှိုးတော်ဆက်ပါသည်။ နတ်များ ပိတ်ချုပ်ထားသဖြင့် တစ်ယောက်မျှ မနိုးကြပါ၊ သခင်မ ငိုကြွေးခြင်းဖြင့် အကျိုးမရှိတော့ပါ၊ ဘုရားအဖြစ်သို့ ရောက်တော်မူမှ အားရပါးရ ဖူးမြော်ဖို့ရာ ဤနန်းတော်ကနေ၍ မျှော်လင့်တော် မူပါဟု သံတော်ဦး တင်လေသည်။

## ဒုက္ကရစရိယာကျင့်တော်မူခြင်း

ဘုရားအလောင်းတော်သည် ရဟန်းပြုပြီးနောက် ဒေသစာရီ လှည့်လည်တော်မူစဉ် အာဠာရနှင့် ဥဒက ရသေ့တို့ထံဝင်၍ တရားထူးကို စုံစမ်းတော်မူရာ လောကီဈာန်လောက်ကိုသာ ထိုရသေ့တို့ထံမှ ရရှိသဖြင့် တင်းမတိမ်ဘေးဘဲ ဥရုဝေဠတောသို့ကြွ၍ ဒုက္ကရစရိယာ အကျင့်ကို (၆) နှစ်ပတ်လုံး ကျင့်တော်မူပါသည်၊ [အခြားသူတို့ ပြုကျင့်နိုင်ခဲသောအကျင့်ကို ဒုက္ကရစရိယာဟုခေါ်ပါသည်။]

## သုဇာတာ သူဌေးသမီး ဆွမ်းကို အလှူခံခြင်း

ဘုရားအလောင်းတော်သည် (၂၉) နှစ်အရွယ်တွင် တောထွက်တော်မူ၍ ၆ နှစ်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူပြီးနောက် (၃၅) နှစ်အရွယ်တော်သို့ ရောက်သော အခါ ကဆုန်လပြည့်နေ့ဝယ် သေနနိဂုံးသူ သုဇာတာသူဌေး သမီး၏နို့ဃနာဆွမ်းကို ရွှေခွက်ပါ ခံတော်မူ၍ နေရဉ္ဇရာ မြစ်ကမ်း၌ (၄၉) လုပ်မျှ ဘုဉ်းပေးတော်မူပြီးလျှင် "ယနေ့ ဘုရားဖြစ်မည် မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန် တက်စေသား"ဟု အဓိဋ္ဌာန်၍ မျှောလိုက်ရာ ရွှေခွက်လည်း ရေညာသို့ ဆန်သွား၍ ကာဠနဂါးမင်း ဗိမာန်တွင်းသို့ သက်ဆင်း နစ်မြုပ်လျက် ရှေးဘုရားရှင်တို့ ရွှေခွက်အောက်၌ တည်လေသည်။

## အပရာဇိတပလ္လင်ပေါ်ပေါက်ခြင်း

ဘုရားအလောင်းတော်သည် နေရဉ္ဇရာမြစ်ကမ်းနားဝယ် အင်ကြင်းဥယျာဉ်၌ နေ့အဖို့ သီတင်းသုံး၍ ညနေချိန်၌ ဗောဓိပင်သို့ ကြွတော်မူစဉ် လမ်းခရီးအကြား၌ မြက်ရိပ် သမား သုဒ္ဓိယစေဉ်သည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို အဓိဋ္ဌာန်ဖြင့် ကြဲချလိုက်သောအခါ ထိုခဏဝယ် မြက်ရှစ်ဆုပ်

သည် မဟာဗောဓိပင်ရင်း၌ အပရာဇိတပလ္လင် ဖြစ်လာလေသည်။ ထိုပလ္လင်တော်သည် (၁၄) တောင် မြင့်ပါသည်။ (၁၇-တောင် ပြန့်ကျယ်သည်ဟု ဆိုကြသေး၏) ဘုရားအလောင်းတော်သည် ထိုပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးစံတော်မူလျက် "ဘုရားမဖြစ်သေးသမျှ ထက်ဝယ်တင်ပလ္လင်ကို မဖျက်တော့အံ့"ဟု အဓိဋ္ဌာန်၍ စံနေတော်မူလေသည်။

## မာရ်နတ်ကို အောင်မြင်တော်မူခြင်း

ထိုအခြင်းအရာကို မာရ်နတ်မြင်လျှင် မြင်ခြင်း နတ်ပြည်တက်၍ မိမိစစ်သည်တပ်သားများကို စုရုံးလျက် မိမိကိုယ်တိုင်က လက်နက်အမျိုးမျိုး စွဲကိုင်သော လက်ရုံးတစ်ထောင် ဖန်ဆင်းပြီးလျှင် ဂီရိမေခလာ မည်သော ဆင်ပြောင်ကြီးကို စီးနင်းကာ ဗောဓိပင်သို့ရှေ့ရှုလာ၍ မိမိစစ်သည်များကို "တက်ကြလော့ လက်ရဖမ်းကြလော့"ဟု တိုက်တွန်းဆော်ဩပြီး ဗောဓိပင်သို့ မကပ်ဝံ့ကြဘဲ အဝေးက နေ၍သာ အမျိုးမျိုးသော လက်နက်များဖြင့် ပစ်ခတ်ကြလေသည်။

ဘုရားအလောင်းတော်သည် တစ်ပါးတည်း စံနေတော်မူသော်လည်း အနည်းငယ်မျှ ရွံ့တော်မမူဘဲ "သားသည်

မိခင်သည် ရင်ခွင်ထဲမှာနေသော သားငယ်က ဆံပင်ကို ဆွဲ မျက်နှာကိုကုတ် ပါးကိုပုတ်လျက် တလှုပ်လှုပ် နှိပ်စက်သော်လည်း မပျက်နိုင်သော အချစ်မျိုးဖြင့် တိုး၍သာ ပွေ့ပိုက်သကဲ့သို့ ထို့အတူ မာရ်နတ်ကြီးကို မေတ္တာတော်မကင်းဘဲ သနားသောကြည့်ခြင်းဖြင့် ကြည့်တော်မူလျက် နှစ်သက်ဖွယ် စကားများကို တုံ့ပြန် ပြောဆိုတော်မူပြီးလျှင် "ဤပလ္လင်နေရာကို ရဖို့ရန်တွက် မရေတွက်နိုင် ကာလတုန်းက စွန့်လွှတ်လိုက်ရသည်ကို ထားလိုက်ပါဦးတော့၊ နောက်ဆုံး ဝေဿန္တရာဘဝဝယ် ကြင်ယာတော်မြောက်သား မဒ္ဒီ မိဖုရားကို လှူစဉ်တုန်းက ဤမဟာပထဝီ မြေကြီးသည် ပဲ့တင်ဟီးလျက် ရိုက်တီးဆော်ခတ် အသိအမှတ်ပြုခဲ့ဖူးလေပြီ" ဟု မိန့်တော်မူလျက် လက်တော်ဖြင့် မြေကို သုံးသတ်တော်မူသောအခါ ယန္တရားစက်ခလုတ်ကို ဖြုတ်လိုက်သည့်ပမာ ပြင်းစွာ တုန်လှုပ်လေသည်။

မဟာပထဝီမြေကြီး၏ တုန်လှုပ်သံမှာ ပဲ့တင်ထပ်မျှ တောသံ တောင်သံတို့ ပြင်းစွာ ဆူညံသည့်အပြင် ကောင်းကင် တပြင်လုံးလည်း တဂျုံးဂျုံးထစ်ချုံးလျက် မိုးကြိုးများ ကျရောက်လေသည်။ ထိုသို့ တစ်ပြိုင်နက် အကြီးအကျယ်

ကြောက်မက်ဖွယ်ရာများ ဖြစ်ပေါ်လာသောအခါ "ဂိရိမေခလာ" ဆင်ပြောင်ကြီးကိုသော်မှ မကြည့်ရှုအားတော့ဘဲ လက်ရုံးပေါင်း တစ်ထောင်တို့ ဖယ်ရှား၍ မာရ်နတ်ကြီး ထွက်ပြေးလေရာ နောက်လိုက် နောက်ပါ စစ်သည်တော် အားလုံးတို့သည် အစုအရုံး ပျက်ပြား၍ ဝသဝတ္တိ နတ်ပြည်သို့ ထွက်ပြေးကြလေသည်။

## သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ခြင်း

ဘုရားအလောင်းတော်သည် ထိုပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူ၍ ညဉ့်ဦးယာမ်တွင် ရှေး၌ဖြစ်ခဲ့ဖူးသော ခန္ဓာစဉ်ကို အောက်မေ့တတ်သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကို ရရှိတော်မူလေသည်။ သန်းခေါင်ယံ၌ နတ်တို့၏မျက်စိနှင့်တူသော တစ်လောကလုံး၌ရှိသောသတ္တဝါ အပေါင်းတို့ကို မျက်ဝါးထင်ထင် သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိတော်မူလေသည်။ မိုးသောက်ယာမ်၌ အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ကိုရတော်မူ၍ သက်တော် (၃၅)နှစ်အရွယ် မဟာသက္ကရာဇ် (၁၀၃) ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်

ယာမ်ဝယ် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ဝတ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုဘုရားရှင်သည် (၄၅)ဝါကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား ဓမ္မစကြာစသည့် တရားဓမ္မတို့ကို ဟောတော်မူ၍ကာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့လေသည်။

## ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း

(၄၅)ဝါ ကာလပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့သော သဗ္ဗညုဘုရားရှင်သည် သက်တော် (၈၀)အရွယ်သို့ ရောက်သောအခါ မဟာသက္ကရာဇ် (၁၄၈)ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော် မူလေသတည်း။

## လယ်တီဆရာတော် ခုနစ်နေ့ ဘုရားရှိခိုး

**ဆောင်ပုဒ်** = မ သိ ကြ လျှင်၊ တွေး ဆ ဦး။

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင့်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှမ်းရွှမ်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ၊ မဟီလိုဏ်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို။

၃။ ဖွားမြင်ခြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဥ၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မှုနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုကာ၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရိပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်ခန်းမှာကို။

၄။ တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊

မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူ ခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်း ပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော် သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါတို့၊ စကြာရွှေဖွား၊ ဖြန့်ချိသွား၍၊ ငါးပါးဝဂ္ဂီ၊ ဆုံအညီနှင့်၊ မဟီးတစ်သောင်း၊ တိုက် အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွမ်းတယ်ကို။

၆။ တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံတိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူ ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖော်ကူတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စံပြည့်ကြွယ်က၊ လေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာ္ရုံ၊ အင်ကြင်း စုံဒွ၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

၇။ နိဗ္ဗူစံပြီ၊ ရှုမအိသား၊ သိင်္ဂီရှေ့လျော်၊ အလောင်းတော်
ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြံ၍၊ ဂဠုန်နေ့ဝယ်၊
ခိုးငွေ့မနော၊ ခါတ်တောဓောလျှင်၊ ရှင်စောဉာဏ်ဆက်၊
မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊
မွေးတော်ရှစ်စိတ် ကြွင်းတယ်ကို။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ရှင်တော်များကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

အဆုံးဘဝ၊ တိုင်းပြန်ကလည်း၊ ပညာအရာ၊ ဘိဓမ္မာနှင့်၊ ကြေငြာကြော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်အောင်မြို့ ရောက်စေသော်။

သုံးလူထွဋ်ထား၊ မြတ်ဘုရားနှင့်၊ ရှစ်ပါးသံဃာ၊ အရိယာအား၊ ရတနာမိုး၊ ရွာသွန်းဖြိုးသို့၊ ကိုးပါးခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊ အာရုံချိုးကျူး၊ နှုတ်လျှံမြူး၍၊ ကြည်နူးစွစွ၊ ရှိခိုးရသည့်၊ ပုညကုသိုလ်၊ အဖို့ကိုလျှင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ဉာတကာအား၊ သတ္တဝါများ၊ နတ်တို့အားလည်း၊ ရငြားပါစေ၊ အမျှပေးဝေသည်၊ ကောင်းထွေသာစု ခေါ်စေသော်။

## အကျဉ်းချုပ်မှတ်ဖွယ်

၁။ မဟာသက္ကရာဇ် ၆၇–ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့တွင် ပဋိသန္ဓေ တည်တော်မူသည်။

၂။ မဟာသက္ကရာဇ် ၆၈–ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင်၊ ဖွားမြင်တော်မူသည်။

၃။ ၁၆–နှစ်ရွယ်တွင် ရွှေနန်း သုံးဆောင်ခစားပြီး သက်တော် ၂၉–နှစ်ဝယ် တနင်္လာနေ့တွင် တောထွက်တော်မူသည်။

၄။ (၆) နှစ် ဒုက္ကရစရိယာ ကျင့်တော်မူပြီး သက်တော် ၃၅–နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူသည်။

၅။ ဘုရားဖြစ်တော်မူပြီး ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဝါဆိုလပြည့် စနေနေ့တွင် ဓမ္မစကြာ တရားဟောတော်မူ၏။

၆။ မဟာသက္ကရာဇ် ၁၄၇ ခုနှစ်၊ သက်တော် ၈၀၊ ဝါတော် ၄၅–ဝါ အင်္ဂါနေ့တွင် ပရိနိဗ္ဗာန် စံတော်မူသည်။

၇။ ကဆုန်လဆုတ် (၁၂)ရက်၊ တနင်္ဂနွေနေ့တွင် ဘုရားရှင်၏ ခိင္ဓာန်ချက်ဖြင့် တေဇောဓာတ် လောင်တော်မူသည်။ [ဓာတ်တော် မွေတော် ရှစ်စိပ် ရရှိသည်]

# မင်္ဂလသုတ်ပါဠိ၊ အဓိပ္ပာယ်၊ ကဗျာ

## အခြေခံ ၃၇-ဖြာမင်္ဂလာ

## မင်္ဂလာအမွှန်းတင် (၂)ဂါထာ

## အခြေခံ ၃၈-ဖြာမင်္ဂလာ

ဤအခြေခံ ၃၈-ဖြာ မင်္ဂလာ တရားတော် အကျဉ်းမှာ မင်္ဂလသုတ် ပါဠိနှင့် မြန်မာ၊ ကဗျာများသာ ဖော်ပြထားပါသည်။ ဤမင်္ဂလာအကျဉ်း ၃၈-ပါးမှာ မင်္ဂလာစာမေးပွဲဝင်လိုသူ ကျောင်းသူ/သားများနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲဝင်လိုသူ ကျောင်းသူ/သားများအတွက် ရည်ရွယ်ပြီး ရေးသားထားခြင်း ဖြစ်ပါသည်။ မင်္ဂလာစာမေးပွဲမှာ ဗုဒ္ဓဝင်အကျဉ်းနှင့်(၃၈-ဖြာ မင်္ဂလာ ကဗျာများ နှုတ်တက်ရထားပါလျှင် အမှတ် ၂၀-ရရှိပြီး)မင်္ဂလာ ၃၈-ပါး ပါဠိလို

မြန်မာလို ဖြေတတ်ပါလျှင် အမှတ် ၄၀၊ ဗုဒ္ဓဝင်အကျဉ်း သိထားလျှင် အမှတ် ၂၀၊ ပေါင်း အမှတ် ၁၀၀ ပေးထားပါသည်။ မင်္ဂလာစာမေးပွဲ ဝင်လိုသူများနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲဝင်လိုသူများအတွက် ရည်ရွယ်ပြီး ဗုဒ္ဓဝင်အကျဉ်းနှင့် ၃၈–ဖြာ မင်္ဂလာ အကျဉ်း ရေးသားရခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဝင် ဗဟုသုတ လိုလားသူများအတွက် ရည်ရွယ်ပြီး အချို့နေရာများ၌ အကျယ်ရေးသားထားခြင်း ဖြစ်ပါသည်။

## မင်္ဂလာအမွှန်းတင် ၂ ဂါထာ

**ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။**
**သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။**
**ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။**
**သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။**

## မြန်မာပြန်

နတ်နှင့်တကွသော လူတို့သည် ၁၂–နှစ်လောက်ကြာအောင် အကြင်မင်္ဂလာကို စဉ်းစားကြကုန်ပြီ၊ သို့သော် စီးပွားချမ်းသာခြင်းဖြင့် တည်နေကြောင်း ကောင်းသော

မင်္ဂလာကို မသိနိုင်ကြပေ၊ နတ်တို့၏ကိုးကွယ်ရာ နတ်မင်း သဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် မကောင်းမှု အားလုံးကို ပယ်ဖျောက်နိုင်သော (၃၈)ပါးသော မင်္ဂလာကို အားလုံးသော သတ္တဝါတို့၏ အစီးအပွားအလို့ငှာ ဟောတော် မူအပ်ပြီ၊ ထိုမင်္ဂလာကို ငါတို့ ရွတ်ဆိုကြပါစို့။

## မင်္ဂလာကြံစည်ပုံကဗျာ

သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာတရားကို
နတ်လူအများ ကြံစည်ပေ။
ဘယ်သင်း ဘယ်ဟာ မင်္ဂလာစစ်ဟု
သေချာဧစ်မြစ် မသိပေ။
ဆယ့်နှစ်နှစ်တိုင် နတ်ပြိုင်ငြင်းလို့
မင်္ဂလာအခင်း မသိပေ။
မင်္ဂလာတရား ဝါဒများ ကွဲပြားနတ်လူတွေ၊
အဲဒါကြောင့် ကြံကြ စည်ကြ ကမ္ဘာ့မင်္ဂလာတွေ။

**မှတ်ချက်။** ။ မင်္ဂလာတရားတော် ကောင်းကြောင်း၊ အဖိုး တန်ကြောင်း၊ ချီးမွမ်းထောပနာသော စကားကို အမွှန်း တင်ဟု ခေါ်ပါသည်။

## မင်္ဂလာနိဒါန်း ပါဠိ

(က) ဧဝံ မေ သုတံ

(ခ) ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

(ဂ) အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

(ဃ) ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

## မြန်မာပြန် အရှင်အာနန္ဒာ လျှောက်ထားပုံ

(က) အရှင်ဘုရား... တပည့်တော်သည် ဤမင်္ဂလသုတ် ဒေသနာတော်ကို ဘုရားရှင် မျက်မှောက်တော်၌ ဤနည်းအတိုင်း ကြားနာမှတ်သား ဆောင်ထားလိုက်ရပါသည်ဘုရား။

(ခ) အခါတစ်ပါး၌ မြတ်စွာဘုရားသည် **သာဝတ္ထိမြို့တော်**

အနီးဝယ် **အနာထပိဏ် သူဌေး**ဆောက်လုပ်လှူဒါန်းထားသော **ဇေတဝန်ကျောင်းတိုက်**၌ သီတင်းသုံးနေထိုင်တော်မူပါသည်။

(ဂ) ထိုအခါ နာမည် မထင်ရှားသော နတ်သား တစ်ယောက်သည် ညဉ့်ဦးယာမ် လွန်ပြီးသော သန်းခေါင်အချိန်၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက် တစ်ရပ်လုံးကို ကိုယ်ရောင်ဖြင့်ထွန်းလင်းစေလျက် မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်၍ ဝပ်ချပြီးလျှင် သင့်တော်သောအရပ်၌ မတ်တတ်ရပ်နေပါသည်။

(ဃ) သင့်တော်ရာအရပ်၌ မတ်တတ်ရပ်နေသော ထိုနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထားလေသည်။

## နတ်သားလျှောက်ထားပုံ ဂါထာ

(င) ဗဟူဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

## မြန်မာပြန်

(င) များစွာကုန်သော လူနတ်တို့သည် ကြီးပွားခြင်း၊ ချမ်းသာခြင်းကို လိုလားတောင့်တကုန်သည်ဖြစ်၍ မင်္ဂလာတို့ကို စဉ်းစားကြံစည်ခဲ့ကြပါကုန်ပြီ၊ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော (၃၈)ဖြာ မင်္ဂလာကို ဟောတော်မူပါ။ ဤသို့ နတ်သားက လျှောက်ထားလေသည်။

## မင်္ဂလာနိဒါန်းလျှောက်ထားပုံ ကဗျာ

သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းဝယ်၊
ကိန်းအောင်း ပျော်မွေ့ မြတ်စိန္တေ၊
သန်းခေါင်ယံခါ မထင်ရှားသည့်
နတ်သားတစ်ယောက် ချဉ်းကပ်လေ
ချဉ်းကပ်ပြီးသော် မင်္ဂလာသဘောကို
ထင်ရှားဟောဖို့ လျှောက်ပန်ခွေ။
အသေဝနာတရား၊ အစထား ဟောကြားမိန့်ခဲ့ပေ။
အဲဒါကြောင့် နာရ ကြားရ ကမ္ဘာ့မင်္ဂလာတွေ။

## မင်္ဂလာနိဒါန်း အဓိပ္ပာယ်

(က) နတ်နှင့်တကွသော လူတို့သည် ချမ်းသာစီးပွား ကြီးပွားကြောင်းဖြစ်သော တရားတော်ကို မင်္ဂလာဟု ခေါ်ပါသည်။

(ခ) လောကလူသား သတ္တဝါအားလုံးတို့၏ အကျိုးစီးပွား အကျိုးငှာ မကောင်းမှု မှန်သမျှကို ပယ်ဖျောက် တတ်သောတရားတော်ကို မင်္ဂလာဟု ခေါ်ပါသည်။

(ဂ) ကြီးပွားချမ်းသာကြောင်းဖြစ်သော မင်္ဂလာအလုပ် များကို ပြထားသော တရားတော်ကို မင်္ဂလသုတ်ဟု ခေါ်ပါသည်။

## ဆောင်ပုဒ်

(က) ကြီးပွားချမ်းသာ၊ ကြောင်းများစွာ၊ မင်္ဂလာဟုခေါ်၊

(ဂ) ချမ်းသာကြီးပွား၊ အကြောင်းများကို၊ ပြထားဖော် ထုတ်၊ တရားကြုတ်၊ မင်္ဂလသုတ်ဟုခေါ်။

## မင်္ဂလာနိဒါန်းအကျဉ်းချုပ်

**မင်္ဂလာတရား** – ၃၈ ပါး

**မင်္ဂလာတရား ကြံစည်သူ** – လူ၊ နတ်၊ ဗြဟ္မာ

**ကျဲစည်သောနှစ်** – ၁၂ နှစ်
**မင်္ဂလာတရားဟောကြားသူ** – မြတ်စွာဘုရား
**တိုင်းပြည်** – သာဝတ္ထိပြည်
**ကျောင်း** – ဇေတဝန်ကျောင်း
**ကျောင်းဒကာ** – အနာထပိဏ်သူဌေးကြီး
**လျှောက်ထားသူ** – မထင်ရှားသောနတ်သား (သိကြားမင်း)
**လျှောက်ထားချိန်** – ညဥ့်သန်းခေါင်ယာမ်ချိန်။

**မှတ်ချက်။** ။ အချိန်တိုတိုဖြင့် ၃၈–ဖြာ မင်္ဂလာတရားတော်ကို သင်ကြားရမည်ဖြစ်၍ မင်္ဂလာနိဒါန်းပါဠိနှင့် နတ်သားလျှောက်ထားပုံ ဂါထာထိ ပါဠိများကို မသင်ကြားသေးဘဲ၊ ဘုရားရှင်ဖြေကြားသော (၁) အသေဝနာစ ဗာလာနံ အစဖြာသောဂါထာ များ မှစ၍ မင်္ဂလာတစ်ပါးပါး၏ အဓိပ္ပာယ်နှင့် မင်္ဂလာကဗျာကိုသာ သင်ကြားပေးရန် ဖြစ်ပါ သည်။ ၃၈–ဖြာမင်္ဂလာပါဠိနှင့် အဓိပ္ပာယ်သိလောက်ရုံသာ သင်ကြားပေးရန် ဖြစ်ပါသည်။ မင်္ဂလာနိဒါန်းကို ပါဠိမသင်ဘဲ ကဗျာကို သင်ပေးပြီး အဓိပ္ပာယ်အကျဉ်းကိုသာ တပည့်များအား ဆရာမှမှတ်စုလောက်သာ သင်ကြားပေးရန် ဖြစ်ပါသည်။

**စာရေးသူ**

# ဘုရားရှင်ဟောကြားသော ၃၈-ဖြာမင်္ဂလာ
# ဆက်ဆံရေးမင်္ဂလာ

(၁) အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

| ပါဠိ | မြန်မာ |
|---|---|
| ၁။ **အသေဝနာ စ ဗာလာနံ** = | လူမိုက်တို့ကို မပေါင်းသင်း မမှီဝဲ မဆည်းကပ်ရခြင်း။ |
| ၂။ **ပဏ္ဍိတာနဉ္စ သေဝနာ** = | လူလိမ္မာပညာရှိတို့ကို ပေါင်းသင်း မှီဝဲ,ဆည်းကပ်ခြင်း။ |
| ၃။ **ပူဇာ စ ပူဇနေယျာနံ** = | ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း။ |
| **ဧတံ မင်္ဂလမုတ္တမံ** = | ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်သည်။ |

## မြန်မာပြန်သက်သက်

၁။ လူမိုက်တို့ကို မပေါင်းသင်း, မမှီဝဲ, မဆည်းကပ်ရခြင်း၊
၂။ လူလိမ္မာ ပညာရှိတို့ကို ပေါင်းသင်း, မှီဝဲ, ဆည်းကပ်ခြင်း၊
၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

## မင်္ဂလာကဗျာ

(၁) လူမိုက်ဆိုလျှင်၊ ရှောင်သွေလွှဲလို့ မမှီဝဲနှင့် ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ၊

သုံးပါးရတနာ မိဘများနှင့် ဆရာသမားကို ပူဇော်လေ၊

ချမ်းသာကိုပေး၊ ဆက်ဆံရေး မျှော်တွေး သုံးချက်ပေ၊

အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## နေထိုင်ရေးမင်္ဂလာ

(၂) ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

**ပါဠိ** **မြန်မာ**

၁။ **ပတိရူပဒေသဝါသော စ** = သင့်တော်သော အရပ်၌ နေရခြင်း၊

၂။ **ပုဗ္ဗေ စ ကတပုညတာ** = ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုပြုခဲ့ခြင်း၊

၃။ **အတ္တသမ္မာပဏိဓိ စ** = အကျင့်သီလ မပျက်ရအောင် ကိုယ်စိတ်နှစ်ပါး ကောင်းစွာထား ခြင်း၊ ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

**မင်္ဂလာကဗျာ**

ကုသိုလ်ပညာ ဥစ္စာရဘို့
သင့်ရာဒေသ အမြဲနေ
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး ရှိပါစေ၊
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ၊
ဥစ္စာကိုပေး နေထိုင်ရေး
မျှော်တွေး သုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ပညာရေးမင်္ဂလာ

(၃) ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

| ပါဠိ | မြန်မာ |
|---|---|
| ၁။ **ဗာဟုသစ္စဉ္စ** | = အကြားအမြင် ဗဟုသုတများခြင်း၊ |
| ၂။ **သိပ္ပဉ္စ** | = အပြစ်ကင်းသော လက်မှုစက်မှု ပညာတတ်ခြင်း၊ |
| ၃။ **ဝိနယောစ သုသိက္ခိတော** | = ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာ သင်ကြားခြင်း၊ |
| ၄။ **သုဘာသိတာစ ယာ ဝါစာ** | = စကားကို ကောင်းစွာ ချိုသာစွာ ပြောဆိုခြင်း၊ ဤလေးပါး သည် ကောင်းမြတ်သော မင်္ဂလာ ဖြစ်ပါသည်။ |

**မှတ်ချက်။** ။ ဤမင်္ဂလာလေးပါးသည် ကလေးများအတွက် တစ်သက်လုံး ကောင်းကျိုးကိုရစေ ပေးစေနိုင်သော မင်္ဂလာများ ဖြစ်ပါသည်။

## မင်္ဂလာကဗျာ

တတ်ကောင်းတတ်ရာ ဟူသမျှကို
ကြားမြင်သုတ ရှိပါစေ
အိုးအိမ်တည်ထောင် ဝမ်းစာရေးနှင့်
အသက်မွေးဖို့ အတတ်သင်လေ၊
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို
ကောင်းစွာသင်ကြား နားလည်စေ
မှန်ကန်ယဉ်ကျေး ချိုသာအေး
ဆိုရေးတတ်ပါစေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ပြုစုစောင့်ရှောက်ရေးမင်္ဂလာ

(၄) မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

| ပါဠိ | မြန်မာ |
|---|---|

၁။ **မာတာပိတုဥပဋ္ဌာနံ** = မိဘတို့ကို ကောင်းစွာလုပ်ကျွေးပြုစုခြင်း။

၂။ **ပုတ္တဒါရဿ သင်္ဂဟော** = သားသမီးနှင့် ဇနီးမယားတို့ကို ချီးမြှောက်ရခြင်း။

၃။ **အနာကုလာစ ကမ္မန္တာ** = (မရှုပ်မပွေ) အပြစ်ကင်းသော အမှုကို ပြုရခြင်း၊ (အပြစ်ကင်းတဲ့ စီးပွားရေး ရှာဖွေလုပ်ကိုင်ရခြင်း) ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာ ဖြစ်ပါသည်။

## မင်္ဂလာကဗျာ

(၄) မြင်းမိုရ်ရွှေတောင် မိဘကြွေးကို
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ
ကြွေးသစ်ချကာ သားနှင့်မယား
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ၊
အလုပ်တာဝန် မလစ်ဟင်းနဲ့
အပြစ်ကင်းအောင် လုပ်ပါလေ
စည်းစိမ်ကိုပေး ပြုစုရေး
မျှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**သတိ။** ။ဤမင်္ဂလာများသည် ကျောင်းမှထွက်လျှင် ပြုလုပ်ရမည့် မင်္ဂလာများ ဖြစ်သည်ကို သတိပြုပါ။

## လိုက်နာကျင့်သုံးရေး မင်္ဂလာ

(၅) ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပါဠိ — မြန်မာ

၁။ **ဒါနဉ္စ** = စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊

၂။ **ဓမ္မစရိယာ စ** = (မိမိသန္တာန်၌) သုစရိုက်တရားကို ကျင့်ခြင်း။

၃။ **ဉာတကာနဉ္စ သင်္ဂဟော**= ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း၊

၄။ **အနဝဇ္ဇာနိ ကမ္မာနိ** = အပြစ်မရှိသော အလုပ်တို့ကို ပြုလုပ်ခြင်း။ (စေတနာ့ဝန်ထမ်း ရပ်ရွာသန့်ရှင်းရေး အလုပ်မျိုး) ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

### မင်္ဂလာကဗျာ

သုံးတန်စေတနာ ဖြူစင်လန်းလို့
ပေးကမ်းဝေမျှ လှူနိုင်စေ၊
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့

သုစရိုက်တရားကို ကျင့်ပါလေ၊
ဆွေမျိုးတွေကို ပြစ်မထားနဲ့
သင်္ဂဟတရားနှင့် ချီးမြှောက်လေ၊
သန့်ရှင်းပြစ်မျိုး လူထုအကျိုး၊
သည်ပိုးရွက်ဆောင်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ရှောင်ကြဉ်ရေးမင်္ဂလာ

(၆) အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

| ပါဠိ | မြန်မာ |
|---|---|

၁။ **အာရတီပါပါ** = စိတ်ဖြင့် ရှောင်ကြဉ်ခြင်း၊
၂။ **ဝိရတီပါပါ** = ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်း၊
၃။ **မဇ္ဇပါနာ စ သံယမော** = သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊
၄။ **အပ္ပမာဒေါစ ဓမ္မေသု** = သုစရိုက် ၁၀ ပါး ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း၊ ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

(၁) သက်သတ်,ခိုးမှု၊ ကာမေသုနှင့် မုသား၊ ဤ ၄-ပါးတို့ကို မတွေ့မိအောင် ရှောင်ကြဉ်ခြင်း။
(၂) သက်သတ်,ခိုးမှု၊ ကာမေသုနှင့် မုသား၊ ဤ ၄-ပါးတို့ကို အထူးရှောင်ကြဉ်ခြင်း။

## မင်္ဂလာကဗျာ

(၆) မကောင်းမှုတွေ ဟူသမျှကို
မတွေ့ခင်က ရှောင်ကြဉ်လေ
တွေ့ကြုံလာလျှင် မလွန်ကြူးနဲ့
အထူးသဖြင့် စောင့်စည်းနေ
အရက်သေစာ မသောက်စားနဲ့
မှောက်မှားတတ်တဲ့ အရာပေ၊
လုပ်ကိုင်ပြောကြား သတိထား
တရားမမေ့စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**သတိပြုရန်။**

မာတာပိတုဉပဋ္ဌာန မင်္ဂလာ ၂-ပါးကို မခွဲဘဲ "အာရတီ ဝိရတီပါပ" မင်္ဂလာကို အာရတီပါပ၊ ဝိရတီပါပဟု

၂ မျိုးခွဲပြီး ရေတွက်ထားပါသည်။ အချို့က မာတာပိတု ဥပဋ္ဌာနကို မာတာဥပဋ္ဌာန + ပိတုဥပဋ္ဌာနဟု ၂ မျိုးခွဲထားသည်လည်း ရှိ၏။ ဘယ်ဟာကိုခွဲခွဲ ၃၈ ဖြာ မင်္ဂလာပြုရသည်။

## စိတ်နေထားတတ်ရေးမင်္ဂလာ

(၇) ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

| ပါဠိ | မြန်မာ |
|---|---|
| ၁။ **ဂါရဝေါ စ** | = အသက်သိက္ခာ ဂုဏ်ဝါ ကြီးမားပုဂ္ဂိုလ်များကို ရိုသေလေးစားခြင်း၊ |
| ၂။ **နိဝါတော စ** | = မိမိကိုယ်ကို မာန်မာန မထားဘဲ နှိမ့်ချခြင်း (ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား၊ ပမာထား၍) |
| ၃။ **သန္တုဋ္ဌိ စ** | = ရသမျှနှင့် တင်းတိမ်ရောင့်ရဲခြင်း၊ |
| ၄။ **ကတညုတာ** | = သူတစ်ပါးပြုဖူးသည့် ကျေးဇူးကို သိတတ်ခြင်း၊ |
| ၅။ **ကာလေန ဓမ္မဿဝနံ** | = အခါအားလျော်စွာ တရားနာခြင်း၊ ဤ ၅ ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။ |

## မင်္ဂလာကဗျာ

(၇) အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက
ဆည်းကပ်ခစား ရိုသေသေ
မာနတံခွန် ဂုဏ်မကြွနဲ့
ကိုယ့်ကို နှိမ်ချ အမြဲနေ
လောဘအပို လိုမလိုက်နဲ့
ကိုယ့်ထိုက်တာနဲ့ ကျေနပ်လေ
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး
အထူးသိတတ်စေ
ကောင်းကျိုးဆင့်ပွား မြတ်တရား
နာကြား မပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## သည်းခံရေး မင်္ဂလာ

(၈) ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

| ပါဠိ | မြန်မာ |
|---|---|

၁။ **ခန္တီ စ** = မြေကြီးပမာ အရာရာတွင် သီးခံခြင်း၊

၂။ **သောဝစဿတာ** = ပြောဆိုဆုံးမ၍ နားထောင်လွယ်ခြင်း၊

၃။ **သမဏာနဉ္စ ဒဿနံ** = ရဟန်းသံဃာတော်များကို ဖူးမြင်ခြင်း၊

၄။ **ကာလေန ဓမ္မသာကစ္ဆာ** = မကြာခဏ တရားစကား ဆွေးနွေး မေးမြန်းခြင်း၊ ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာ ဖြစ်ပါသည်။

### မင်္ဂလာကဗျာ

ဝတ်စားနေထိုင် ရန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း၊ သည်းခံလေ၊
ကျိုးကြောင်းပြည့်ဝ် ဆုံးမစကားကို
ပြောကြားလာက နာလွယ်စေ၊
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို
မကြာခဏ တွေ့ဆုံလေ
သဘာဝရေး မှန်ကန်ရေး
ဆွေးနွေး မပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**သတိပြုရန်**။ ။ ၄–နံပါတ်အရ လောကုတ္တရာ နိဗ္ဗာန်ရောက်ကြောင်းတရားသာ မဟုတ်၊ လောကကြီးပွားရေး၊ တိုင်းပြည်

စည်ပင်သာယာရေး၊ နိုင်ငံတော်နှင့် လူမျိုး တည်မြဲ၊ မြို့ရွာ ရပ်ကွက် အိမ်ထောင်စည်ပင် ကြီးပွားရေးခိုင်ခန့်ရေး သဘော တရားတို့ကိုပါ ယူရမည်ကို အထူးသတိပြုပါ။

## ခြိုးခြံချွေတာရေးမင်္ဂလာ

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပါဠိ မြန်မာ

၁။ **တပေါ စ** =ခြိုးခြံစွာ အကျင့်ကို ကျင့်ခြင်း၊ (ခြိုးခြံ ချွေတာပါ)

၂။ **ဗြဟ္မစရိယဉ္စ** = မြတ်သောအကျင့်ကို ကျင့်ခြင်း၊ (မေထုန်မှ ရှောင်ခြင်း)

၃။ **အရိယသစ္စာနဒဿနံ** = သစ္စာလေးပါးတရားကို သိမြင်ရခြင်း၊

၄။ **နိဗ္ဗာနသစ္ဆိကရိယာ စ** = အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ဤလေးပါးသည် ကောင်းမြတ်သောမင်္ဂလာ ဖြစ်ပါသည်။

## မင်္ဂလာကဗျာ

လောကီအာရုံ ဓိမ်ယစ်မူးလို့
ပျော်မကြူးနဲ့ ခြိုးခြံလေ၊
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံး ယွင်းမသွေ
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင် ကြိုးစားလေ၊
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း
အလင်းပေါက်ပါစေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**မှတ်ချက်။** ။ တပ အကျင့်ဟူသည် မျက်စိ, နား, နှာခေါင်း **လျှာ**, ကိုယ်, စိတ် ဟူသော ဣန္ဒြေ ၆ ပါးလုံးကို အကုသိုလ် **လုံး**လုံးမဖြစ်အောင် စောင့်ထိန်းရသော အကျင့်နှင့် အလွန် အမင်း ကြိုးစားရသော ဝီရိယ ဖြစ်ပါသည်။

## စိတ်ထားနိုင်ခန့်ရေးမင်္ဂလာ

**(၁၀)**ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

**ပါဠိ** **မြန်မာ**

၁။ **ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ** = လောကဓမ်တရား တစ်ပါးပါးနှင့် တွေ့ထိနှိပ်စက်ခံရလျှင် စိတ်ဓာတ် မတုန်လှုပ်ခြင်း၊

၂။ **အသောကံ** = စိုးရိမ်ပူဆွေး ဝမ်းမနည်းခြင်း၊

၃။ **ဝိရာ ဇံ** = မမက်မောခြင်း (ကိလေသာမြူကင်းခြင်း)

၄။ **ခေမံ** = ဘေးမရှိခြင်း [ကြောက်လန့်ဖွယ်ရာဘေးမရှိခြင်း]

ဤတရားလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်ပါသည်။

## မင်္ဂလာကဗျာ

ဆင်းရဲချမ်းသာ သဘာဝကို
တွေ့ကြုံနေကြ လူတိုင်းပေ
ကောင်းဆိုးနှစ်တန် အစုံတွဲလို့
တစ်လဲစီလှဲ့ အမြဲနေ
လောကဓမ်ကြုံ မဖြုန်တန်းပေါ့
မတုန်စမ်းနဲ့ စိတ်ခိုင်စေ

သောကကိုထိန်း ရမ္မက်သိမ်း
အေးငြိမ်းချမ်းသာစေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**(မှတ်ချက်)** ဤမင်္ဂလာလေးပါးသည် ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ပါသည်။ သို့သော်လည်း သာမန်ပုဂ္ဂိုလ်များနှင့်လည်း သက်ဆိုင်သင့်သလောက် သက်ဆိုင်ပါသည်။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို ဖော်ပြထားသောမင်္ဂလာများ ဖြစ်ကြသည်။

## မင်္ဂလာအကျိုး

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထမပရာဇိတာ၊
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

သုံးဆယ့်ရှစ်ဖြာ ဤမင်္ဂလာတို့ကို လိုက်နာကျင့်သုံးကြပါလျှင် ရန်သူအားလုံးတို့တွင် မည်သည့်ရန်သူမျှ အနိုင်မရဘဲ မိမိကသာ အောင်နိုင်၍ လောကီ လောကုတ္တရာ စီးပွားချမ်းသာ ကျက်သရေတွေ တိုးပြီး ကောင်းကျိုးချမ်းသာ ဝေဝေဆာဆာ တိုးတက်လျက် ဘေးဥပါဒ် အန္တရာယ်ကင်းပြီ လူချစ်လူခင်ပေါများကာ ပြောဆိုကြံဆ ဆောင်ရွက်သမျှ အောင်မြင်မည်မှာ မလွဲပေ။

ထို့ကြောင့် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့သည် လူ နတ် ဗြဟ္မာတို့အတွက် ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

## မင်္ဂလာကဗျာ

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုန်းကို
လိုက်နာကျင့်သုံး ပန်သူတွေ၊
စီးပွ ်းချမ်းသာ ကျက်ရေတိုးလို့
ကောင်းကျိုးစည်ပွင့် တဝေဝေ၊
ဘေးရန်ကင်းကွာ ချစ်သူပေါလို့
စိတ်ရောကိုယ်ရော ချမ်းသာမလေ
ပြောဆိုကြဲဆ ဆောင်သမျှ
အောင်ရမည့်ကိန်းသေ၊
အဲဒါကြောင့် ပန်ကြဆင်ကြ
မင်္ဂလာပန်းခိုင်တွေ။

## လောကီ + လောကုတ်မင်္ဂလာ

(က) ၁ မှ ၃၂ အထိ လောကီမင်္ဂလာများ ဖြစ်၏။
(ခ) ၃၃ မှ ၃၈ အထိ ၆ ပါးသည် လောကုတ္တရာ မင်္ဂလာဖြစ်၏။

## သင်ကြားပုံ

၁။ မင်္ဂလာသုတ် ပါဠိအား စာလုံးဆင့် ပါဠိများကို ကလေးများ ဖတ်တတ်အောင် ပထမ သင်ကြားပြောပြပါ။

၂။ ထိုပါဠိကို မြန်မာပြန်ခိုင်းပါ၊ အပြန်အလှန် မြန်မာပြန် ပြောလျှင် ပါဠိ မင်္ဂလာ ပြောတတ်အောင် အကြမ်းအားဖြင့် သင်ကြားပေးရန်။

## ငါးရာငါးဆယ် ဒသကနိပါတ်လာ မဟာမင်္ဂလာကြီး (၈)ပါး

| | | |
|---|---|---|
| ၁။ | မြင်ရ၊ တွေ့ရ၊ အေးမြပါစေ | (မေတ္တာ) |
| ၂။ | ယုတ်သော မြတ်သော၊ သဘောခန္တီ | (ခန္တီ) |
| ၃။ | မြင်တိုင်း တွေ့တိုင်း ညွှတ်ကိုင်းရိုသေ | (ဂါရဝ) |
| ၄။ | မိတ်ဆွေချစ် စင်စစ်မှတ်ကြလေ။ | (မိတ္တ) |
| ၅။ | ချစ်ဖွယ်သက်ထား ရင်ြားတစ်ထွေ | (ချစ်ဇနီး) |
| ၆။ | ကိုယ်ပိုင်ဉာဏ်ရင်း လူမင်းသိစေ | (ပညာ) |
| ၇။ | စွန့်ကြဲ ပေးကမ်း လှူဒါန်းမသွေ | (ဒါန) |
| ၈။ | မင်္ဂလိုလ်နန်း စံမြန်းဝင်နိုင်စေ | (နိဗ္ဗာန်) |

### မင်္ဂလာနိဂုံး

ကလေးအရွယ် လိမ္မာပါမှ၊ ကြီးရင့်က လိမ္မာမည်
မလိမ္မာ ပြည်ထောင်စုကြလျှင်၊ ကောင်းမှုမတည်
ကလေးတို့ နေပြည်၊ တည်စေဖို့ စိတ်စော၊
နံနက်မင်္ဂလာနှင့် နေ့မကွာ ညဥ့်ပါသုံးလို့ရယ်၊
ပြကြစေသော။

**မင်္ဂလာကဗျာ ဤတွင်ပြီး၏။**

---

## ၃၈-ဖြာမင်္ဂလာ ကောက်နုတ်ချက် အဓိပ္ပာယ်များ

ဤ ၃၈–ဖြာ မင်္ဂလာ ကောက်နုတ်ချက် အဓိပ္ပာယ်များကို ရေးသားရခြင်းမှာ မင်္ဂလာမောင်မယ်များ မင်္ဂလာ ဒုတိယဆင့်၊ တတိယဆင့် စာမေးပွဲများ ဝင်လိုသူ၊ မင်္ဂလာ မောင်မယ်အဆင့်မြင့် သင်တန်းရောက်အောင် သင်ကြားလိုသူများ၊ မင်္ဂလာ ဒုတိယဆင့်၊ တတိယဆင့် အောင်ပန်းဆွတ်ခူးလိုသူများ မင်္ဂလာမောင်မယ် လူလိမ္မာ၊ လူကောင်းများ ဖြစ်စေရန်အတွက် ရည်ရွယ်ပြီး ရေးသားရခြင်း ဖြစ်ပါသည်။ ၃၈–ဖြာ မင်္ဂလာတရားတော်များသည် လောကီကြီး

ပွားတိုးတက်ရေး၊ လောကုတ္တရာကြီးပွား တိုးတက်ရေးကို လိုလား သူများ ကြည့်ရှုမှတ်သားစေရန်နှင့် မိဘနှင့်သားသမီး ဆရာနှင့် တပည့်၊ လင်နှင့် မယား၊ ဒကာနှင့်ဆရာ၊ တရား မပျက်စေဘဲ၊ လက်တွဲပြီး ဘာသာရေး၊ သာသနာရေး၊ လူမှုရေးကိစ္စများကို လက်တွဲညီညီ ဆောင်ရွက်နိုင်ပြီး ကမ္ဘာ ငြိမ်းချမ်းရေး တရားများဖြစ်ကြောင်း သိရှိနားလည်စေ ရန်အတွက် အဓိပ္ပာယ်ကောက်နုတ်ချက်များကို ထပ်ဆင့်ပြီး ရေးသား ရခြင်း ဖြစ်ပါသည်။

## ၁။ အသေဝနာ စ ဗာလာနမင်္ဂလာ

### လူမိုက်

လူတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ တိရစ္ဆာန် ကိုဖြစ်စေ၊ ဆင်းရဲကြောင်းဖြစ်သော အမှုကို ပြုလုပ်ပြောဆို ကြံစည်နေသူကို ဗာလ လူမိုက်ဟု ခေါ်ပါသည်။

**ဆောင်။** ။ မကောင်းတာ လုပ်၊ မကောင်းတာ ပြော၊
မကောင်းတာ ကြံ၊ လူယုတ် ဗာလာနံ။

## လူမိုက် ဥပမာ

(က) လူမိုက်သည် ငါးပုတ်နှင့်တူ၏။ ငါးပုတ်သည် သူကိုယ်တိုင်လည်း ပုတ်စော်နံ၏။ သူ့ကို ထုတ်ထားသော ဖက်လည်း နံ၏။ ထို့အတူ လူမိုက်ခေါ် အကျင့်မကောင်းသော သူသည် သူကိုယ်တိုင်လည်း မကောင်းတာ ပြုလုပ်၊ မကောင်းတာ ပြောဆို၊ မကောင်းတာ ကြံ၍၊ သူနှင့် ပေါင်းသင်းသူကိုလည်း မကောင်းတာ ပြုလုပ်စေ၏။ မကောင်းတာ ပြောဆိုစေ၏။ မကောင်းတာကို ကြံစည်စေ၏။ လူမိုက် တည်းဟူသော ငါးပုတ်သည်သူနှင့် ပေါင်းသင်းသောသူကိုပါ နံစော်မှုသည် ထုတ်ထားသော ဖက်ပါ အပုတ်စော်နံသကဲ့ သို့တည်း။ သင်သည် မိမိနှင့် ပေါင်းသင်းနေသူများ၊ ပေါင်းသင်းမည့်သူများကို လူဆိုးလား၊ လူကောင်းလား၊ အကျင့်ကောင်းသူလား၊ အကျင့်မကောင်းသူလား စသည်ဖြင့် စိစစ်ပါ၊ စိစစ်ပြီးမှ ပေါင်းသင်းပါ။ အကယ်၍ သင်သည် လူမိုက်ခေါ် အကျင့်ပျက်သူများကို ရှောင်ရှားမည်ဆိုပါလျှင် သင်၏ ပညာရေး၊ စီးပွားရေး၊ ကိုယ်ရေး၊ ကိုယ်တာများ တိုးတက်ဖြစ်ထွန်းရေး၌ အတားအဆီးမရှိ ကင်းရှင်းသွားပြီဟု မှတ်ယူ နိုင်ပါသည်။

## (၂) ပဏ္ဍိတာနဉ္စ သေဝန မင်္ဂလာ

### လူလိမ္မာ

လူတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ တိရစ္ဆာန်ကိုဖြစ်စေ၊ ချမ်းသာကြောင်းဖြစ်သော အမှုကို ပြုလုပ် ပြောဆို ကြံစည်နေသူကို ပဏ္ဍိတ ,,လူလိမ္မာ ပညာရှိဟု ခေါ်ပါသည်။

**(ဆောင်)**ကောင်းတာ လုပ်၊ ကောင်းတာ ပြော၊ ကောင်းတာ ကြံ၊ လူမြတ်ပဏ္ဍိတံ။

### လူလိမ္မာ ဥပမာ

(က) လူလိမ္မာခေါ် လူကောင်းသူကောင်းသည် အမွှေးနံ့ရှိသောနှင်းဆီပန်း, စံပယ်ပန်းနှင့်တူ၏။ နှင်းဆီပန်း စံပယ်ပန်းသည် သူကိုယ်တိုင်လည်း ရနံ့သင်း ပြန့်မွှေးကြိုင်၍ သူ့ကိုထုတ်ထားသော ဖက်ကိုလည်း သင်းပျံ့မွှေးကြိုင်စေ၏။ ထို့အတူ နှင်းဆီ, စံပယ်ပန်းနှင့်တူသော လူလိမ္မာသည် သူကိုယ်တိုင်လည်း ကောင်းတာ ပြုလုပ်၊ ဟုတ်တာ ပြော၊ ကောင်းတာ ကြံ၏၊ အမွှေး ပန်းကို ထုတ်ထားသော ဖက်နှင့်တူသော သူနှင့် ပေါင်းသင်းသူကိုယ်လည်း ကောင်းတာပြုလုပ်စေ၏။ ဟုတ်တာ ပြောစေ၏၊ ကောင်းတာ ကြံစည်

စေ၏။ ထိုသို့ဖြစ်စေနိုင်သည့် အပြုအမူများသည် လူလိမ္မာမှာ ရှိ၏။ လူလိမ္မာသည် ကောင်းသတင်း ကျော်ဇောသကဲ့သို့ သူနှင့်ပေါင်းသင်းနေသူကိုယ် လည်း ကောင်းသတင်း ထွက်ပေါ်စေပါသည်။

သင်၏ အပေါင်းအသင်းများသည် လူလိမ္မာ လူတော်လူကောင်းများ ဖြစ်နေသည်ဆိုပါက သင်၏ ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး စသည်များ တိုးတက်ဖြစ်ထွန်းရေး၌ အရေးပါသော အခြေခံ ကောင်းတစ်ခု ဖြစ်သည်ဟု မှတ်ယူပါလေ။

## ပူဇာ စ ပူဇနေယျာန မင်္ဂလာ
## ပူဇော်ထိုက်သူများ

ဘုရား၊ တရား၊ သံဃာ(ရတနာသုံးပါး) ဆရာ၊ မိဘ၊ ဘိုးဘွား၊ ကိုယ့်ထက်ကြီးသော အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ အရီး၊ အဒေါ်၊ ယောက္ခမနှင့် ခင်ပွန်းသည်များ ဖြစ်ပါသည်။

## ကဗျာဆောင်ပုဒ်

သုံးပါးရတနာ၊ မြတ်ဆရာတည့်၊ နှစ်ဖြာမိဘာ၊ ဘိုးဘွား မှလျှင်၊ စ၍ဆွေသား၊ ကြီးသူများနှင့်၊ လင်သားအထိ၊

မေတ္တာရှိ၍၊ မိမိကိုပင်၊ သွန်သင်ဆုံးမ၊ စောင့်ရှောက်ကြသဖြင့်၊ ကိုယ်ကတဖန်၊ ပူဇော်ရန်၊ ကေန်ထိုက်ပေသည်။

မိဘများသည် သားသမီးများအတွက် ပူဇော်ထိုက်၊ ဂုဏ်ပြုထိုက်သူများ ဖြစ်၏။ ဆရာ ဆရာမများသည် တပည့်များအတွက် ပူဇော်ထိုက်သူများဖြစ်၏။ ထူးချွန်သူများသည် လူသာမန်များအတွက်၊ ခေါင်းဆောင်ကောင်းများသည် နောက်လိုက်ငယ်သားများအတွက်၊ လူကြီးသူမများသည် လူငယ်များအတွက် ပူဇော်ထိုက် ဂုဏ်ပြုထိုက်သူများဖြစ်ကြပါသည်။ သင်သည် မိဘ ဆရာသမား၊ လူကြီးမိဘများနှင့် ကျေးဇူးရှင်များ၏ မေတ္တာ စေတနာကို ခံယူလိုပါလျှင် ပူဇော်ထိုက်သူကို ပူဇော်ပါ၊ ကန်တော့ထိုက်သူကို ကန်တော့ပါ။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုပါဟု တိုက်တွန်းလိုပါသည်။

## ပူဇော်စရာ (၂) မျိုး

ဝတ္ထုပစ္စည်းနှင့် ကောင်းသောကိုယ်ကျင့်တရား။

## ပူဇော်ခြင်းကြောင့် ရရှိသော အကျိုး (၅) ပါး

၁။ အာယု = အသက်ရှည်ခြင်း၊

၂။ ဝဏ္ဏ = ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုးနှင့် အလှတိုးခြင်း

၃။ သုခ = ကိုယ်ရောစိတ်ပါချမ်းသာခြင်း၊
၄။ ဗလ = ခွန်အားဗလ ပြည့်ဖြိုးခြင်း၊
၅။ ပဋိဘာန = ဉာဏ်ပညာထက်သန်ခြင်း၊

(ကာယကို ကာယဗလ = ဉာဏဗလဟု ၂ မျိုး ခွဲထား၏)

## ဆောင်ပုဒ်

သက်ရှည် - ဆင်းလှ၊ ချမ်းသာရ၊ ဗလ-ဉာဏ်ပညာ၊
ပူဇော်သူများ၊ ဤငါးပါး၊ မမှားရမည်သာ။

## (၄) ပဋိရူပဒေသဝါသ မင်္ဂလာ

### ပဋိရူပဒေသဝါသအရပ်များ

(က) လောကုတ္တရာ ကြီးပွားရေး ဖြစ်ထွန်းရာအရပ်။
(ခ) လောကီ ကြီးပွားရေး ဖြစ်ထွန်းရာအရပ်ဟူ၍ ၂ မျိုး။

### (က) လောကုတ္တရာ ကြီးပွားရာအရပ်

၁။ ကုသိုလ်ပါရမီ ဆည်းပူးခွင့် ရနိုင်သောနေရာ။
၂။ ဘုရား သာသနာတော် ထွန်းလင်းရာနေရာမျိုး။

## (ခ) လောကီကြီးပွားရေး ဖြစ်ထွန်းရာအရပ်များ

၁။ အကြားအမြင်များသူ ရဟန်းပညာရှိ၊ လူပညာရှိတို့ နေထိုင်ရာအရပ်ဖြစ်ခြင်း (ပညာရေး)

၂။ အုပ်ချုပ်သူမင်း (သို့မဟုတ်) ရပ်ရွာ၌ ဩဇာညောင်းသူ အကြီးအကဲရှိရခြင်း (အုပ်ချုပ်ရေး)

၃။ သွားလာဖောက်ကားရာ ရေလမ်းကုန်းလမ်းရှိရခြင်း (စီးပွားရေး)

၄။ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝမှုများရှိရခြင်း (အမျိုးသားရေး)

၅။ ဆေးဆရာကောင်း (သို့မဟုတ်) ဆရာဝန်များရှိရခြင်း (ကျန်းမာရေး) ဤအင်္ဂါ (၅) ပါးနှင့် ညီညွတ်ရာ အရပ်၌ နေထိုင်ရလျှင် အမှန်ပင် ကုသိုလ်၊ ပညာ၊ ဥစ္စာ ရနိုင်သောအရပ်များ ဖြစ်ပါသည်။

[ပညာတတ်မြောက်လိုသူ၊ သက်ရှည် ကျန်းမာလိုသူ၊ စီးပွားတို တက်ကြီးပွားလိုသူ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုလုပ်လိုသူများသည် အထက်ဖော်ပြပါ အင်္ဂါ ၅ ပါးနှင့် ပြည့်စုံရာအရပ် နေထိုင်သင့်ပါသည်။]

## (၅) ပုဗ္ဗေ စ ကတပုညတာမင်္ဂလာ

လုပ်သင့်လုပ်ထိုက်သည့် ကောင်းမှုကောင်းရာများ ကို ကြိုတင်ပြုလုပ်ထားနိုင်ခြင်းသည် ကြီးပွားချမ်းသာလိုသူ တိုင်းမှာ ရှိထားရမည့် အရည်အချင်းကောင်းတစ်ခု ပုဗ္ဗေစ ကတပုညတာ မင်္ဂလာဖြစ်သည်။

၁။ ပညာတတ်ပြီး စာမေးပွဲအောင်မြင်လိုသော ကျောင်းသူ ကျောင်းသားများသည် ကျောင်းမှန်မှန်တက်မှ စာ မှန်မှန်ကျက်မှု၊ ဆရာသင်ကြားသမျှ မှတ်သားမှုများကို ကြိုတင်ပြုလုပ်ထားပါမှ ပညာတတ်ပြီး စာမေးပွဲ အောင်မြင် နိုင်ပါမည်။

၂။ စီးပွားရေး အောင်မြင်တိုးတက်လိုသူသည် အရင်း အနှီးကို ကြိုတင်စုဆောင်းထားခြင်း၊ မိတ်ကောင်း ဆွေကောင်းရှိရခြင်း၊ မိမိပြုလုပ်မည့် လုပ်ငန်းစီးပွား ရေးနှင့် ပတ်သက်၍ ဗဟုသုတ အကြံဉာဏ်များကို ကြိုတင်ရှာမှီး လေ့လာပြုလုပ်ထားမှသာ စီးပွားဥစ္စာ များ တိုးတက်ပေမည်။

၃။ ကုသိုလ်ရေးရာ မင်္ဂဖိုလ်နိဗ္ဗာန် ရလိုသူများသည် နည်းမှန် လမ်းကျ သင်ပြပေးနိုင်မည့် ဆရာသမား ကောင်းနှင့် အချိန်မှန်မှန် ကြိုးစားအားထုတ်မှုများကို

ကြိုတင်ပြုလုပ်ထားမှသာလျှင် မင်္ဂလာဖိုလ် နိဗ္ဗာန်ကို ရနိုင်ပေမည်။

၄။ လုပ်သင့် လုပ်ထိုက်သည့် ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေးများကို ကြိုတင်ပြုလုပ်ထားပါက သင်၏ အောင်မြင်မှု ပန်းတိုင်သည် သင်နှင့် တဖြည်းဖြည်း နီးကပ်လာနေပြီဖြစ်ကြောင်း မှတ်ယူနိုင်ပါသည်။

## ပုဗ္ဗေစ ကတပုညတာ =ကောင်းမှုရှိ + မရှိ သိဖွယ်များ အသက်ရှည်တို

၁။ သူများအသက်၊ သတ်သည့်အတွက်၊ အသက်ကိုယ်မှာတို၊
မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျား အသက်ကို။

## ရောဂါရှိ + မရှိ

၂။ သေအောင်မသတ်၊ နှိပ်စက်တတ်၊ များလတ်ရောဂါဆို
ညှာတာစိတ်သွင်း၊ မနှိမ်နင်း၊ ကင်းရှင်းရောဂါကို။

## အဆင်းလှ + မလှ

၃။ ထန်ပြင်းဒေါသ၊ ကြီးခဲ့က မလှအဆင်းဆို
ဒေါသကင်းစင်၊ မေတ္တာရှင်၊ ကြည်လင်လှသကို။

## ခြွေရံများ + မများ

၄။ ကိုယ့်ထက်သာ၍၊ မနာလိုပြန်၊ ဣဿာထန်၊ ခြွေရံ
မရှိဆို။
ဣဿာမထား၊ ဝမ်းမြောက်ကြား၊ ပေါ်များ ခြွေရံကို။

## ဥစ္စာပေါ + မပေါ

၅။ မပေးမကမ်း၊ မလှူဒါန်း၊ နွမ်းပါဥစ္စာဆို။
စွန့်ကြဲလေ့တုံ၊ ရှိစေကုန်၊ ကုံလုံကြွယ်ဝကို။

## အမျိုးမြတ် + မမြတ်

၆။ မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ဆို၊
လေးစားရိုကျိုး၊ မာန်နှိမ်ချိုး၊ အမျိုးမြတ်သကို၊

## ပညာတတ် + မတတ်

၇။ အလိမ္မာကင်း၊ ညံ့ဖျင်းလေအောင်၊ သွေးဆောင်ခဲ့ကာ
ဖျက်ဆီးပါ၊ ပညာညံ့မည်ဆို။
လိမ္မာစေကြောင်း၊ လမ်းကြောင်းညွှန်ကာ၊ သင်ပြပါ၊
ပညာတတ်သကို။

## ၆။ အတ္တသမ္မာ ပဏိဓိမင်္ဂလာ ရှင်းလင်းချက်

(က) ကိုယ်ကို ပြုပြင်ပေးခြင်း
(ခ) စိတ်ကို ပြုပြင်ပေးခြင်းဟူ၍ ၂-မျိုးသာရှိ၏။

### (က) ကိုယ်ကို ပြုပြင်ရေးများ

၁။ မိမိကိုယ်တိုင်က ကိုယ်ကျင့်သီလ ရှိသူမဟုတ်သေးလျှင် ကိုယ်ကျင့်သီလ ရှိသူဖြစ်ရေးအတွက် အဖက်ဖက်မှ ပြုပြင်ပေးပါ။

၂။ ကိုယ်တိုင်က အနေအထိုင် ထောင့်မကျိုးသူ ဖြစ်နေခဲ့လျှင် အနေအထိုင် အချိုးကျအောင် မိမိကိုယ်ကို ပြုပြင်ပေးပါ။

၃။ ကိုယ်တိုင်က အပြောအဆို ပျော့ပြောင်းခြင်း မရှိသေးလျှင် အပြောအဆို ညင်သာအောင်ကိုယ်တိုင်က ပြုပြင်ပေးပါ။

၄။ ကိုယ်တိုင်က စည်းကမ်းသေဝပ်သူ မဟုတ်သေးလျှင် စည်းကမ်း သေဝပ်မှုရှိအောင် ကိုယ်တိုင်ပြုပြင်ပေးပါ။

### (ခ) စိတ်ကို ပြုပြင်ရေးများ

၁။ ကုသိုလ်ရေး၌ တွန့်ဆုတ်နေလျှင် မိမိစိတ်ကို တက်ကြွလာအောင် ကြောင့်ကြစိုက်၍ ပြုပြင်ပေးရမည်။

၂။ ပညာသင်ကြားရေး၌ တိုးတက်မှု မရှိသေးလျှင် ကြိုးစားလာချင်အောင် မိမိစိတ်ကို ပြုပြင်ပေးရမည်။ (လုပ်ငန်းကိစ္စ စသည်)

၃။ ပေါင်းသင်းဆက်ဆံရေး၌ တစ်ကိုယ်ကောင်း ဆန်နေလျှင် မိမိစိတ်ကို ပရဟိတ စိတ်ထက်သန်လာအောင် ပြုပြင်ပေးရမည်။

၄။ ကောက်ကျစ်စဉ်းလဲသော စိတ်ဆိုး၊ စိတ်ညံ့ကို စိတ်ရိုး စိတ်ဖြောင့်ဖြစ်လာအောင် ပြုပြင်ပေးရမည်။ ကိုယ်စိတ် ၂-ပါးကို ပြုပြင်ပေးပါက (၁)ပညာအရည်အချင်း ပြည့်ဝသူ။ (၂) ကိုယ်ကျင့်တရားရှိသူ၊ (၃) စည်းကမ်းသေဝပ်သူ၊ (၄) ရိုးဖြောင့်တည်တံ့သူ၊ ၅။ သူတစ်ပါးအကျိုးကို လိုလားသူ လူတော်လူကောင်း တစ်ယောက် ဖြစ်လာမည်မှာ မလွဲပါ။

## လူ့လောကအခြေခံမင်္ဂလာ ၄-ပါး (စက် ၄ -ပါး)

၁။ ပညာရှိမျိုးကို (ခေါင်းဆောင်) ဆရာတင်မြောက်ခြင်း သပ္ပုရိသုပနိဿယစက်။

၂။ မိမိတို့၏ အလုပ်အကိုင်နှင့် သင့်လျော်မည့်နေရာ ဌာနကို ရွေးချယ်ခြင်း ပတိရူပဒေသဝါသစက်။

၃။ မိမိကိုယ်၊ မိမိစိတ်ကို မိမိအလိုရှိရာ အလုပ်အကိုင်၌ သိုသလို အသုံးဝင်အောင် ပြုပြင်ထားပေးနိုင်ခြင်း အတ္တသမ္မာပဏိဓိစကာ်။

၄။ မိမိတို့ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့သော လုပ်ငန်းစဉ် အမျိုးတို့၏ အကျိုးဖြစ်ထွန်း၍ ထူးချွန်သည့်အခါသို့ ရောက်ခြင်း ပုဗ္ဗေစ ကတပုညတာစကာ်။

ဤမင်္ဂလာ ၄–ပါး စက်လေးပါးနှင့် ပြည့်စုံလျှင် ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး စသော မည်သည့်အရေးကိစ္စမဆို ပြီးစီး အောင်မြင်နိုင်ပါသည်။

**သတိ** = ၁။ ပဋိရူပဒေသဝါသမင်္ဂလာ

၂။ ပတိရူပဒေသဝါသမင်္ဂလာ

၃။ အတ္တသမ္မာပဏိဓိမင်္ဂလာ

၄။ ပုဗ္ဗေစ ကတပုညတာမင်္ဂလာ

၁။ ဗာဟုသစ္စမင်္ဂလာသည် နားနှင့်မျက်စိကို ပညာသင် ပေးသည် (ဘိုးရာဇာနှင့် ပညာမတတ်သော သူဌေး သားဝတ္ထုကိုပြောပါ)

၂။ သိပ္ပမင်္ဂလာသည် လက်မှု၊ စက်မှု ပညာကို သင်ပေး သည်။ (ဘာမှ မတတ်သော ဗာရာဏသီသူဌေးသား ဝတ္ထုကိုပြောပါ)

၁။ ဒီဂရီပညာ (နှုတ်မှုပညာ)

၂။ အသက်မွေးဝမ်းကျောင်းပညာ (လက်မှု-စက်မှုပညာ)

(က) အလိမ္မာမှာ စာမှာရှိသည်။

(ခ) အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါ။

(ဂ) ပညာရွှေအိုး လူမခိုး (ဃ) ပညာမရှိ သူ၏ ဝန်ထမ်း မသေရုံ စား၊ မအားရုံ နေ (င) အူမတောင့်မှ သီလ စောင့်နိုင်သည်။

## ၇။ ဗာဟုသစ္စမင်္ဂလာ

ပညာတတ် လူရည်ချွန် ကျောင်းသူ၊ ကျောင်းသားများမှာ သက်ဆိုင်ရာ ပညာရေး ဗဟုသုတရှိရ၏။ လယ်သမားမှာ လယ်ယာဗဟုသုတရှိထားရ၏။ လက်သမားမှာ လက်သမား ဗဟုသုတ မရှိလျှင် အလုပ်အကိုင် မရနိုင်၊ နေရာကောင်း မရနိုင်၊ မကြီးပွားနိုင်ပေ၊ ပညာမရှိ သူ၏ ဝန်ထမ်း ဆိုသည့် စကားနှင့်အညီ သူတစ်ပါး၏ နောက်လိုက်၊ သူတစ်ပါး၏ အစေအပါး ဝန်ထမ်း၊ ကျေးရွာ ရပ်ကွက်များမှာ ပန်းကန်ဆေး၊ ခွေးမောင်းဘဝနှင့်သာ နေရမည်မှာ မလွဲပါ။

ပညာရွှေအိုး လူမခိုး ဆိုသည့်အတိုင်း ရွှေအိုးကဲ့သို့ တန်ဖိုးရှိသော အတတ်ပညာ ဗဟုသုတကို သင်ကြားတတ်

မြောက်ထားမှသာ ဘဝလမ်းခရီး၌ တွေ့ကြုံရမည့် အခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်မည်မှာ မလွဲပါ။

## ၈။ သိပ္ပမင်္ဂလာ

လူတိုင်းလူတိုင်းသည် မိမိတို့ မိသားစု စားဝတ်နေထိုင်ရေး၊ ပြေလည်ရေးအတွက် အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါ ဟူသောစကားအတိုင်း အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခုကို တတ်မြောက်ထားရ၏။ တတ်မြောက်မထားပါက လူချင်းတူတူ သူချင်းမျှမျှ မနေထိုင်နိုင်ပေ၊ မျက်နှာငယ်ရ၏။ အောက်ကျနောက်ကျ ဖြစ်ရ၏။ လူ့အဆင့်တန်းမီမီ လူ့သက်တမ်းစေ့ နေနိုင်စေရန် အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခုကို သင်ယူထားရပါမည်။

သင်ယူရာ၌ သာမန်ထက်ပိုလွန်၍ တတ်ကျွမ်းဖို့လိုပါသည်။ သာမန်လောက်သာ တတ်ထားပါလျှင် သူလိုငါလို လူသာမန်မျှသာ နေရပါမည်။ အထူးတတ်ကျွမ်းမှသာ အထူးကြီးပွား အောင်မြင်ပါမည်။ ပညာရပ်တစ်ခုခုကို အထူးတတ်ကျွမ်းထားဖို့အတွက် အထူးကြိုးစား သင်ယူပါ။

သင်သည် လူ့လောက၌ ပူတန်းစေ့နေလိုလျှင် လူတကာထက် တိုးတက်ကြီးပွားလိုပါလျှင် သင်ကိုယ်တိုင်နှင့်

သင့်မိသားစုတို့သည် အသက်ဝမ်းကြောင်း (သိပ္ပမင်္ဂလာ) ပညာရပ်တစ်ခုခုကို ကျွမ်းကျင်စွာ တတ်မြောက်ထားရန် အထူးလိုအပ်ပေသည်။

## ၉။ ဝိနယော စ သုသိက္ခိတမင်္ဂလာ

စည်းကမ်းသည် လူ၏တန်ဖိုး ဆိုသည့်အတိုင်း လူကို တန်ဖိုးမြှင့်တင်ပေးသော ဆရာမှာ စည်းကမ်းဖြစ်၏။ လူဖြစ်လျှင် လူ့စည်းကမ်း၊ လူ့ဝိနည်းများကို လိုက်နာရ၏။ ရဟန်းဖြစ်လျှင် ရဟန်းစည်းကမ်း လိုက်နာရ၏။ ရဟန်းဖြစ်လျက် ရဟန်းဝိနည်းကို မလိုက်နာလျှင် ရဟန်းကောင်း မဟုတ်သကဲ့သို့ လူဖြစ်လျက် လူ့ဝိနည်းစည်းကမ်းကို မလိုက်နာလျှင် လူကောင်းမဖြစ်နိုင်၊ သို့ဖြစ်၍ သွားလာနေထိုင် စားသောက်ပြောဆို ဆက်ဆံရာ၌ဖြစ်စေ ပညာရေး, စီးပွားရေး, ကုသိုလ်ရေး စသည်ကို လုပ်ဆောင်ရာ၌ ဖြစ်စေ၊ စည်းကမ်းရှိအောင် နေထိုင်ကျင့်ကြံတတ်ဖို့ လိုအပ်ပေသည်။

## စည်းကမ်းရှိမှ နှစ်သက်မည်

သင်သည် မိဘဖြစ်အံ့၊ စည်းကမ်းရှိသော သားသမီးကိုသာ နှစ်သက်ပေလိမ့်မည်။ သင်သည် ဆရာသမားဖြစ်အံ့၊

စည်းကမ်းရှိသော တပည့်များကိုသာ နှစ်သက်ပေလိမ့်မည်။ သင်သည် လူကြီးဖြစ်အံ့၊ စည်းကမ်းရှိသော လူငယ်ကိုသာ နှစ်သက်ပေလိမ့်မည်။ သင်သည် ခေါင်းဆောင်တစ်ဦးဖြစ်အံ့ စည်းကမ်းရှိသော နောက်လိုက်ကိုသာ နှစ်သက်ပေလိမ့်မည်။ သင်သည့် အလုပ်ရှင်ဖြစ်အံ့၊ စည်းကမ်းရှိသော အလုပ်သမား များကိုသာ နှစ်သက်ပေလိမ့်မည်။ စည်းကမ်းရှိသူကို သင် နှစ်သက်သကဲ့သို့ သင်စည်းကမ်းရှိမှ သူတစ်ပါးက သင့်ကို နှစ်သက်ပေလိမ့်မည်။ သူတစ်ပါး နှစ်သက်လောက်အောင် စည်းကမ်းရှိသူသည် သူတစ်ပါးထံမှ အကူအညီရ၍ တိုး တက်ကြီးပွား ချမ်းသာနိုင်ပေသည်။

## ဝိနယ သုသိက္ခိတမင်္ဂလာ

ဝိနယသုသိက္ခိတ မင်္ဂလာ၌ ဝိနည်းဆိုသည်မှာ လူကို ယဉ်ကျေးအောင် အဖိုးတန်အောင် လောက၌ အသုံးဝင် အောင် လောကုတ္တရာ တရားထူးကိုရအောင် ပြုပြင်အောင် ဆုံးမပဲ့ပြင်၊ သွန်သင်ကြောင်း တရားစည်းမျဉ်း ဥပဒေများ ကို ခေါ်ပါသည်။

လူ့ဝိနည်းဆိုသည်မှာ မကောင်းမှု ဒုစရိုက်များကို ရှောင်ကြဉ်ခြင်း၊ ကောင်းမှုသုစရိုက်များကို ဖြစ်စေခြင်း၊

မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ လင့်ဝတ်၊ မယားဝတ်၊ ရဟန်းဝတ်၊ ဒကာဝတ်၊ ရှေ့သွားခေါင်းဆောင် လူကြီးကျင့်ဝတ် တို့တွင် ဆိုင်ရာ ကျင့်ဝတ်များကို ဆောင်ရွက်ခြင်း၊ ပြည့်စုံစေခြင်းများ ဖြစ်ပါသည်။ (သိင်္ဂါလောဝါဒသုတ်ကိုကြည့်) (သိင်္ဂါလောဝါဒသုတ်မှာ အကျယ်ပြ ထားသည်။)

## ၁၀။ သုဘာသိတဝါစာ မင်္ဂလာ

သုဘာသိတဝါစာ မင်္ဂလာဆိုသည်မှာ လိမ်၍မပြောဆိုခြင်း၊ မဆဲခြင်း၊ ချိုချိုသာသာ ပြောဆိုခြင်း၊ သူများအကျိုးရှိအောင် ပြောဆိုခြင်းများ ဖြစ်ပါသည်။ (အပြောကောင်း သုမနဒေဝီ ဝတ္ထု)

## စကားပြောကောင်း + မကောင်း

မှန်မှန်ကန်ကန်၊ ယဉ်ယဉ်ကျေးကျေး ပြောဆို ဆက်ဆံတတ်ခြင်းဟူသော နှုတ်မှုပညာကို တတ်မြောက်ထားခြင်းသည် "ချစ်စေလို ခံတွင်း မုန်းစေလို ခံတွင်း လက်လေးသစ်" ဟူသော စကားပုံအတိုင်း မိမိကိုချစ်ခင်အောင် ပြုလုပ်ပေး သည်မှာလည်း နှုတ်ခံတွင်းဖြင့် ပြောဆိုရသောစကား

ဖြစ်၏။ မိမိကို မှန်းအောင် ပြုလုပ်ပေးသည်မှာလည်း ထို စကားပင် ဖြစ်၏။ စကားပြောကောင်းသူ မှန်မှန်ကန်ကန် ပြောသူ ယဉ်ယဉ်ကျေးကျေး ချိုချိုသာသာ ပြောတတ်သူကို မည်သူမဆို ချစ်ခင်နှစ်သက်ကြ၏။ ကူညီချင်ကြ၏။ မမှန် မကန် ပြောဆိုတတ်သူ မယဉ်မကျေး ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုတတ်သူ ဆက်ဆံရေးညံ့သူကို မည်သူကမျှ မချစ်ခင် မနှစ်သက် ကြ၊ မကူညီကြပေ။

[ပုဏ္ဏားကြီးနှင့် နွားလားအကြောင်း ဝတ္ထုပြောပြပါ]

## စကားပြောပညာ အကျိုးကျေးဇူးများ

၁။ မှန်မှန်ကန်ကန် ယဉ်ယဉ်ကျေးကျေး၊ နည်းမှန် လမ်းကျ အကြောင်းယုတ္တိ ခိုင်ခိုင်လုံလုံ အစီအစဉ်တကျ ပြောတတ်ပါက ကိုယ့်အပေါ်မှာ အမြင်မကြည်သူများ ကိုယ့်ကို လေးစားလာရ၏။

၂။ သူတစ်ဖက်သားကပင် ကိုယ့်ဘက်သားဖြစ်လာ ရ၏။

၃။ ရန်သူပင်လျှင် မိတ်ဆွေ ဖြစ်လာရ၏။

ဤသည်ပင် စကားပြောတတ်သော ပညာ၏ အကျိုးကျေးဇူးဖြစ်ပေသည်။

## စကားကြီး (၆) ခွန်း

၁။ မဟုတ်မမှန် အကျိုးမရှိ သူမနှစ်သက်သောစကား။
၂။ မဟုတ်မမှန် အကျိုးမရှိ သူနှစ်သက်သောစကား။
၃။ ဟုတ်မှန် အကျိုးမရှိ သူမနှစ်သက်သောစကား။
၄။ ဟုတ်မှန် အကျိုးမရှိ သူနှစ်သက်သောစကား။
၅။ ဟုတ်မှန် အကျိုးရှိ သူမနှစ်သက်သောစကား။
၆။ ဟုတ်မှန် အကျိုးရှိ သူနှစ်သက်သောစကား။

စကား ၆–ခွန်း လူ့ဌွထွန်း၏။ ၂–ခွန်းကိုပြော ၄–ခွန်းကိုပယ်။

## ပညာရေးတက္ကသိုလ် ၄–မျိုး

၁။ မျက်စိနှင့် နားကို ပညာသင်ပေးသော ဗာဟုသစ္စ တက္ကသိုလ်။
၂။ လက်မှု၊ စက်မှုပညာ သင်ပေးသော သိပ္ပတက္ကသိုလ်။
၃။ ကိုယ်၊ နှုတ်၊ စိတ်ဓာတ်ကို ပြုပြင်သင်ကြားပေးသော ဝိနယော စ သုသိက္ခိတတက္ကသိုလ်။
၄။ ပြောဆိုမှု၊ နှုတ်မှုပညာကို သီးသန့်သင်ကြားပေးသော သုဘာသိတဝါစာ တက္ကသိုလ်။

**မှတ်ချက်။** ။ ယခု လောက၌ ဗာဟုသစ္စနှင့် သိပ္ပတက္ကသိုလ် ၂ မျိုးကိုသာ ထင်ရှားရှိပြီး ဝိနယတက္ကသိုလ်နှင့် သုဘာသိတဝါစာတက္ကသိုလ် ၂ မျိုး မရှိ၍ ယင်း တက္ကသိုလ်ကြီး ၂ ရပ် တည်ထောင်သင့်ပါသည်။

## ကျောင်းသား ကျောင်းသူများ ပြည့်စုံရမည့် မင်္ဂလာ(၁၀)ပါး

၁။ အာသေဝနာ စ ဗာလာနမင်္ဂလာ
၂။ ပဏ္ဍိတာနဥ္စ သေဝန မင်္ဂလာ
၃။ ပူဇာ စ ပူဇနေယျာန မင်္ဂလာ
၄။ ပတိရူပဒေသဝါသမင်္ဂလာ
၅။ ပုဗ္ဗေ စ ကတပုညတာမင်္ဂလာ
၆။ အတ္တသမ္မာပဏိဓိမင်္ဂလာ
၇။ ဗာဟုသစ္စမင်္ဂလာ
၈။ သိပ္ပမင်္ဂလာ
၉။ ဝိနယော စ သုသိက္ခိတမင်္ဂလာ
၁၀။ သုဘာသိတာ စ ယာဝါစာမင်္ဂလာ

တက္ကသိုလ်အထိ ကျောင်းတက်နေခိုက် ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့် ပြည့်စုံရမည့် မင်္ဂလာတရား (၁၀)ပါး ဖြစ်ပါသည်။

## ၁၁။ မာတာပိတု ဥပဋ္ဌာနမင်္ဂလာ

မိမိအား မိဘကျေးဇူး သိသူ လူလားမြောက်အောင် လူစင်မီအောင် လူလိုသိတတ်အောင် ကျွေးမွေးစောင့်ရှောက် ပေးခဲ့သော မြင့်မိုရ်တောင်ဦးမက ကျေးဇူးကြီးမားလှသော အနန္တဂိုဏ်းဝင် မိဘနှစ်ပါးကို မိမိက ပြုစုလုပ်ကျွေး၊ ပြုစု စောင့်ရှောက်ရခြင်းသည် အလွန်အဆင့်မြင့်သော အလွန်မွန် မြတ်သော ကျင့်ဝတ်တစ်ခုဖြစ်၏။ အကြောင်းမှာမူ ထိုကျင့် ဝတ်ကို တိရစ္ဆာန်များလည်း မဖြည့်ကျင့်နိုင် လူလို မသိတတ် သူများ၊ မိဘကျေးဇူးကို မသိတတ်သူများလည်း မဖြည့်ကျင့် နိုင်သောကြောင့် ဖြစ်ပါသည်။

သင်သည် မိဘကို လုပ်ကျွေးခွင့်ရသူ လုပ်ကျွေးနေသူ ဆိုပါက ငါသည် လူလိုသိတတ်သူ လူပီသသူ ကံကောင်းသူ ဖြစ်၏ဟု ဂုဏ်ယူပါလေ။

## မိဘကျေးဇူး မသိသူ

မိဘကို ပစ်ထားသော၊ မိဘကို စိတ်ဆင်းရဲအောင် ပြုလုပ်သောသူ၊ မိဘကို ထောက်ပံ့ထားနိုင်ပါလျက် မထောက်ပံ့သောသူ၊ မိဘကျေးဇူးကို မသိသော မိဘကို စိတ်အနှောင့်အယှက်ပေးတတ်သော မိဘများ၏ ပစ္စည်းများ

ကို သုံးဖြန့်း, မိဘမွဲပြာကျအောင် ပြုလုပ်သော သားသမီး များသည် မိဘ၏ မေတ္တာကို မခံယူနိုင်ပါပေ။ (ဝါ) မိဘ၏ မေတ္တာနှင့် မထိုက်တန်ချေ။ မိဘကျေးဇူးကို မသိတတ်သူ မိဘကျေးဇူးကန်းသူသည် အခြားသူများ၏ ကျေးဇူးကိုလည်း သိလိမ့်မည် မဟုတ်ပေ။ ခွေးရူးကောင်းစား တစ်မွန်းတည့် ဆိုသကဲ့သို့ ကောင်းစားလျှင်သော်မှ တစ်ခဏမျှသာ ဖြစ် မည်။ မိဘကျေးဇူးကြောင့် မျက်မှောက်ဘဝမှာလည်း လူကဲ့ရဲ့ ခံရမည်။ တမလွန်ဘဝမှာလည်း ဆင်းရဲသောအပါယ်ဘုံသို့ ရောက်ရမည်မှာ မလွဲပေ။

## သားသမီးကျင့်ဝတ်

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှ ဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့ တာ (သမီးတို့တာ)

## ပုတ္တဒါရသင်္ဂဟ မင်္ဂလာ

## မိဘမေတ္တာ

ချိုချင် ပူစပ် အချင်းချင်းပြတ်အောင် မပြတ်ယုယ မိဘတို့မှာ စိုးရိမ်စွာဖြင့် အစာဆိမ့်ဒ နို့ချိုပေး၍ ကျွေးမွေး

ပြုပြင်ဝတ်စားဆင်လျက် ဟူသကဲ့သို့ မိခင်ဖြစ်သူသည် ဝမ်းထဲမှာ ပဋိသန္ဓေနေသောသူဟာ သားကလေးပဲ၊ သမီးကလေးပဲဟု မသိရှိခင်ကပင် အပူ,အစပ်,အခါး အချဉ်စသော ကလေးသူငယ် ရောဂါ မဖြစ်ရေး၊ ဒုက္ခမရောက်ရေးအတွက် ရှောင်ကြဉ်ခဲ့ပြီးလျှင် ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်သူငယ်အဖြစ်နှင့် မိမိကိုယ်ကို မပြုပြင်နိုင်၊ မစောင့်ရှောက်နိုင်၊ မသွားနိုင်၊ မလာနိုင်၊ မထနိုင်၊ မထိုင်နိုင်၊ ကိုယ်တိုင်ယူ၍ မစားနိုင်၊ မသောက်နိုင်၊ မှက်ခြင်ယင် ကိုက်၍ မမောင်းနိုင်၊ ရေဆာသည်၊ အစာဆာသည်ဟူ၍မှ မပြောနိုင် မတောင်းနိုင်၊ မပြောတတ်၊ မတောင်းတတ်လတ်ရှိသော်လည်း (မယူတတ်၊ မကိုင်တတ်ခြေရှိသော်လည်း မသွားတတ်၊ ပါးစပ်ရှိသော်လည်း မပြောတတ်သော အခါမှစ၍ မိဘတို့သည် သားသမီးများကို အသက်နှင့်မခြား ချစ်ခင်မြတ်နိုးလှစွာသော မေတ္တာနှင့်ယှဉ်သောစိတ်ဓာတ်ဖြင့် နေ့ညမပြတ် သားငယ် သမီးငယ်တို့၏ အရိပ်အကဲ အမူအရာကို အမြဲကြည့်ရှုလျက် ကလေး နို့ဆာနေပြီ၊ ရေငတ်နေပြီ၊ ပူအိုက် နေပြီ၊ ချမ်းနေပြီ၊ ကိုယ်ပူနေသည်၊ ခွဲကပ်နေသည်၊ မှက်ခြင် ကိုက်နေသည်၊ အိပ်ချင်နေသည်၊ ထချင်နေသည်

စသည်တို့ကို ဆင်ခြင်သိရှိလျက် အမြဲတစေ ပြုပြင်စောင့်ရှောက် ကျွေးမွေးပြုစု ယုယပိုက်ထွေးကြလေသည်။

"မိဘတံထွာ၊ ဉာတကာနှင့်၊ တရားသက်ကဲ၊ လည်ချင်းနွဲ၍၊ ရောင့်ရဲမထင်း၊ စုံမက်ချင်လျက်၊ မှက်ခြင်ကိုက်နား၊ မြူရှိမှာ ရှု၊ ရံခါတရစ်၊ မဖြစ်စေရ"ဟူသော အလင်္ကာအရ–

မိဘတို့သည် သားသမီးတို့နှင့် အသက်တစ်ရာနေရသော်လည်း ရောင့်ရဲတင်းတိမ်ခြင်းမရှိ၊ ပီတိသောမနဿဖြစ်၍ မဆုံးချစ်၍ မဆုံးရှိကြပေသည်။

မကောင်းမြစ်ရာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားချင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ ဟူသော ဘုရားဟောတော်မူချက်နှင့် အညီ မိဘတို့က သားသမီးများအား ဆောင်ရွက်ပေးမြဲ ရှိကြပေသည်။

## မိဘတို့နှင့် ဘွဲ့ထူး

မိဘတို့သည် သားသမီးများအပေါ်၌ သနားမှု၊ ချစ်ခင်မှု၊ ဝမ်းမြောက်မှု၊ လျစ်လျူရှုမှု ဟူသော ဗြဟ္မစိုတရား ၄ ပါးကို ပွားများနိုင်ခြင်း၊ သားသမီးတို့၏ အကျိုးကို လိုလား၍ သားသမီးတို့၏ အကျိုးသာဆောင်ခြင်း၊ သားသမီးများ သိတတ်သည့်အချိန်မှစ၍ သိသင့်သိထိုက်သော အခြင်းအရာ

များကို လက်ဦးသင်ပြပေးခြင်း၊ သားသမီးတို့၏ ပေးလှူမှုကို ခံယူနိုင်ခြင်းစသော ဂုဏ်အင်္ဂါတို့နှင့် ညီညွတ်သူများဖြစ်သောကြောင့် မိဘများကို ဗြဟ္မာကြီးဟူ၍လည်းကောင်း၊ အိမ်ဦးနတ်ဟူ၍လည်းကောင်း၊ လက်ဦးဆရာဟူ၍လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်ဟူ၍လည်းကောင်း ဘွဲ့ထူးများရှိကြလေသည်။

(မိဘများကို လူတစ်ယောက် အနေထက်ပိုပြီး၊ အသိအမှတ် မပြုသင့်ဟူသော ပုဂ္ဂိုလ်များ၏ အယူကို မလိုက်နာဘဲ)

မိဘကို မိဘဟုသာ အသိအမှတ်ပြုရမည်။ ဘဝတူလူတစ်ယောက်ကဲ့သို့ အသိအမှတ် မပြုရဟု ဤမာတာပိတုဥပဋ္ဌာန မင်္ဂလာတရားတော်အရ မိဘကို မိဘဟု အသိအမှတ်ပြုခြင်း၊ မိဘလိုဆက်ဆံ၍ မိဘနှင့် ထိုက်တန်အောင် လုပ်ကျွေးပြုစုခြင်းသည်သာလျှင် သင့်အဖို့ တိရစ္ဆာန် လောကမှ ခွဲထုတ်၍ တိရစ္ဆာန်နှင့် လူသားတို့၏ နယ်ခြားမှတ်တိုင်ကြီး ဖြစ်လေသည်။

## ၁၃။ အနာကုလာ စ ကမ္မန္တာ မင်္ဂလာ

၁။ တောင်သူလယ်ယာလုပ်ကိုင်ခြင်း၊ ၂။ ကူးသန်းရောင်းဝယ်ခြင်း၊ ၃။ တိုင်းပြည်တာဝန်ဆောင်ရွက်ခြင်း ဟူ၍

လူမှုကိစ္စသုံးရပ် ရှိပါသည်။ သင်ကြီးပွားလိုသော် အောက်ပါ အချက် ၅-ချက်ကို လိုက်နာပါ။

၁။ အလုပ်လုပ်ချိန်ကို ရိုသေလေးစားပါ။

၂။ အလုပ်သင့်လျော်အောင် ဆောင်ရွက်ပါ။

၃။ ပျင်းရိမှုမရှိဘဲ အလုပ်ခွင်၌ စိတ်ဝင်စားပါ။

၄။ နိုးကြားထကြွ အထူးဝီရိယ စိုက်ထုတ်ပါ။

၅။ မပျက်မစီးမဖြုန်းတီးပါနှင့်

ဤအချက်ကြီး ငါးချက်ကို လိုက်နာပါလျှင် မုချကြီးပွားမှာ မလွဲပါ။

## လူချမ်းသာဖြစ်နည်း ၄-မျိုး

၁။ ဥပဋ္ဌာနသမ္ပဒါ = လုပ်ကိုင်ရာ၌ ထကြွလုံ့လ ဝီရိယရှိခြင်း။

၂။ အာရက္ခသမ္ပဒါ = လုပ်ကိုင်၍ ရသမျှ ပစ္စည်းကို သိမ်းဆည်းစောင့်ရှောက်တတ်ခြင်း။

၃။ ကလျာဏမိတ္တသမ္ပဒါ = နည်းပေးလမ်းပြ မိတ်ဆွေကောင်းရှိရခြင်း။

၄။ သမဇီဝိတသမ္ပဒါ = အဝင်နှင့်အထွက် မျှတအောင် ချွေတာသုံးစွဲနိုင်ခြင်း၊

ဤဘုရားဟော သမ္မဒါ ၄–ပါး တရားတော်အတိုင်း လိုက်နာဆောင်ရွက်သူမှာ လူချမ်းသာတစ်ယောက် ကေန်မလွဲ ဖြစ်နိုင်ပါသည်။

## ၁၄။ ဒါနမင်္ဂလာ

**ဒါန**

မိမိပစ္စည်းကို သူတစ်ပါးအား စွန့်လွှတ်ခြင်း အများသုံး စွဲရအောင်ပေးခြင်း၊ ဝေခြင်း၊ မိမိလက်ရှိသော ပစ္စည်းကို သူ့လက်သို့ တဆင့်ကမ်းလှမ်းခြင်းကို ပါဠိလို–ဒါန၊ မြန်မာလို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဟု ခေါ်ပါသည်။ မရှိဆင်းရဲ သူကို ပေးကမ်းခြင်း၊ ကြည်ညို၍လှူခြင်း၊ တစ်ယောက်တည်း ဖြစ်စေ၊ အသင်းဖွဲ့၍ဖြစ်စေ၊ အများကောင်းအောင် လုပ်ဆောင်နေသော ကြက်ခြေနီအသင်း, မီးသတ်အသင်း, မြို့ပြကာကွယ်ရေးအသင်း, ကလေးစောင့် ရှောက်ရေးအသင်း, သူနာပြုအသင်း, ဆေးရုံ၊ ဆေးတိုက် စသည်တို့အား ထောက်ပံ့အားပေးခြင်းသည်လည်း ဒါနပင် ဖြစ်ပေသည်။

(ချစ်ကြိုက်၍ပေးခြင်း၊ ကြောက်၍ပေးခြင်း၊ ဂုဏ်ပကာသနကို လို၍ ပေးခြင်း၊ လာဘ်ကို ရလို၍ ပေးခြင်း တို့ကား ဒါနမဟုတ်)

ဉာဒါန မင်္ဂလာသည် မြင့်မြတ်သူများနှင့် မပြည့်စုံ ဆင်းရဲသူများကို လှူဒါန်းထောက်ပံ့ ကူညီခြင်းသည် အမြော် အမြင်ရှိသော ပညာရှင်၊ အများကောင်းကျိုးကို လိုလားသော မေတ္တာရှင်၊ သနားကြင်နာတတ်သော ကရုဏာရှင်တို့၏ မြင့်မြတ်သော ကျင့်စဉ်တစ်ခု ဖြစ်လေသည်။ ဘုရားရှင်တို့၏ ပါရမီလမ်းစဉ်၊ သူတော်ကောင်းတို့၏ နိဗ္ဗာန်ရရှိရေး အထောက်အကူ လမ်းစဉ်တစ်ခုလည်း ဖြစ်ပေသည်။

မြင့်မြတ်သူများကို လှူဒါန်းခြင်းသည် လယ်ယာမြေ ကောင်း၌ မျိုးစေ့ကောင်းကို စိုက်ပျိုးကြဲချသူနှင့်တူ၏။ ထို မျိုးစေ့ကောင်းများသည် အချိန်တန်လျှင် မရေမတွက်နိုင် သော ကောင်းကျိုးအသီးအပွင့်များကို ဒါနမျိုးစေ့ ကြဲချသူ အလှူရှင်အား ပြန်လည်ပေးအပ်မည်ဖြစ်၏။ မရှိဆင်းရဲ မပြည့်စုံသူများ၊ ချို့တဲ့နေသူများ၊ လိုအပ်နေသူများကို စွန့်ကြဲ ပေးကမ်းထောက်ပံ့ ကူညီခြင်းဖြင့် ယင်းဆင်းရဲသူ စသည် တို့၏ စေတနာ မေတ္တာကို ခံယူရရှိပြီး (ကမ္မနိယာမ သဘော အရ) မိမိ၏လိုအပ်ချက်များကိုလည်း ပြန်လည် ပြည့်စုံလာ မည်မှာ ဉာဒါနမင်္ဂလာ တရားတော်မှ သက်သေခံနေ ပါသည်။

## ဒါနလက်ငင်း အကျိုးကျေးဇူးများ

၁။ မယဉ်ကျေးသောသူကို ဒါနဖြင့် ယဉ်ကျေး စေနိုင်၏။

၂။ အကျိုးစီးပွား ဟူသမျှကို ဒါနသည် ပြီးစေနိုင်၏။

၃။ ဒါနတည်းဟူသော ပိယဝါစာဖြင့် မိမိတို့ ကိုင်းရှိုင်း ယိမ်းယိုင်စေ၏။

၄။ မာနလွှမ်းတတ် ခက်ထန်သောသူကို ဒါနသည် ပျော့ပြောင်း နူးညံ့စေနိုင်၏။

ဟူ၍ ဘုရားရှင် ဟောထားသည့်အတိုင်း ဒါနသည် လောကီစီးပွားရေး၊ ကြီးပွားရေးအတွက်ပင်ဖြစ်စေ၊ နိုင်ငံရေး၊ စစ်ရေး အတွက်ပင်ဖြစ်စေ အရေးပါလောက်သော ပုဂ္ဂိုလ်ကို မိမိတို့ဘက်ပါအောင် ဆွဲဆောင်ဖို့မှာလည်း ဒါနထက်ကောင်းသော အင်အားမရှိချေ၊ ဒါနဖြင့်သာ ဆွဲဆောင်နိုင်ကြ၍ ဒါနသည် လက်ငင်းအကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

## ပုညကြိယာဝတ္ထု ၁၀-ပါး

ကြီးပွားချမ်းသာ၊ နောင်သံသရာ အကျိုး၏တည် ဖြစ်၍ စင်စစ်ပြုထိုက်သော ကုသိုလ်ကောင်းမှုများကို ပုည ကြိယာဝတ္ထုဟု ခေါ်ပါသည်။ ၎င်းမှာ အောက်ပါအတိုင်း ၁၀ မျိုး ရှိပါသည်။

၁။ ဒါန = စွန့်ကြဲပေးကမ်းလှူဒါန်းမှု။

၂။ သီလ = ဆိုင်ရာ သီလများကို စောင့်ထိန်းမှု၊

၃။ ဘာဝနာ = ဘုရားဂုဏ်တော် စသည်ကို အာရုံ ပြုနေမှု၊ (ဘာဝနာ–ကမ္မဋ္ဌာန်းအား ထုတ်မှု)

၄။ အပစာယန = ရိုသေထိုက်သူကို ရိုသေမှု၊

၅။ ဝေယျာဝစ္စ = သူတစ်ပါး ကုသိုလ်ကိစ္စ၌ ကူညီမှု၊

၆။ ပတ္တိဒါန = မိမိကုသိုလ်အဖို့ကို အမျှဝေမှု

၇။ ပတ္တာနုမောဒန = သူတစ်ပါးက အမျှပေးဝေသော အခါ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်မှု။

၈။ ဓမ္မဿဝန = တရားစကားကို နားထောင်မှု (တရားနာမှု)

၉။ ဓမ္မဒေသနာ = ပစ္စည်းလာဘ်မငဲ့ဘဲ တရား ဟောမှု။

၁၀။ ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မှန်စွာ ယူမှု (ကံကံ၏ အကျိုးကို ယုံကြည်မှု)

ပတ္တိဒါန၊ ပတ္တာနုမောဒနာဖြစ်ပုံမှာ ကုသိုလ်ကောင်းမှု ပြုရာ၌ မိမိကုသိုလ်ရသကဲ့သို့ အခြားလူတို့သည် မိမိနှင့်အညီ

အမျှ ကုသိုလ်အဖို့ ရစေကုန်ဟု ဝေငှခြင်းကို ပတ္တိဒါန အမျှ ပေးဝေခြင်းဟုခေါ်၍ ထိုအမျှပေးဝေသံကို ကြားရသူတို့က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုပါလျှင် ကောင်းမှုရှင်နှင့် အလားတူစွာ ကုသိုလ်အဖို့ကို ရရှိပါသည်။ ဆင်းရဲဒုက္ခရောက်နေသော ပြိတ္တာဖြစ်နေသူက သာဓုခေါ်ရာ၌ ချက်ချင်းအကျိုးခံစားခွင့် ရရှိနိုင်ပါသည်။ သူတစ်ပါး လှူဒါန်းနိုင်သည်ကို မနာလို ဝန်တိုမှုဖြစ်နေလျှင် ဣဿာမစ္ဆရိယ အကုသိုလ်ပင် ဖြစ်နိုင်ပါသေးသည်။

## ပုညကြိယာဝတ္ထု ၄၀၊ ၃၀ ဖြစ်ပုံမြောက်ပွားခြင်း

ကုသိုလ် ဝတ္ထု ၁၀–ပါးကို ကိုယ်တိုင်ပြုခြင်းစသော (၄)မျိုးဖြင့်မြောက်လျှင် ၄၀ ဖြစ်၏။ တစ်နည်း ထို ၁၀ ပါးကို ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ (၃)တန်ဖြင့် မြောက်လျှင် ပုညကြိယာဝတ္ထု (၃၀) ဖြစ်လာပါသည်။

## စေတနာ ၃–ပါး

၁။ မလှူမီ ရှေ့အဖို့၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော စေတနာကို ပုဗ္ဗစေတနာဟု ခေါ်သည်။

၂။ လှူဒါန်းဆဲအခါ၌ ဝမ်းမြောက်ဝမ်းသာဖြစ်နေသော စေတနာကို မုဉ္စစေတနာဟု ခေါ်သည်။

၃။ လှူဒါန်းပြီးနောက်၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်နေသော စေတနာကို အပရစေတနာဟု ခေါ်သည်။

**(ဆောင်)** မလှူမီလည်း၊ စိတ်ထဲသဒ္ဓါ
လှူဆဲမှာလည်း၊ စိတ်ထဲဝမ်းသာ
လှူပြီးတော့လည်း၊ စိတ်ထဲချမ်းသာ
ဒါနမျိုး စိုက်ပျိုးလိုက်ကြပါ။

## ၁၅။ ဓမ္မစရိယမင်္ဂလာ

အမှန်တရား၊ သုစရိုက်တရားကို ကျင့်သုံးနိုင်ခြင်း၊ အမှန်တရားဘက်မှ ရပ်တည်နိုင်ခြင်းသည် ကြီးပွားချမ်းသာလိုသူတိုင်းမှာ ရရှိမည့် အရည်အချင်းကောင်းတစ်ခု ဓမ္မစရိယမင်္ဂလာဖြစ်ပါသည်။

## သုစရိုက် ၁၀–ပါး၊
## ကာယ၏ သုစရိုက် ၃–ပါး

၁။ ပါဏာတိပါတာ ဝေရမဏီ = သူတစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာ ဝေရမဏီ = သူတစ်ပါးပစ္စည်းကို ခိုးယူ လုယက်ခြင်း ရှောင်ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ = ကာမဂုဏ်တို့၌ ယုတ်မာမှုမှ ရှောင်ကြဉ်ခြင်း။

## ဝစီကံ သုစရိုက် ၄-ပါး

၁။ မုသာဝါဒါ ဝေရမဏီ = မဟုတ်မမှန် လိမ်ညာ၍ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ပိသုဏာဝါစာ ဝေရမဏီ = ချောပစ်ကုန်းတိုက် စကားပြောမှုမှ ရှောင်ကြဉ်ခြင်း။

၃။ ဖရုသဝါစာ ဝေရမဏီ = ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ = အနှစ်သာရ မရှိ ပိန်ဖျင်း သောစကားကို ပြောဆိုခြင်း ရှောင်ကြဉ်ခြင်း။

## မနောကံ သုစရိုက် (၃)ပါး

၁။ **အဘိဇ္ဈာ ဝေရမဏီ** = သူတစ်ပါးစည်းစိမ်ကို မတရား ယူလိုမှုမှ ရှောင်ကြဉ်ခြင်း။

၂။ **ဗျာပါဒါ ဝေရမဏီ** = သူတစ်ပါး၏ ပျက်စီးသေကြေရန် ကြံစည်မှုမှ ရှောင်ကြဉ်ခြင်း။

၃။ **မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ** = အယူအမြင်မှားမှုမှ ရှောင်ကြဉ်ခြင်း။

ဤသုစရိုက် ၁၀-ပါးကို ကုသလကမ္မပထ ၁၀-ပါးဟုလည်း ခေါ်သည်။ ကုသလကမ္မပထ ကုသိုလ်ပြုလုပ်ခြင်း သည်လူ့ပြည်၊ နတ်ပြည်ရောက်ကြောင်းဖြစ်၏။

## ထို ၁၀-ပါးကို

၁။ ကိုယ်တိုင် ပြုလုပ်ခြင်း။

၂။ သူတစ်ပါးကို ပြုလုပ်ရန် စေခိုင်းခြင်း။

၃။ သူ့စရိုက်၏ အကျိုးကို ပြောပြခြင်း။

၄။ သူတစ်ပါး ပြုလုပ်နေသည်ကို သဘောတူခြင်း။

ဤလေးမျိုးဖြင့် မြှောက်ပွားလျှင် သုစရိုက် (၄၀) ဖြစ်၏။

**ဆောင်။** ။ ဒုစရိုက်နှင့်၊ သုစရိုက်ပြိုင်၊ ဤဆယ်ခိုင်ကို ကိုယ်တိုင်ပြုပြား၊ သူများခိုင်းတုံ၊ ဂုဏ်ကိုပြောပြ၊ ဝမ်းမြောက်ကြရန်၊ လေးဆယ်မှန်၊ မြှောက်ရန်သဘောပိုက်။

# အာရတီ ပါပမင်္ဂလာ

မကောင်းမှုကို အဝေးမှ ခွာရှောင်နိုင်ခြင်း၊ ဒုစရိုက်ကို လွန်ကျူးရန် မတွေးတော မကြံစည်ဘဲ နေနိုင်ခြင်းသည် (ကြီးပွားချမ်းသာလိုသူတိုင်းမှာ ရှိရမည့်) အာရတီပါပ မင်္ဂလာ ဖြစ်ပါသည်။

ဒုစရိုက် ၁၀ ပါး တရားများကို ရှောင်ကြဉ်နိုင်မှသာ ဆင်းရဲဒုက္ခ အပေါင်းမှ ကင်းဝေးမည် ဖြစ်ပါသည်။ အမှန်မှာ လူကို (သတ္တဝါ)ကို ဆင်းရဲဒုက္ခရောက်စေသော အဓိကဆရာမှာ အပြင်အပက ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မဟုတ်ဘဲ မိမိရင်တွင်းမှာ ကိန်းဝပ်နေသော မကောင်းသော အတွေးအကြံ မနောကံစိတ်တူ ဖြစ်ပေသည်။

ထိုမကောင်းသော အတွေးအကြံရှိသူသည် အပြောအဆို (ဝစီကံ)လည်း မချိုသာ အပြုအမူ (ကာယကံ)လည်း မယဉ်ကျေး မသိမ်မွေ့တော့ပါ။ ထိုအတွေးအကြံ၊ အပြောအဆို၊ အပြုအမူ၊ မယဉ်ကျေးဘဲ ကြမ်းတမ်း ရိုင်းပြသူကို မည်သူက ကူညီစောင့်ရှောက်ပါမည်နည်း။

ထိုမကောင်းသော ကြံစည်ပြောဆို ပြုမူရှိသူသည် ထိုမကောင်းသော အကြံအစည် အပြောအဆို၊ အပြုအမူ ကပင် ဒုက္ခပေးမည် ဖြစ်သည်။ ထိုမကောင်းသော ကြံစည်

ပြောဆို ပြုမှုများကို သတိပညာ တည်းဟူသော လက်နက်ဖြင့် ပယ်ရှားစွန့်ပစ်ကြပါလေ။

## ပါပ မကောင်းမှုဆိုသည်မှာ

၁။ ကိုယ်၌ဖြစ်သော မကောင်းမှု (ကာယဒုစရိုက်)
၂။ နှုတ်၌ဖြစ်သော မကောင်းမှု (ဝစီဒုစရိုက်)၊
၃။ စိတ်၌ဖြစ်သော မကောင်းမှု (မနောဒုစရိုက်)များ ဖြစ်ပါသည်။

## ဒုစရိုက် ၁၀ ပါး

## ၁။ ကာယဒုစရိုက် ၃ ပါး

၁။ **ပါဏာတိပါတ** = သူတစ်ပါးအသက်ကို သတ်ဖြတ်ညှင်းဆဲမှု၊
၂။ **အဒိန္နာဒါန** = သူတစ်ပါးပစ္စည်းကို ခိုးယူလုယက်တိုက်ခိုက်မှု၊
၃။ ကာမေသုမိစ္ဆာစာရ= သူ့သားမယားနှင့် ပျော်ပါးမှု၊

## ၂။ ဝစီဒုစရိုက် ၄ ပါး

၁။ **မုသာဝါဒ** = မဟုတ်မမှန် လိမ်ညာ၍ပြောဆိုမှု၊

၂။ ပိသုဏာဝါစာ = တစ်ဦးနှင့်တစ်ဦး မတည့်အောင် ကုန်းချောရန်တိုက်မှု၊

၃။ ဖရုသဝါစာ = ကြမ်းတမ်းသောစကားကို ပြောဆိုမှု ဆဲရေးမှု၊

၄။ သမ္ဖပ္ပလာပ = အနှစ်သာရမရှိ၊ ပိန်ဖျင်းသောစကား ကို ပြောဆိုမှု၊

## ၃။ မနောဒုစရိုက် ၃ ပါး

၁။ အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို မတရားယူလိုမှု၊

၂။ ဗျာပါဒ = သူတစ်ပါး ပျက်စီးသေကြေရန်ကြံစည်မှု၊

၃။ မိစ္ဆာဒိဋ္ဌိ = အယူအမြင်မှားမှု၊

**မှတ်ချက်။** ဤကာယကံ ၃ ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါးကို အကုသလ ပထတရား ၁၀ ပါး ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။

(အပါယ်ရောက်ကြောင်း မကောင်းလမ်းခရီးဖြစ်သော အကုသိုလ်ကံများ)

## မနောကံ ၃–ပါး

**(ဆောင်)**

၁။ သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။

၂။ လှည့်စားရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေခြင်း၊ ပြိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါးဝစီကံ။

၃။ သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန်သေကြေ။ ပျက်စေလိုငြား၊ အယူမှား၊ သုံးပါး မနောကံ။

ဤဒုစရိုက် ၁၀–ပါးကို အကုသလကမ္မပထ ၁၀ ပါး ဟု ခေါ်သည်။ အပါယ်ရောက်ကြောင်း မကောင်းသောလမ်းဖြစ်သော အကုသိုလ်များ ဖြစ်၏။

ထို ၁၀–ပါးကို

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း၊

၂။ သူတစ်ပါးကို ပြုလုပ်ခိုင်းခြင်း၊

၃။ ဒုစရိုက်ပြုလျှင် ရနိုင်မည့် လောကီအကျိုးများကို ပြောပြခြင်း၊

၄။ သူတစ်ပါးတို့ ပြုလုပ်နေသည်ကို သဘောတူခြင်း ဟူသော။

ဤလေးမျိုးဖြင့် မြှောက်ပွားလျှင် ဒုစရိုက် (၄၀) ဖြစ်ပါသည်။

**အချုပ်မှာ။** ။ အာရတိ၊ ဝိရတိ၊ ပါပ မင်္ဂလာမှာ လူသတ်မှု၊

ခိုးမှု၊ မိစ္ဆာမှားမှု၊ လိမ်လည်မှု၊ ဤ ၄-မျိုးမှ ရှောင်ကြဉ်ခြင်းကို ဆိုပါသည်။ (လူတိုင်း မလုပ်ထိုက်တဲ့အလုပ် ၄ ခု)

## အပြစ်ကင်းသော အလုပ်များ

၅-ပါး၊ ၈-ပါး၊ ၁၀-ပါးသီလစသည်တို့ကို စောင့်ထိန်းခြင်း၊ လမ်းခင်းခြင်း၊ ပြုပြင်ခြင်း၊ အများမိုခို သုံးစွဲရန် သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် စိုက်ပျိုး လှူဒါန်းခြင်း၊ ရေအိုးစင်တည်ခြင်း၊ ရေတွင်းရေကန် ရေပိုက်တပ်ဆင် လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဆေးရုံ၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောင်လုပ်လှူဒါန်းခြင်း၊ တိုင်းပြည်မြို့ရွာ သာယာစည်ပင်အောင် ဆောင်ရွက်ခြင်း၊ စေတနာ့ဝန်ထမ်း၊ မိမိရဲ့လုပ်အားပေး ကုသိုလ်စသည်တို့သည် (အနဝဇ္ဇကမ္မမင်္ဂလာ) အပြစ်ကင်းသော အလုပ်များ ဖြစ်ပါသည်။

ဥာတကာနုဠသင်္ဂဟ မင်္ဂလာအရ မစ္ဆဇာတ် ငါးရုံမင်းအလောင်းတော်၊ နဋ္ဋပါလဇာတ် အလောင်းတော်မျောက်မင်းတိုင်းရင်းသား စည်းရုံးညီညွတ်ရေး စသည်တို့ဖြစ်၏။

## ဉာတကာနဋ္ဌ သင်္ဂဟမင်္ဂလာ
## ဆွေမျိုးကို စောင့်ရှောက်ပါ

၁။ ဆွေမျိုးအချင်းချင်း ချစ်ကြည်မှု ခိုင်မြဲရမည်။
၂။ မရှိသူအား ရှိသူက ကူညီစောင့်ရှောက်ကြောင့်ကြစိုက်ရမည်။
၃။ ဆွေမျိုးတစ်ယောက် ဆင်းရဲရောက်က ပစ်မထားဘဲ ဝိုင်းဝန်းကူညီမြှင့်တင်ပေးရမည်။
၄။ ဤကဲ့သို့ ကူညီလျှင် အကူအညီခံရသူကလည်း တုံ့ပြန် ကူညီပါလိမ့်မည်။
၅။ ဉာတိရက္ခ = ဆွေမျိုးစောင့်ရှောက်မှု တရားကိုလည်း လက်တွေ့ကျင့်သုံးရမည်။

ဤဆောင်ပုဒ်များအရ ဆွေမျိုးကို စောင့်ရှောက်ပါလျှင် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ၊ ဥမကွဲ သိုက်မပျက် ဟူသော စကားအရ ဆွေမျိုးချင်း အတုံ့အလှည့် စောင်မနိုင်မှသာ တစ်ဆွေလုံး တစ်မျိုးလုံး၊ အသက်ထက်ဆုံး သွေးစီးလျက် ပျော်စရာကောင်းသော လောကနတ်ဘုံကြီးသို့ ရောက်နေကြသည့်အလား ကိုယ်စိတ် (၂)ပါး ချမ်းသာကြမည်မှာ ဧကန်မလွဲပါ။

## ၁၉။ ဝိရတိပါပ မင်္ဂလာ

ရင်ဆိုင်တွေ့ကြုံနေရသော မကောင်းမှု ဒုစရိုက်များမှ ရှောင်ကြဉ်နိုင်ခြင်းသည် (ကြီးပွားချမ်းသာလိုသူတိုင်းမှာ ရှိရမည့်) ဝိရတိပါပမင်္ဂလာဖြစ်ပါသည်။ အချို့လူများသည် ပင်ကိုယ်က ကြီးပွားချမ်းသာနေသော်လည်း ရုတ်တရက် တွေ့ကြုံလာရသော မကောင်းမှု(ဒုစရိုက်)များကို မရှောင်ကြဉ် နိုင်ဘဲ၊ လွန်ကျူးမိသောကြောင့် ဆင်းရဲဒုက္ခရောက်ကြရ လေသည်။ ကျူးလွန်မည်ဟု ကြိုတင်ကြံစည်ထားခြင်း မရှိသော်လည်း (အခြေအနေအရ) ရုတ်တရက် လိုချင် လောဘထွက်၍ ခိုးဝှက်သူ မုဒိန်းကျင့်သူ လိမ်ညာ သက်သေ လိုက်သူတို့သည်လည်း လက်ရှိအခြေအနေမှ လျှော့ကျ၍ လူအများ၏ ရှုတ်ချခံရခြင်း၊ နာမည်ပျက်ခြင်း၊ထောင်ကျခြင်း တမလွန်လောကမှာလည်းမကောင်းသော ဘဝသို့ရောက်ရ ခြင်းစသော ဆိုးကျိုးများကို ခံစားရမည်ဖြစ်၏၊ ဤသည်မှာ ရုတ်တရက်တွေ့ကြုံလာရသော မကောင်းမှု (ဒုစရိုက်)မှ မရှောင်ကြဉ်နိုင်သောကြောင့် ဖြစ်ရပေသည်။ မိမိသည် ရုတ်တရက် ရင်ဆိုင်တွေ့ကြုံလာရသော မကောင်းမှု များမှ မရှောင်ကြဉ်နိုင်ပါလျှင် မရရှိသေးသော စည်းစိမ်ဥစ္စာများနှင့် ကိုယ်စိတ်ချမ်းသာမှုကို လက်လွတ်ဆုံးရှုံးရမည် သာဖြစ်

ကြောင်း သတိပြုကာ အသိဉာဏ်ရင့်ကျက်အောင် တရားဓမ္မ ကျင့်ကြံကာ အားထုတ်သင့်ကြပေသည်။

## ၂၀။ မဇ္ဇပါနာ စ သံယမ မင်္ဂလာ

ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ် တိုင်းနှင့် နိုင်ငံတကာ၌ ရာဇဝတ်မှု ဖြစ်ပေါ်စေသော အကြောင်းတရားများအနက် အရက်သေစာ မူးယစ်ဆေးဝါး သုံးစွဲခြင်းသည် အကြောင်းတစ်ရပ် ဖြစ်လေသည်။ အရက်သေစာ မူးယစ်ဆေးဝါးသည် လူတော်တော်များကို ဖျက်ဆီးနေသော အရာလည်းဖြစ်သည်။ ဒုစရိုက်အများစု ဖြစ်ပေါ်မှု၏ လက်သည်တရားခံလည်း ဖြစ်သည်။

### ထိခိုက်နစ်နာပုံ

အရက်သေစာ၊ မူးယစ်ဆေးဝါးသည် သူ့ကို သောက်စားသုံးစွဲသူ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုသိုလ်ကိုလည်း ထိခိုက်ပျက်စီးစေ၏။ သုံးစွဲသူ မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး ကုသိုလ်ရေးကိုလည်း ထိခိုက်နစ်နာ ပျက်စီးစေ၏။

မိမိ၏အကျိုးစီးပွား၊ မိမိ၏မိသားစု၊ မိမိ၏လူမျိုး၊ ဘာသာ၊ သာသနာ၊ မိမိနိုင်ငံတော် အကျိုးစီးပွားကို လိုလား

သူကိုင်း အရက်သေစာ၊ မူးယစ်ဆေးဝါးကို သောက်စားသုံးစွဲခြင်းမှ အမြဲထာဝစဉ် ရှောင်ကြဉ်ရမည်ဟု တိုက်တွန်းလိုပါသည်။

## သေရက်သောက်စားခြင်းအပြစ်များ

၁။ ကိုယ်ကျင့်သီလ ပျက်ရခြင်း၊ ၂။ ဂုဏ်သိက္ခာပျက်ရခြင်း၊ ၃။ အသက်စည်းစိမ် ပျက်စီးဆုံးရှုံးရခြင်း ၄။ အပါယ်လေးပါးသို့ လားရခြင်း အပြစ်များအပြင် ဥစ္စာယုတ်ခြင်း၊ ငြင်းခုံခြင်းများစွာ ရောဂါထူပြော ကျော်ဇောမဲ့တုံး၊ မလုံအင်္ဂါ၊ ပညာနည်းရှာ၊ ဤ ခြောက်ဖြာသောက်စားသေစာ အပြစ်တည်း ဟူသော အလင်္ကာအရ အပြစ်ကျိုးများ ဖြစ်နိုင်သည်ကို လောကမျက်မြင် လက်တွေ့ပင် ဖြစ်ပါသည်။

## ဝတ္ထုပုံ

ရှေးမင်းတစ်ပါး အရက်သောက်စားမှုကြောင့် မိမိရင်သွေးအစစ် သားငယ်ကို သတ်ဖြတ် ချက်ပြုတ် စားဖူးသော ရှေးထုံးရှိလေသည်။ (သိင်္ဂါလောဝါဒသုတ်၌ အကျယ်ရှင်းပြထား၏)

## ၂၁။ အပ္ပမာဒမင်္ဂလာ

ကုသိုလ်ပြုရန် မမေ့ခြင်း၊ သတိရလေ့ရှိခြင်း၊ အရာရာမှာ သတိတရား လက်ကိုင်ထားနိုင်ခြင်းသည် (ကြီးပွားချမ်းသာလိုသူတိုင်း ရှိထားရမည့်) အပ္ပမာဒဓမ္မ မင်္ဂလာဖြစ်သည်။

လူတိုင်းစိတ်သည် (ပါပသ္မိံ ရမတိ မနော)ဟု ရှင်တော်ဘုရား ဟောတော်မူသည့်အတိုင်း မကောင်းမှုအာရုံ၌သာ မွေ့လျော်ပျော်ပိုက်မြဲဖြစ်ရာ ကုသိုလ်စိတ်ဖြစ်ဖို့ရန် ကုသိုလ်ပြုဖို့ရန် အလွန်ခဲယဉ်းလှပေသည်။ ကောင်းမှုစွဲသူ(အာစိဏ္ဏကံရှိသူ)သည် ချမ်းသာသုခများကိုသာ တွေ့ကြုံခံစားရမည်ဖြစ်၏။ လူတစ်ယောက် ကြီးပွားချမ်းသာဖို့အတွက် ကံ ဉာဏ် ဝီရိယ လိုအပ်ပါသည်။ ဉာဏ်ဝီရိယနှင့် ပြည့်စုံသော်လည်း ကုသိုလ်ကံမရှိပါက (ကံမရှိ ဉာဏ်ရှိတိုင်းမွဲ) ဆိုသကဲ့သို့ ကြိုးစားရကျိုး ဉာဏ်သုံးရကျိုး နပ်မည် မဟုတ်ပါ။ ထို့ကြောင့် ကံကောင်းစေရန် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကံတို့ကို စွဲစွဲမြဲမြဲ ပြုလုပ်နိုင်ရေးအတွက် ထိုကုသိုလ်ကံတို့ကို မမေ့မလျော့ဖို့ သတိရဖို့ အရေးကြီးလှပေသည်။

မိမိသည် ကုသိုလ်ပြုရန် သတိရ၍ ယင်းကုသိုလ်ကံများ တိုးပွားလာအောင် ပြုလုပ်နိုင်ပါလျှင် ပစ္စည်းဥစ္စာ

ကြွယ်ဝချမ်းသာသူ ကံကောင်းသူအဆင့်မှ ကိလေသာ ကင်းသူ၊ ဉာဏ်ကောင်းသူ အဆင့်သို့ရောက်ရှိပြီး ဘဝငြိမ်း ချမ်းမှုကို ရရှိမည်မှာ မုချဧကန် ဖြစ်ပါလိမ့်မည်။

## ၂၂။ ဂါရဝ မင်္ဂလာ

အသက် သိက္ခာဂုဏ်ဝါကြီးမား၊ ပုဂ္ဂိုလ်များကို အရိုအသေပေးခြင်းသည် (ကြီးပွားချမ်းသာ လိုသူတိုင်းမှာ ရှိထားရမည့်) ဂါရဝမင်္ဂလာ ဖြစ်ပါသည်။

## ဒါနနှင့် ဂါရဝ မင်္ဂလာထူးခြားချက်

(က) စွန့်ကြဲပေးကမ်းခြင်းသည် အောင်မြင်ရာ ဆိုသည့် အတိုင်း ဒါနမင်္ဂလာအရ ပေးကမ်းစွန့်ကြဲသူကို မည်သူကမှ မမုန်းသည့်အပြင် ထိုသူ့အပေါ် စေတနာ မေတ္တာထားပြီး ချစ်ခင်မှု တိုးပွားလာနိုင်သည်။ ဤသူမှာ ငွေကုန်မှ၊ ပစ္စည်းတစ်ခုခုကို စွန့်လွှတ် နိုင်မှ ရရှိသော အကျိုးကျေးဇူးဖြစ်၏။

(ခ) အရိုအသေပေးခြင်းကား၊ ငွေကြေးကုန်ကျမှ ရနိုင် သည့် ကုသိုလ် မဟုတ်၊ ငွေမကုန် ပစ္စည်းမကုန်ဘဲ မိမိစိတ်ပါလျှင် လွယ်ကူစွာ ရနိုင်သော (အပစာယန)

ကုသိုလ်မျိုးဖြစ်၏။

ဒါနက ငွေကြေးပစ္စည်း ကုန်၏၊ ဂရုဝက ငွေမကုန် ပစ္စည်းမကုန်ပါ (ဒါနနှင့် ဂါရဝ) အလှူပေးခြင်းနှင့် အရိုအသေပေးခြင်း နှစ်မျိုးတို့သည် ဤသို့ ကွဲပြားခြား နားလှပေသည်။

ဟူညီသောအချက်များမှာ လူချစ်လူခင် ပေါများခြင်း၊ လူအများ၏ ဂရုစိုက်ခံရခြင်း၊ လူအများထံမှ အကူ အညီ ရခြင်းတို့ပင် ဖြစ်ပါသည်။

သို့အတွက် မိဘဆရာသမား လူကြီးသူမ စသည် တို့၏ စေတနာ မေတ္တာနှင့် ယင်းတို့၏ အကူအညီ နှင့် စောင့်ရှောက်မှုကို ခံယူလိုပါလျှင် သင်သည် ရိုသေထိုက်သူကို ရိုသေလေးစားရန် ဝန်မလေးပါနှင့်ဟု တိုက်တွန်းလိုပါသည်။

## ၂၃။ နိဝါတ မင်္ဂလာ

ချေသုတ်ပုဆိုး၊ မြေခွယ်ကျိုးနှင့်၊ ချိုကျိုးနွားလား၊ ပမာထား၍ မိမိဂုဏ်ကို နှိမ်ချ၍ ရိုရိုးကျင့် မြင့်မြင့်ကြံ သောအားဖြင့် အများနှင့် တန်းတူ (မာန်–မာန) မထားဘဲ ပုံမှန်နေထိုင် ပြောဆိုဆက်ဆံခြင်းသည် (ကြီးပွားချမ်းသာ လိုသူတိုင်းမှာ ရှိထားရမည့်) နိဝါတ မင်္ဂလာ ဖြစ်ပါသည်။

မိမိသည် ဘယ်လောက်လှလှ ဘယ်လောက်ပညာတတ်တတ်၊ ဘယ်လောက် ဥစ္စာတွေပေါပေါ၊ ဘယ်လောက်ပင် ရာထူးကြီးကြီး၊ ဘယ်လောက်အောင်မြင်မှုရရ မာန်မာန မထားဘဲ အများတကာနှင့် တန်းတူ ပုံမှန်ပြောဆိုဆက်ဆံတတ်သူသည်–

၁။ လူအများ၏ ချစ်ခင်လေးစားကြည်ညိုမှုကို ခံရခြင်း၊

၂။ လူအများ၏ အကူအညီကို ရရှိနိုင်ခြင်း၊

၃။ မိမိက စည်းရုံးလျှင် လွယ်လွယ်ကူကူရခြင်း၊

၄။ မိမိက အကျိုးရှိရာရှိကြောင်း ဦးဆောင်လိုက်လျှင် နောက်မှဝိုင်း၍ ပံ့ပိုးပေးမည့်သူ ပေါများ၏ ထိုသူမျိုးသည် ကြီးပွားချမ်းသာမည်ဖြစ်၏။ မာန်မာန မထားဘဲ ထိုသို့ပုံမှန် နေထိုင်ပြောဆို ဆက်ဆံခြင်းကြောင့် ဆုတ်ယုတ်ပျက်စီးသွားမည် မဟုတ်ချေ။

သင်သည် သင့်မိသားစု၊ သင့်ပတ်ဝန်းကျင်၊ သင့်အသိုင်းအဝိုင်း၊ သင့်မိတ်ဆွေ အပေါင်းအသင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အမြဲတမ်း သင့်မြတ်လိုပါလျှင် သူတို့ထက် သာလွန်သော သင့်မှာရှိသည့် ဂုဏ်အရည်အချင်းတစ်ခုခုကို အကြောင်းပြု၍ မာနမကြီးပါနဲ့၊ ဘဝင်မမြင့်ပါနှင့်၊

အောက်ခြေမလွတ်ပါနှင့် ပုံမှန်နေထိုင် ပြောဆို ဆက်ဆံမှုပြုပါဟု တိုက်တွန်းပါသည်။

## ၂၄။ သန္တုဋ္ဌိမင်္ဂလာ

(က) မိမိလုပ်အားနှင့် တန်ရုံ ရရှိလာသမျှနှင့် မျှတ ရောင့်ရဲ တင်းတိမ်နိုင်ခြင်းသည် ကြီးပွားခြင်း၊ တိုးတက်ခြင်း၏အကြောင်းတစ်ခုဖြစ်၏။

(ခ) မရောင့်ရဲ မတင်းတိမ်နိုင်ခြင်းသည် ပျက်စီးဆုတ်ယုတ်မှု၏ အကြောင်းအရင်းတစ်ခုဖြစ်၏။

(ဂ) ဥပမာ–အမျိုးသားနှင့် အမျိုးသမီးတို့သည် ဇနီး မယား၊ မိမိ၏လင်သားနှင့် မရောင့်ရဲ မတင်းတိမ်နိုင်ဘဲ အငယ်အနှောင်း ထားကြမည်ဆိုပါက အိမ်ထောင်ရေး ပြိုကွဲခိုက်ရန်ဖြစ်မှု၊ စီးပွားရေးပျက်စီးမှု၊ သားသမီးတို့၏ ပညာ ထိခိုက်မှု စသည့် ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်လေသည်။ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်နှင့် ပြည့်စုံစွာ နေထိုင် ကျင့်ကြံနိုင်ကြပါလျှင် အထက်ပါ ဆိုးကျိုးများ မဖြစ်ပေါ်စေနိုင်ဘဲ ရာသက်ပန်ပေါင်းသင်းနိုင်ကြပြီး ကောင်းကျိုးများ အမှန် ရနိုင်ပါသည်။

(ဌာနဆိုင်ရာ အရာရှိများ၊ ကျောင်းသူ ကျောင်းသားများ၊ ရဟန်းတော်များ အကြောင်းကို ပြောပြပါ) သင်သည်

လက်ရှိအနေအထားမှ မဆုတ်ယုတ်ဘဲ တည်တံ့ခိုင်မြဲလိုပါ လျှင် ရရှိသမျှနှင့် မျှတရောင့်ရဲပါ၊ ကျေနပ်ပါ လောဘကြီးပြီး ဖြတ်လမ်း မလိုက်ပါနှင့်၊ တရားသဖြင့် ကျင့်ကြံနေထိုင်ပါဟု တိုက်တွန်းပါသည်။

## ၂၅။ ကတညုတာမင်္ဂလာ

မိဘသည် သားသမီးတို့၏ ကျေးဇူးရှင် ဆရာသမား များသည် တပည့်များ၏ ကျေးဇူးရှင်ဖြစ်၏။ မိမိ၏ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး စသည်တို့၌ အကူအညီပေးဖူးသူ များသည် မိမိ၏ကျေးဇူးရှင်များ ဖြစ်ပေသည်။ ထိုကျေးဇူး ရှင်တို့၏ မိမိအပေါ်ပြုဖူးသည့် ဂုဏ်ကျေးဇူးကို ပြန်လည် ကျေးဇူးဆပ်နိုင်သူ ဖြစ်ရမည်။ ပြန်လည် မပေးဆပ်နိုင်သေး သည့်တိုင် ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးများ မိမိရှိကြောင်း သိမြင်သူ၊ ကျေးဇူးရှိကြောင်း အခြားသူများအား ပြောပြနိုင် သူသည် သူတော်ကောင်း၊ လူတော်လူကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြု ခံရသူ ဖြစ်ပေသည်။

မိဘ ဆရာသမားနှင့် ကူညီဖူးသူတို့၏ ကျေးဇူးမဆပ် ခြင်း၊ သူ့ကျေးဇူးကို မသိခြင်း၊ ကျေးဇူးရှိကြောင်း မပြော ဆိုနိုင်ခြင်းသည် သူယုတ်မာတို့၏ လက္ခဏာဖြစ်၏။ ထို

လက္ခဏာနှင့် ပြည့်စုံသောသူသည် လူယုတ်မာ တစ်ဦးဟု အများ၏ကဲ့ရဲ့ခြင်း ခံရတတ်ပေသည်။

## ၂၆။ ကာလေန ဓမ္မဿဝန မင်္ဂလာ

မြတ်စွာဘုရား ဟောကြားတော်မူထားသော တရားတော်များသည် နာကြားဖတ်ရှုသူကို ရင်အေးစေပြီး ကျင့်ကြံကာ အားထုတ်သူကိုလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေနိုင်ပါသည်။ လူသားအပါဝင် သတ္တဝါဟူသမျှ အို နာ သေ ဒုက္ခမျိုးစုံနှင့် မကင်းနိုင်ကြပါ။ မိမိ၏ မိသားစုနှင့် ဆွေမျိုး မိတ်သင်္ဂဟများအတွင်း ပျက်စီး ဆုံးပါးမှုနှင့် တစ်ခါမဟုတ် တစ်ခါ တွေ့ကြုံရမည်ဖြစ်ရာ ထိုအခါမျိုး၌ "ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံး ပါတကား"စသော သံဝေဂ တရားအများကို ဖတ်ရှုနာကြားခြင်းဖြင့် ဖြစ်ပေါ်နေသော ရင်တွင်းအပူသောကများ လျော့ပါးပျောက်ကင်းသွားနိုင်ပေသည်။ ဤသည်မှာ တရားဓမ္မ နာကြား ဖတ်ရှုရခြင်း၏ ကောင်းကျိုးများသာ ဖြစ်ပေသည်။

## ၂၇။ ခန္တီမင်္ဂလာ

အရာရာ၌ သည်းခံခြင်း စိတ်ရှည်ခြင်း စိတ်မတိုဘဲ နေနိုင်ခြင်းသည် စိတ်ရှည်စွဲသန် သည်းညီးခံ အမှန်ကြီးပွား

ကြောင်းဆိုသည့်အတိုင်း ကြီးပွားချမ်းသာလိုသူတိုင်း ရှိထားရမည့် အရည်အချင်းကောင်းတစ်ခု ဖြစ်သော ခန္တီမင်္ဂလာ ဖြစ်ပါသည်။

## (က) သည်းခံခြင်း၏ ကောင်းကျိုး ၅-မျိုး

၁။ အရာရာ၌ သည်းခံတတ်သူသည် သူတစ်ပါးတို့ ချစ်ခင်မြတ်နိုးလေးစားမှုကို ခံရတတ်သည်။

၂။ အရာရာ၌ သည်းခံတတ်သူအား ရန်သူ ရန်ဘက်များနှင့် မတွေ့ကြုံရဘဲ ကူညီထောက်ပံ့မှု ရရှိတတ်သည်။

၃။ အရာရာ၌ သည်းခံတတ်သူအား ပြဿနာအမျိုးမျိုးနှင့် မတွေ့ကြုံရဘဲ ကူညီမည့်သူ ပေါ်လာတတ်သည်။

၄။ အရာရာ၌ သည်းခံတတ်သူတို့သည် သေခါနီးမှာ ကောင်းသောအာရုံ နိမိတ်ထင်လာပြီး မတွေမဝေ သေရတတ်သည်။

၅။ အရာရာ၌ သည်းခံတတ်သူတို့သည် သေပြီးသည့်နောက် ကောင်းသော နတ်ရွာသုဂတိဘဝသို့ ရောက်ရှိတတ်သည်။

## သည်းမခံခြင်း၏ ဆိုးကျိုးပြစ် ၅-မျိုး

၁။ အရာရာ၌ သည်းမခံတတ်သူကို သူတစ်ပါးတို့ မချစ်ခင်ဘဲ မုန်းတီးတတ်ကြသည်။

၂။ အရာရာ၌ သည်းမခံတတ်သူအား ရန်သူ၊ ရန်ဘက်တွေ များတတ်ကြသည်။

၃။ အရာရာ၌ သည်းမခံတတ်သူအား အပြစ်ပြဿနာအမျိုးမျိုးတွေ ဖြစ်ပေါ်လာတတ်သည်။

၄။ အရာရာ၌ သည်းမခံတတ်သူတို့သည် သေခါနီးမှာ မကောင်းသည့် အာရုံနိမိတ်များ ထင်လာပြီး တွေတွေဝေဝေ သေကြေမှု ကြုံတွေ့ရတတ်သည်။

၅။ အရာရာ၌ သည်းမခံတတ်သူတို့သည် သေပြီးသည့်နောက် အပါယ်ငရဲသို့ ကြရောက်တတ်သည်။

သည်းခံခြင်းသည် ကောင်းကျိုးချမ်းသာ အဖြာဖြာနှင့် တွေ့ကြုံပြီး လူနတ်ချမ်းသာ ရရှိနိုင်သည်။

သည်းမခံခြင်းသည် မကောင်းကျိုးများကို ရရှိပြီး အပါယ်ငရဲသို့ ရောက်ရှိနိုင်ပါသည်။

## ၂၈။ သောဝစဿတာ မင်္ဂလာ

လောကဌ် ဆုံးမသူနှင့် ဆုံးမခံရသူ ဟူ၍ နှစ်မျိုးရှိရာ ဆုံးမသူများသည် အများအားဖြင့် လူကြီးများ၊ မိဘများ၊ ဆရာသမားများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ အတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်ကြပါသည်။ ဆုံးမခံရသူများမှာ လူငယ်များ၊ သားသမီးများ၊ တပည့်များ၊ အသိပညာ မကြွယ်ဝသေးသူများ ဖြစ်ကြပါသည်။

### ဆုံးမလွယ်သူနှင့် ဆုံးမခက်သူ

လူကြီးများသည် လူငယ်များထက် အတွေ့အကြုံ ရင့်ကျက်၏၊ မိဘများသည် သားသမီးများထက်၊ ဆရာသမားများသည်တပည့်များထက် အသိပညာရှိ၏၊ အတတ်ပညာရှင်များသည် သာမန်လူများထက် အတွေ့အကြုံရင့်ကြ၏။ သို့ဖြစ်၍ လူကြီး မိဘစသည်တို့သည် လူငယ် သားသမီး၊ တပည့်၊ သာမန်လူများ၊ မမှားတန်မမှားရအောင်၊ ဒုက္ခမရောက်အောင် သွန်သင်ဆုံးမ အကြံပြုလေ့ရှိကြ၏။ ထိုသွန်သင် ဆုံးမ ညွှန်ပြမှုများကို လက်ခံလိုက်နာ ပြုကျင့်သူ လူငယ် တပည့် သားသမီးတို့သည် ကောင်းကျိုးများရရှိပြီး ဘေးဒုက္ခမှ ကင်းဝေးကြ၏။ သုခမျိုးစုံ ခံစားရနိုင်၍

ဆိုဆုံးမခက်သူများမှာ အဆုံးအမကို လက်မခံ မနာယူကြ သဖြင့် ဆိုးကျိုး များ ဆုံးရှုံးမှု အမျိုးမျိုးနှင့် တွေ့ကြုံပြီး ဆင်းရဲဒုက္ခ ရောက်ကြရပါသည်။

## ၂၉။ သမဏာဒဿန မင်္ဂလာ

ဣန္ဒြေငြိမ်သက်၍ ကိလေသာ အပူငြိမ်းပြီးသော ကိလေသာ အပူငြိမ်းအောင် အားထုတ်ကျင့်ကြံ အားထုတ်နေကြသော ရဟန်းသံဃာ ဆရာတော်သမားတော်များထံ သွားရောက် တွေ့ဆုံဖူးမြင်ခြင်းသည် ကိလေသာ အပူငြိမ်း စေပြီး ကြီးပွားချမ်းသာကြောင်း သမဏာဒဿန မင်္ဂလာ ဖြစ်ပါသည်။

## ကိလေသာအပူငြိမ်းအေးပုံ

ရဟန်းသံဃာတော်များသည် သီလ သမာဓိ ပညာကို ဖြည့်ကျင့်အားထုတ်ကြသူများဖြစ်ရာ ကိလေသာငြိမ်းအေးစေရန် အားထုတ်နေသူများဖြစ်ရာ ထိုရဟန်းသံဃာတော်များကို ဖူးမြင်ရသူတို့ထံသို့ အငြိမ်းဓာတ် ကူးစက်ကာ စိတ်အေးချမ်းမှု ရရှိစေနိုင်ပါသည်။ လကိုကြည့်သူထံသို့ လ၏ အအေးဓာတ်က ကူးစက်သကဲ့သို့ပင် ဖြစ်လေသည်။ သို့ဖြစ်၍ သင်သည် မိမိရင်တွင်းမှာ ဖြစ်ပေါ်လာသော ကိလေသာ

အပူခာတ်ကို ငြိမ်းအေးစေလိုပါလျှင် ထိုအပူခာတ်ကို အပျော်အပါး အသောက်အစားဖြင့် မငြိမ်းသတ်ဘဲ ကိလေသာငြိမ်းအေးအောင် ကျင့်သုံးနေကြသည့် ရဟန်းသံဃာတော်များထံ သွားရောက်တွေ့ဆုံ ဖူးမြင်ပါ (ဖူးမြင်ရန် အခြေအနေမပေးလျှင်) သံဃာနုဿတိ ဘာဝနာကို ပွားများပါ သို့မဟုတ် ကြည်ညိုဖွယ်ကောင်းသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ပွားများပါလျှင် ကိလေသာအပူငြိမ်းအေးပြီး ချမ်းသာမျိုးစုံကို ခံစားရရှိနိုင်ပါလိမ့်မည်။

## ၃၀။ ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ

တရားဆွေးနွေး မေးမြန်းခြင်းဆိုသည်မှာ လောကီကြီးပွားရေး, စီးပွားရေးမှာဖြစ်စေ လောကုတ္တရာ မဂ်ဖိုလ်ရရေးမှာ ဖြစ်စေ အမှန်တကယ် လိုအပ်သော အချက်ပင်ဖြစ်သည်။

သင်သည် မိမိသဏ္ဍာန်၌ ဖြစ်ပေါ်လေ့ရှိပြီး မိမိကိုဒုက္ခပေးလေ့ရှိသော အဖျက်စွမ်းအား မကောင်းသည့် စိတ်ထားများကို သမထဘာဝနာဖြင့် ဖယ်ရှားလိုပါလျှင် ထိုသမထ ဝိပဿနာဘာဝနာ၌ ကျွမ်းကျင်ပြသနိုင်သော ရဟန်းပညာရှိ, လူပညာရှိတို့နှင့် တွေ့ဆုံမေးမြန်း ဆွေးနွေး နည်းယူကျင့်သုံးပါဟု တိုက်တွန်းလိုဆိုရပေသည်။

## ၃၁။ တပေါ စ မင်္ဂလာ

မိမိ၏ မျက်စိ နား၊ နှာခေါင်း, လျှာ, ကိုယ်, စိတ်ကို ခြိုးခြံခြင်း၊ ယင်းတို့ကို မလိုက်စားဘဲ နေနိုင်ခြင်းသည် ကြီးပွားချမ်းသာကြောင်း တပေါ စ မင်္ဂလာ ဖြစ်ပါသည်။

မိမိသန္တာန်၌ ဖြစ်ပေါ်နေသော မကောင်းသည့် စိတ်များကို ပယ်ရှားပြီး ကောင်းကျိုးချမ်းသာသုခ တိုးပွားလိုပါလျှင် မိမိ၏ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်များကို သတိပညာဖြင့် နိုင်နင်းအောင် ထိန်းချုပ်ထားပါလျှင် မကောင်းသည့်စိတ်များ ပယ်ရှားနိုင်ပြီး သုခမျိုးစုံ ခံစားနိုင်ပါသည်။

## ၃၂။ ဗြဟ္မစရိယမင်္ဂလာ

ဗြဟ္မစိုရ်တရား ပွားများခြင်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးခြင်းသည် ကြီးပွားချမ်းသာလိုသူတိုင်းမှာ ရှိရမည့် အရည်အချင်းတစ်ခု ဗြဟ္မစရိယ မင်္ဂလာဖြစ်ပါသည်။

## ဗြဟ္မစိုရ်တရား ၄ ပါး

တစ်ဦးနှင့် တစ်ဦး တစ်မိသားစုနှင့် တစ်မိသားစု, လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း သင့်မြတ်ဖို့အတွက်မှာ အမြင်, အကျင့်တူဖို့ အရေးကြီးသည်။ မေတ္တာ၊ ကရုဏာ၊

မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရား ၄–ပါးကို လက်ကိုင်ထားခြင်း၊ ကျင့်သုံးခြင်း ပင် ဖြစ်ပါသည်။

၁။ တစ်ဦးအပေါ်တစ်ဦး ကောင်းကျိုးလိုလားမှု၊ မေတ္တာ တရားရှိနေသမျှ မည်သည့် ပဋိပက္ခမှ ဖြစ်ပေါ်မည်မဟုတ်၊ တစ်ဦးပျက်စီးရာ ပျက်စီးကြောင်းကို တစ်ဦးက လိုလားပြီး မေတ္တာမထားနိုင်ကြ၍သာ ပဋိပက္ခများ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

၂။ ကိုယ့်အောက်နိမ့်ကျနေသူကို သနားကရုဏာ ရှိနေသမျှ–

၃။ ကိုယ့်ထက်သာ သူ့အပေါ် ဝမ်းမြောက်မှု မုဒိတာ တရား ထားရှိသမျှ လူသားခြင်း၊ အလွှာမရွေး၊ အဆင့်မရွေး သင့်မြတ်နေမည်သာ ဖြစ်၏။ ကရုဏာ၊ မုဒိတာ တရားများ လက်ကိုင် မထားကြလျှင် အလွှဲကွဲ အဆင့်ကွဲပြီး တစ်ဦးချင်း၊ တစ်မိသားစုချင်း၊ လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း ခိုက်ရန်ဒေါသဖြစ်ကာ သေကျေဒုက္ခမျိုးစုံ ရောက်ကြရပေလိမ့်မည်။ ထိုအခါမျိုး၌–

၄။ ကိုယ့်ကံနှင့် ကိုယ်၊ ကိုယ့်အကြောင်းနှင့်ကိုယ်ပဲဟု ဥပေက္ခာ မပွားနိုင်ကြပါလျှင် ဆင်းရဲကြီး ဆင်းရဲကြရမည်သာဖြစ်သည်။

သင်သည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ နိုင်ငံငြိမ်းချမ်းရေး၊ ရပ်ရွာ ငြိမ်းချမ်းရေးများကို ကြီးကြီးကျယ်ကျယ် မလုပ်ပေးနိုင်သည့်တိုင် သင့်တစ်ကိုယ်စာ ငြိမ်းချမ်းရေးအတွက် ဗြဟ္မစိုရ်တရား ၄-ပါးပွားများနိုင်ပါလျှင် ငြိမ်းချမ်းရေးသမား တစ်ယောက်ဟု အများက အထင်ကြီးနိုင်ပေသည်။

## ၃၃။ အရိယသစ္စာန ဒဿနမင်္ဂလာ

သတ္တဝါများ အိုနာသေရေး ဒုက္ခနှင့် ထပ်တလဲလဲ ကြုံတွေ့နေရသည်မှာ သစ္စာ ၄-ပါး အမှန်တရားကို မသိမမြင်ကြသောကြောင့် ဖြစ်ပါသည်။

အို, နာ, သေရေးမှ လွှတ်မြောက်ရန်အတွက် ခန္ဓာ၏ ဒုက္ခသဘာဝ (ဒုက္ခသစ္စာ) ကို မြင်အောင်ကြည့်ရှုရမည်။ ခန္ဓာ၏ အပြစ်သဘောကိုမြင်လျှင် (မဂ္ဂသစ္စာ) ဖြစ်ပေါ်လာ၏။ ခန္ဓာကို တွယ်တာနေသည့် တဏှာ (သမုဒယသစ္စာ) လည်း ကင်းကွာသွားတော့၏။ တဏှာကင်းစင်သွားသည် ရှိသော် တဏှာရှိမှုကြောင့် ဖြစ်ပေါ်လာမည့် ခန္ဓဒုက္ခလည်း (နိရောဓသစ္စာအနေဖြင့်) ချုပ်ငြိမ်းသွားတော့၏။ သစ္စာလေးပါးကို အမှန်အတိုင်း သိမြင်သည်နှင့် တစ်ပြိုင်နက် ခန္ဓာဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။

## ၃၄။ နိဗ္ဗာန သစ္ဆိကိရိယာမင်္ဂလာ

အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းလိုသူတိုင်း ရရှိခံစားရသည့် နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာဖြစ်ပါသည်။ ဘဝသံသရာတစ်လျှောက် လုံး မိမိအား ဒုက္ခပေးခဲ့သော စိတ်အညစ်အကြေး ကိလေသာ များကို အပြီးသတ်ပယ်ရှားနိုင်ပြီး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း လိုပါလျှင် ဝိပဿနာဉာဏ်တဆင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် အားလုံးကို ရရှိနိုင်အောင် ကြိုးစားကြရပါမည်။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသဖြင့် ပူဇော်အထူးကို ခံယူတော်မူထိုက်သော (ရဟန္တာ)အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

## ၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ မင်္ဂလာ

ကောင်းဆိုးနှစ်တန် လောကဓံတရားတို့နှင့် တွေ့ကြုံ ရသော်လည်း စိတ်ကို အတိမ်းအစောင်းမရှိ တည်တည်တံ့တံ့ ကြံ့ကြံ့ခိုင်ခိုင် ထားနိုင်ခြင်းသည်လည်း ရဟန္တာတိုင်းမှာရှိသည့် ပထမအရည်အချင်းကောင်းတစ်ခု မင်္ဂလာတစ်ပါး ဖြစ်လေ သည်။ ကောင်းဆိုးနှစ်တန် လောကဓံတရားနှင့် တွေ့ကြုံ သောအခါ မတုန်လှုပ်သည့် အနေအထားမျိုး အဆင့်အတန်း အမျိုးသို့ မရောက်ရှိသေးသည့်တိုင် ကိုယ့်အတိုင်းအတာ နှင့်ကိုယ် လောကဓံတို့၏ တိုက်ခိုက်မှုဒဏ်ကို ခံနိုင်ရည်

ရှိအောင် သမထ ဝိပဿနာ ဘာဝနာကို ကြိုးစားအားထုတ်နိုင်ကြရမည် ဖြစ်ပါသည်။

## လောကဓမ်တရား ၈ ပါး

၁။ လာဘော-လာဘ်ရခြင်း၊ ၂။ အလာဘော-လာဘ်မရခြင်း၊ ၃။ ယသော-အခြွေရံပေါခြင်း၊ ၄။ ယသော-အခြွေအရံမရှိခြင်း၊ ၅။ နိန္ဒာ-ကဲ့ရဲ့ခြင်း၊ ၆။ ပသံသာ-ချီးမွမ်းခြင်း၊ ၇။ သုခံ-ချမ်းသာခြင်း၊ ၈။ ဒုက္ခ-ဆင်းရဲခြင်း ဟူ၍ လောကဓမ်တရား ၈ပါးရှိသည်။ လောကဓမ်တရား ၈ ပါးတွင် အကောင်း ၄ ပါး၊ မကောင်း ၄ ပါး။

## ၃၆။ အသောက မင်္ဂလာ

အဆိုးလောဓမ်တရားများကြောင့် ပူဆွေးသောက မဖြစ်ခြင်းသည်လည်း ရဟန္တာတိုင်းမှာရှိသည့် ဒုတိယအရည်အချင်းကောင်းတစ်ခု ဖြစ်၍ မင်္ဂလာတစ်ပါးဖြစ်ပါသည်။

## အရိယာနှင့် ပုထုဇဉ်အမြင်

(က) အရိယာပုဂ္ဂိုလ်များသည် ချစ်ရမှာကို ကြောက်၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့ကား ချစ်ရမှာကို ဝန်မလေး ချစ်ရသည်

ကိုပင် သုခ၏အကြောင်းအရင်းဟု မြင်၏။ အရိယာတို့သည် ချစ်ရမှာကို ကြောက်စရာဟု မြင်သဖြင့် တစ်စုံတစ်ရာ မချစ်ခင် မစွဲလန်းသောကြောင့် သောက မဖြစ်ကြရ ဘေး မတွေ့ကြရ ငြိမ်းအေးချမ်းကြ၏။

(ခ) ပုထုဇဉ် ပုဂ္ဂိုလ်တို့ကား အချစ်ရဲသောကြောင့် ချစ်ရသည်ကို ဂုဏ်ယူစရာဟု ထင်သောကြောင့် အချစ် တိုးပွားအောင်ပြုလုပ်နေကြ၏။ အချစ်ပွားလေ ဒုက္ခများလေ ဖြစ်သည်ကို မရိပ်မိကြပေ။ ထို့ကြောင့် သောက ဖြစ်ကြ၏။ ဘေးအမျိုးမျိုးတွေ့ကြ၏။ ဒုက္ခအမျိုးမျိုးတွေ့ကြ၏။ ဤ အချက်များကို သိရှိနားလည် သဘောပေါက်ကာ စိုးရိမ်ပူဆွေး မှုကို ကြိုတင်ကာကွယ်ရေးအတွက် အချစ်လျှော့ဖို့ မချစ်ရဲဖို့ သမထ ဝိပဿနာအလုပ်ကို ကြိုးစားပွားများ အားထုတ် ကြရမည်ဖြစ်သည်။

## ၃၇။ ဝိရဇမင်္ဂလာ

ကိလေသာမြူရမ္မက် (တဏှာလောဘ)မရှိခြင်းသည် ရဟန္တာပုဂ္ဂိုလ်တိုင်းမှာ ရှိသည့် တတိယအရည်အချင်း ဖြစ်၍ မင်္ဂလာတစ်ပါး ဖြစ်ပါသည်။

## ပုထုဇဉ်နှင့် ရဟန္တာအမြင်

(က) ဒုက္ခဖြစ်ကြောင်း တဏှာလောဘကို ပုထုဇဉ်တို့ အမှန်အတိုင်း မသိမြင်ကြရသည်မှာ ၎င်းတို့၏ ဉာဏ်မျက်စိတွင် တဏှာလောဘခေါ် မြူမှုံများ ပိတ်ဖုံးကာနေသောကြောင့်ဖြစ်၏။

(ခ) ရဟန္တာပုဂ္ဂိုလ်များကား ထိုတဏှာလောဘ ရမ္မက်မြူမှုန်များကို ကုန်စင်အောင် အသိဉာဏ်ဖြင့် ပယ်ရှားပြီး ဖြစ်သောကြောင့် တဏှာလောဘကို ဒုက္ခဖြစ်ကြောင်းဟု သိမြင်ကာ အာရုံမှန်သမျှကို မခင်မင်မတွယ်တာကြတော့သည့်အတွက် ဒုက္ခအမျိုးမျိုးဘေးအမျိုးမျိုးမှ ကင်းလွတ်ပြီး ချမ်းသာသုခ ရရှိခံစားကြလေသည်။

ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် တဏှာလောဘ၏ အဖြစ်အပျက်ကို မြင်အောင်ကြည့်ကာ ယင်းတဏှာလောဘကို စွန့်ပစ်သောအားဖြင့် သမထ ဝိပဿနာ ဘာဝနာအလုပ်ကို ကြိုးစားအားထုတ် ပြုလုပ်သင့်ပေသည်။

## ၃၈။ ခေမမင်္ဂလာ

ဘေးရန်ကုန်ခမ်း၍ ငြိမ်းချမ်းခြင်းသည် ရဟန္တာပုဂ္ဂိုလ်တိုင်းမှာရှိသည့် စေတသိကအရည်အချင်းဖြစ်၍ မင်္ဂလာတစ်ပါးဖြစ်ပါသည်။

## ရဟန္တာနှင့် ပုထုဇဉ်

(က) ကိလေသာရှိလျှင် ဒုက္ခရှိ၏။ ကိလေသာ မရှိလျှင် ဒုက္ခ မရှိ။ ဘေးရန်မရှိလျှင် ဘေးရန်ငြိမ်း၏။ ဘေးရန်ငြိမ်းလျှင် ချမ်းသာ၏။ ရဟန္တာပုဂ္ဂိုလ်များမှာ ထိုဘေးရန် မရှိတော့သဖြင့် ထာဝရငြိမ်းချမ်း၏၊ ထာဝရချမ်းသာ၏။

(ခ) ပုထုဇဉ် ပုဂ္ဂိုလ်များ၌ မောဟဟူသော အဝိဇ္ဇာအမှောင်ထု ဖုံးအုပ်နေသဖြင့် ဒိဋ္ဌိဖြင့် ရုပ်နာမ်သဘာဝကို ငါ သူ လူ ပုဂ္ဂိုလ် သတ္တဝါ သားသမီး ဇနီး ခင်ပွန်းဟု ထင်မှတ်ကာ လောဘဖြင့် ထိုသားသမီး ဇနီး ခင်ပွန်း စသည်ကို စွဲလန်းသဖြင့် ထိုအထင်ဒိဋ္ဌိ ထိုအစွဲအလန်း လောဘတို့ကြောင့် ဒုက္ခအမျိုးမျိုး၊ ဘေးရန် အမျိုးမျိုးတွေ့ကြရလေသည်။ စစ်မှန်သော

ကိုယ်စိတ်ချမ်းသာမှု ကိုယ်စိတ်ငြိမ်းချမ်းမှုတို့ကို မရရှိနိုင်ပါ။

ဤသို့ ပုထုဇဉ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့၏ ဂုဏ်ရည်ကွဲပြားခြားနားချက်ကို သိရှိနားလည်ကာ ကိလေသာဘေးရန်ကုန်ခမ်း၍ ထာဝရ ကိုယ်စိတ်ငြိမ်းချမ်းမှု အစစ်အမှန်ကို အမှန်တကယ် အလိုရှိသူတို့သည် သမထ ဝိပဿနာဘာဝနာ အလုပ်ကို အထူးတလည် လုံ့လကြိုးကုတ် ပွားများအားထုတ်သင့်ကြသည်မှာ အမှန်ပင်ဖြစ်ပါတော့သတည်း။

## ၃၈–ဖြာ မင်္ဂလာတရားတော်၏ အကျိုးကျေးဇူးများ

ဘုရားရှင် ဟောကြားသော မင်္ဂလာတရားတော်သည်

၁။ ဗုဒ္ဓဘာသာဝင်တို့အတွက် အခြားသော ဘာသာဝါဒ အခြား ယဉ်ကျေးမှုတို့၏ တိုက်ခိုက် ထိုးနှက်မှုကို ခုခံကာကွယ်ပေးနိုင်သည့် **ကိုယ်ခံပညာနှင့်တူသော** တရားတော်ဖြစ်၏။

၂။ တရား**တု**နှင့် တရား**စစ်**ကို စိစစ်ခွဲခြားပေးနိုင်သည့် မှတ်ကျောက်နှင့်တူသော တရားတော်ဖြစ်၏။

၃။ လူ့အဆင့်အတန်းမီ မမီ လူ့အထက်တန်းစား ဟုတ် မဟုတ်ကို တိုင်းတာပေးနိုင်သည့် **ခဲပေတံနှင့်တူသော** တရားတော်ဖြစ်၏။

၄။ မြန်မာ့ယဉ်ကျေးမှု၏ **အခြေခံအုတ်မြစ်**နှင့်တူသော တရားတော်ဖြစ်၏။

၅။ ငြိမ်းချမ်းရေး လမ်းစဉ်မှန်သမျှတို့၏ **သခင်ကြီးနှင့်** တူသော တရားတော်ဖြစ်၏။

၆။ ကြီးပွားချမ်းသာရေး လမ်းပျောက်နေသူ၊ ငြိမ်းချမ်းရေး လမ်းပျောက်နေသူတို့၏ အားထားမှီခိုရာ **ဆိပ်မီးတိုင်နှင့်တူသော** တရားတော်ဖြစ်၏။

၇။ ယဉ်ကျေးသူတို့ထက် ယဉ်ကျေးအောင် ပို့ချသင်ကြား ပေးသည့် **ယဉ်ကျေးမှုတက္ကသိုလ်ကြီးနှင့်တူသော** တရားတော်ဖြစ်၏။

၈။ တရားဥပဒေ စိုးမိုးရေး၊ တိုင်းပြည်အေးချမ်းသာယာ ရေးကို စောင့်ရှောက်ကာကွယ်ပေးသည့် **မင်းကောင်းမင်းမြတ်**နှင့်တူသော တရားတော်ဖြစ်၏။

၉။ မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးပင်ဖြစ်စေ လိုက်နာကျင့်သုံးပါက ကောင်းကျိုးဖြစ်ထွန်းစေသည့် **မျက်နှာမလိုက် ဘက်မလိုက်သည့် တရားသူကြီး**နှင့်တူသော တရားတော်ဖြစ်၏။

၁၀။ လူတော်လူကောင်း လူ့အဖိုးတန်ဖြစ်လာအောင် ကြပ်မတ်သွန်သင်ဆုံးမပေးသည့် **ဆရာသမားကောင်းနှင့်တူသော** တရားတော်ဖြစ်၏။

၁၁။ လိုက်နာသူအဖို့ လူနတ်တို့၏ချစ်ခင်မြတ်နိုးမှုကို ခံယူရရှိစေနိုင်သော **ပိယဆေးနှင့်**တူသော တရားတော်ဖြစ်၏။

၁၂။ သားကောင်း, သမီးကောင်းများကို မွေးဖွားပေးသော မိခင်ကဲ့သို့ လူေ ဘ်လူကောင်းများကို မွေးဖွားပေးသော မိခင်နှင့်တူသော တရားတော်ဖြစ်၏။

၁၃။ မည်သည့် တိုက်ပွဲမှာမဆို ရှုံးပွဲမရှိ ရန်သူများကို အမြဲတမ်း အနိုင်ရအောင် တိုက်စွမ်းနိုင်သည့် **စစ်ဗိုလ်ချုပ်ကဲ့သို့** မည်သည့်နေရာမဆို လိုက်နာကျင့်သုံးသူအား အောင်မြင်မှုကို ပေးစွမ်းနိုင်သော **စစ်ဗိုလ်ချုပ်ကြီး**နှင့်တူသော တရားတော်ဖြစ်၏။

၁၄။ လူပပြေပြစ်အောင် ထုလုပ်စွမ်းနိုင်သော လက်ရာမြောက် ပန်းပုဆရာကြီးကဲ့သို့ လူသားတို့၏ ကိုယ်၊ နှုတ်၊ စိတ်ကို သိမ်မွေ့ပြေပြစ်စေနိုင်သော **ပန်းပုဆရာ**နှင့်တူသော တရားတော်ဖြစ်၏။

၁၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီ၊ မဆီလျော်သော တိုင်းတစ်ပါး ယဉ်ကျေးမှုတို့၏ ထိုးနှက်တိုက်ခိုက်ခြင်းမှ ကာကွယ်ပေးနိုင်သော နိုင်ငံခြားယဉ်ကျေးမှု **ကာကွယ်ရေး တက္ကသိုလ်နှင့်**တူသော တရားတော်ဖြစ်၏။

## ၃၈-ဖြာ မင်္ဂလာတရားတော်များ သင်ကြားပေးရန် တိုက်တွန်းနှိုးဆော်ချက်

နွေရာသီ ကျောင်းပိတ်ရက် အားလပ်ရက်များတွင် ကျောင်းသူကျောင်းသား သားငယ် သမီးငယ်များအား မင်္ဂလာတရားသင်ဖို့ တိုက်တွန်းချက်-

၁။ ဘာသာရေး ယဉ်ကျေးမှု အခြေခံရရှိစေရန်။

၂။ ရဟန်းသံဃာ,လူကြီးသူမများနှင့် ပုံမှန်ဆက်ဆံတတ်စေရန်။

၃။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို မြတ်နိုးခုံမင်လာတတ်စေရန်။

၄။ ကိုယ်အမူအရာ ယဉ်ကျေးသိမ်မွေ့စေခြင်း၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့စေခြင်း၊ စိတ်အမူအရာ ယဉ်ကျေး သိမ်မွေ့စေခြင်းဟူသော ဗုဒ္ဓဘာသာဝင်တို့၏ ပီပြင်ခဲ့ညားသော မူလတန်း ကလေးများ ပြန်လည် ဆန်းသစ်လာစေရန်။

၅။ သားငယ် သမီးငယ်များ၏ နှလုံးသားတွင် ဗုဒ္ဓမြတ်စွာ၏ မင်္ဂလာတရားမြတ် ကိန်းဝပ်နေစေရန်နှင့်

၆။ နွေရာသီကျောင်းပိတ်ရက်အား အလကား အဟောသိကံဖြစ်မသွားစေရန် ရည်သန်လျက် နွေရာသီရောက်

တိုင်း ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ ဘာသာယဉ်ကျေးမှု အထွေထွေသင်တန်းများ ဖွင့်လှစ်သင်ကြားပေးကြပါရန် စာရေးသူမှာ အထူးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

၇။ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ လင်နှင့်မယား၊ ဒကာနှင့် ဆရာလက်တွဲပြီး ဝတ်တွေရားမပျက်စေဘဲ ဝတ္တရားများ ညီမျှပြီးလျှင် လူမှုရေး၊ ဘာသာရေး၊ သာသနာရေးများ ဆောင်ရွက်နိုင်စေရန်။

# သိင်္ဂါလောဝါဒသုံးမစာ

## သိင်္ဂါလောဝါဒသုတ်ဟောရခြင်း

ဘုရားရှင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဘုရားရှင်အား ကြည်ညိုသော သူဌေးကြီး တစ်ဦးရှိ၏။ ထိုသူဌေးကြီးသည် သားဖြစ်သူ သိင်္ဂါလ သတို့သားအား မသေမီ မှာကြားခဲ့သည်မှာ ငါတို့ မရှိတော့သည့်အခါတွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် အထက်၊ အောက် ဟူသော အရပ် ၆–မျက်နှာကို ရှိခိုးပါလော့ဟု မှာကြားခဲ့သည့်အတိုင်း သူဌေးမရှိသည့် နောက် သိင်္ဂါလ သတို့သားသည် မြို့ပြင်ရှိရာ ရေကန်တွင် ရေချိုးပြီး ကန်ပေါင်ပေါ်၌ ရပ်လျက် အရပ် ၆–မျက်နှာကို ရှိခိုးပြီး နေသည်ကို ဘုရားရှင်သည် သံဃာတော်အပေါင်းနှင့် ဆွမ်းခံ ကြွလာကာ သိင်္ဂါလလုလင် အနီးသို့ရောက်သောအခါ သိင်္ဂါလ၏ အပြုအမူကိုကြည့်၍ "သိင်္ဂါလ...အဘယ်အမှုကို ပြုဘိသနည်းဟု မေးတော်မူရာ "သိင်္ဂါလလုလင်က ဖခင် မှာကြားခဲ့သည့်အတိုင်း အရပ် ၆–မျက်နှာကို ရှိခိုးနေပါ

သည်ဟု လျှောက်ထားရာ "အိုဒါယကာ...ငါဘုရား သာသနာ၌ ရှိခိုးအပ်သော အရပ် ၆-မျက်နှာ မဟုတ်ပေ"ဟု မိန့်တော်မူပြီး သိင်္ဂါလလုလင်ကို အကြောင်းပြု၍ ဤသိင်္ဂါ လောဝါဒသုတ်ကို ဟောတော်မူပါသည်။

အရပ် ၆-မျက်နှာမှာ ဥပမာပြုအပ်သော မိဘဆရာ သမားစသည်တို့နှင့် ရှိခိုးခြင်းနှင့်တူစွာ ကျင့်ရန် ကျင့်ဝတ်များ ကို ဟောတော်မူထားပါသည်။ ဤသုတ်သည် လူတို့ကျင့် စရာ၊ ဥစ္စာပျက်ကြောင်း၊ အပေါင်းအသင်း စသည့် ကျင့်စဉ် များပါဝင်ပါသည်။ သင်္ဂဇာဆရာတော်ကြီးနှင့် ဆရာတော် ကြီး ဦးဖုန်တို့က သိင်္ဂါလောဝါဒ ဆုံးမစာ ဆောင်ပုဒ်များနှင့် ဂိဟိဝိနယ ဆုံးမစာ ဆောင်ပုဒ်များကို ရေးသားတော် မူခဲ့ ပါသည်။

## သင်္ဂဇာဆရာတော် ရေးသားသော သိင်္ဂါလောဝါဒဆုံးမစာ

တစ်လောကလုံး ညွှတ်ရှုံး ဦးချ၊ နှိုင်းမမျှသား၊ ဘုရား ရွှေစကာ်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ကာ၊ ရှိညွှတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝတ်၊ ချွတ်မူပါယ်ရှာ၊ လားမည့်တာကြောင့်၊ သုတ်ပါထေယျာ၇၊ ကျမ်း၌ပြသည်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ်၊ နတ်ရွာဖို့လုံးလုံး ကျင့်၍သုံး။

## အလေးအမြတ်ပြုအပ်သော အရပ်ခြောက်မျက်နှာ

အရှေ့ မိဘ၊ တောင်မှ ဆရာ၊ နောက်မှ မယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေ ကျွန်များ၊ အထက်ဖျားကား၊ ပုဏ္ဏားရဟန်း၊ ခြောက်ရပ်တည်း။

၁။ အရှေ့အရပ်မှာ မိဘ (အရှေ့အရပ်နှင့်တူသော မိဘ။)

၂။ တောင်အရပ်မှာ ဆရာ၊

၃။ အနောက်အရပ်မှာ ဇနီးမယား၊

၄။ မြောက်အရပ်မှာ မိတ်ဆွေ၊

၅။ အောက်အရပ်မှာ ကျေးကျွန် (လုပ်သား)

၆။ အထက်အရပ်မှာ ရဟန်း၊ ပုဏ္ဏား

ဤအရပ် ၆-မျက်နှာကို ရည်ရွယ်၍ အဘဖြစ်သူ သူဋ္ဌေးကြီးက မှာကြားခဲ့ခြင်း ဖြစ်သည်။

### (က) သားသမီးကျင့်ဝတ် ၅-ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ (သမီးတို့တာ)။

၁။ မိဘနှစ်ပါးတို့ကို ပြုစုလုပ်ကျွေး မွေးမြူပြုစုရခြင်း။

၂။ မိဘတို့၌ဖြစ်ပေါ်လာသော ဘာသာရေး၊ လူမှုရေး၊ ကိစ္စအဝဝကို ပြုလုပ်ဆောင်ရွက်ခြင်း၊

၃။ အမျိုး၊ ဘာသာ၊ သာသနာနှင့် အမျိုးအနွယ်ကို စောင့်ရှောက်ရခြင်း၊

၄။ အမွေခံထိုက်အောင်၊ မိဘများ၏ ဆိုဆုံးမမှုကို အမြဲလိုက်ခြင်း၊

၅။ ကွယ်လွန်သော မိဘတို့အား ကုသိုလ်ပြုလုပ် အမျှအတန်းပေးဝေရခြင်း။

**(မှတ်ချက်)** မိဘတို့မျှော်လင့်ချက် ၅–မျိုးဟုလည်း ခေါ်ပါသည်။

## မိဘကျင့်ဝတ် ၅–ပါး

(ခ) မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

၁။ ငယ်ရွယ်စဉ်ကစ၍ မကောင်းမှု အကုသိုလ် ဒုစရိုက်ဟူသမျှကို မပြုကျင့်ရန် တားမြစ်ရခြင်း။

၂။ မိဘများအပေါ် ရိုသေလေးစားခြင်းစသော ယဉ်ကျေးသိမ်မွေ့ လိမ္မာစေရန်၊ ဆုံးမညွှန်ကြားရခြင်း။

၃။ အတတ်ပညာများကို သင်ကြားပေးခြင်း၊ ဘွဲ့ရသည် အထိ ပညာသင်ကြားစေခြင်း။

၄။ သင့်လျော်သော မိကောင်းဖခင် သားသမီးများနှင့် ထိမ်းမြားမင်္ဂလာပြုလုပ်ပေးခြင်း။

၅။ အရင်းအနှီးပြုလုပ်ရန် အမွေဥစ္စာတို့ကို ပေးအပ်ချီးမြှင့်ရခြင်း။

## (ဂ) တပည့်ကျင့်ဝတ် ၅-ပါး

ညီညာ-ထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီး လုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခု သာ။

ဆရာသမားလာသည်ကို မြင်လျှင် ညီညာဖျဖျ

၁။ နေရာမှထ၍ ခရီးဦးကြိုဆိုခြင်း၊ (ထီး၊ ဖိနပ် စသည့် ပစ္စည်းများ ယူဆောင်ပေးခြင်း)

၂။ ဆရာ၏အနီးအပါး၌ ဆည်းကပ်ခစားရခြင်း၊

၃။ ဆရာ၏ ဆုံးမဩဝါဒစကားများကို လိုက်နာရခြင်း၊

၄။ အခါအားလျော်စွာ ပြုစုလုပ်ကျွေးရခြင်း၊

၅။ အတတ်ပညာကို ရိုသေစွာ သင်ကြားလေ့ကျက်ရခြင်း၊

**မှတ်ချက်။** ။ ဤသို့ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ဆရာသမားများပေါ်၌ တပည့်ကောင်းများက မပြုလုပ်လျှင် (ဆရာဟူသော တောင်၏အရပ်မျက်နှာအရပ်သည်) မလုံခြုံ ဟာလာဟင်းလင်း ဖြစ်နေ၏။ ထိုအရပ်မှ ဘေးနှစ်ပါးတို့သည် တပည့်တို့ထံ ဝင်ရောက်လာနိုင်၏။ ဘေးသင့်၏။ ဝတ် ၅-ပါးတို့ကို ပြုလုပ်သော တပည့်တို့မှာ (တောင်မျက်နှာ အရပ်လုံခြုံ၏) ဘေးနှစ်ပါးလည်း မရောက်နိုင်၊ အတတ်ပညာဆုံးခန်းတိုင် တတ်မြောက်ပြီး အေးငြိမ်းသာယာစွာ နေထိုင်ရပါသည်။

## (ဃ) ဆရာ့ကျင့်ဝတ် ၅-ပါး

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန် ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။

၁။ အတတ်ပညာတို့ကို ကောင်းစွာတတ်မြောက်အောင် ဆုံးမသင်ကြားပေးရခြင်း၊

၂။ ယဉ်ကျေးသိမ်မွေ့လိမ္မာအောင် သွန်သင်ဆုံးမ ပြုပြင်ပေးရခြင်း၊

၃။ ဆရာစားမချန်ဘဲ အတတ်ပညာ ကုန်စင်တတ်မြောက်အောင် သင်ကြားပေးရခြင်း၊

၄။ ဘေးရန်အန္တရာယ် ကင်းခြင်းငှာ စောင့်ရှောက်ကြည့်ရှု သင်ကြားပေးရခြင်း၊

၅။ ဆိုင်ရာ ဆရာမိဘ ဆွေမျိုးတို့ထံ အပ်နှံပို့ပေးရခြင်း။

## (င) လင့်ကျင့်ဝတ် ၅-ပါး

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

၁။ လောကယဉ်ကျေးမှု စကားတို့ဖြင့် ချိုးမွမ်းချိုသာစွာ အမြတ်တနိုး ပြောဆိုရခြင်း။

၂။ မိမိရရှိသော ပစ္စည်းဥစ္စာတို့ကို အပ်နှင်းရခြင်း။

၃။ မိမိအိမ်သားမှ တစ်ပါး၊ အခြားမိန်းမများ၌ ကာမေသုမိစ္ဆာကံ ရှောင်ကြဉ်ရခြင်း။

၄။ ခေတ်အလိုက် ဝတ်စားတန်ဆာများကို ဆင်မြန်းပေးရခြင်း၊

၅။ မြတ်မြတ်နိုးနိုး ချိုချိုသာသာ ပြောဆိုရခြင်း။

## (စ) မယားကျင့်ဝတ် ၅-ပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုတ်သေချာ၊ မိစ္ဆာကြဉ်ရှောင် လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

၁။ အိမ်တွင်းမှုကိစ္စအဝဝတို့၌ မလစ်လပ်အောင် ရွက်ဆောင်စီမံရခြင်း၊

၂။ အပ်နှံထားသော ပစ္စည်းဥစ္စာများကို စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်ရခြင်း၊

၃။ မိမိလင်သားမှတပါး အခြားအမျိုးသားများ အပေါ်၌ ကာမေသုမိစ္ဆာကံ ရှောင်ကြဉ်ရခြင်း၊

၄။ နှစ်ဖက်သော ဆွေမျိုးတို့ကို မျှတညီမျှစွာ ချီးမြှောက်ထောက်ပင့်ရခြင်း။

၅။ အိမ်တွင်းမှုကိစ္စ အဝဝတို့၌ မပျင်းမရိ ထကြွလုံ့လရှိရခြင်း။

## အိမ်ထောင်သည် အမျိုးသမီးများ သုံးစွဲပုံ (၂) နံပါတ်အတွက် ရှင်းလင်းချက်

ကြီးပွားချမ်းသာလိုသော (အမျိုးကောင်းသား) အမျိုးကောင်းသမီးတို့သည် မိမိတို့ပိုင်ဆိုင်ရရှိလာသည့် ပစ္စည်းဥစ္စာရတနာများကို ၄ စု၊ ၄ ပုံ ခွဲခြားဝေဖန်၍ သုံးစွဲတတ်ပါလျှင် မကြာမြင့်မီ အချိန်တွင် ကြီးပွားချမ်းသာခြင်းသို့ ရောက်နိုင်ကြောင်း ဘုရားရှင်ဟောကြားပါသည်။

၁။ ပထမ အပုံကို စားရေး, ဝတ်ရေး, လှူရေး စသည်ကို သုံးစွဲရန် အသုံးပြုရမည်။

၂။ ဒုတိယ + တတိယ (အလယ်) ၂ ပုံကို ပစ္စည်းတိုးပွားရန် လယ်ယာကိုင်းကျွန်း၊ ကုန်သွယ်မှု တို့၌ အသုံးပြုရပါမည်။

၃။ စတုတ္ထ (လေးပုံမြောက်)အပုံကို မင်းဘေးစသော အန္တရာယ်နှင့် ကျန်းမာရေးအတွက် အသုံးပြုရပါမည်။ (ဥပမာ) တစ်နေ့လျှင် ဝင်ငွေ ၅၀၀ဝိ/ ရရှိသူသည် ၁၂၅၀ ကျပ်ကို စားရေးဝတ်ရေး လှူရေး ကိစ္စများ၌ အသုံးပြုရမည့် အလယ် ၂၅၀၀ ကျပ်ကို တိုးပွားအောင် လယ်ယာစသည်နှင့် ရောင်းဝယ်ရေး၌ အသုံးပြုရမည်၊ ကျန် ၁၂၅၀ ကျပ်ကို မင်းဘေးစသည့် အန္တရာယ်နှင့် ကျန်းမာရေးအတွက် အသုံးပြုရန် စုဆောင်း သိမ်းဆည်းထားရပါမည်။

**(ဆောင်)**လေးပုံခွဲခြား၊ ပိုင်းထားဥစ္စာ၊ တစ်ပုံမှာကား၊ သုံးစားလှူပါ၊ နှစ်ပုံလယ်စု၊ ရောင်းမှုလယ်ယာ၊ လေးပုံမြောက်ကား၊ ဘေးများရောက်လာ သုံးစွဲပါ၊ ဥစ္စာကြွယ်ကြောင်းတည်း။

## (ဆ) မိတ်ဆွေကျင့်ဝတ် ၅-ပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။

၁။ အခါအခွင့်အားလျော်စွာ ကျွေးမွေးပေးကမ်း ချီးမြှင့်ရခြင်း၊
၂။ မိမိနှင့်တန်းတူ ပေါင်းဖော်နေထိုင်ပြီး နှစ်ကိုယ့်တစ်စိတ် ထပ်တူထပ်မျှ ဆက်ဆံရခြင်း၊
၃။ သူတစ်ပါးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရခြင်း၊
၄။ ချစ်ခင်ဖွယ်စကားကို ပြောဆိုရခြင်း၊
၅။ မချွတ်မယွင်း၊ မှန်ကန်သောစကားကိုပြောဆိုရခြင်း၊

## (ဓ) ကျေးဇူးတုံ့ပြန်သူ၊ မိတ်ဆွေကျင့်ဝတ် ၅–ပါး

မေ့လျော့စောင့်လှာ၊ ဥစ္စာစောင့်ရှောက်၊ ကြောက်လန့်ပယ်လေ့၊ ဘေးတွေ့မစွန့်၊ ဆယ်ညွန့်သားမြေး၊ မြတ်လေးပူဇော်၊ ဤငါးဖော်ကား၊ ညီလျော်တို့လမ်း ကျင့်ဝတ်တည်း။

၁။ မေ့လျော့နေသဖြင့် အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိသောအခါ မိတ်ဆွေကို စောင့်ရှောက်ရခြင်း၊
၂။ စည်းစိမ်ဥစ္စာအတွက်၊ စိုးရိမ်ဖွယ်ရှိသောအခါ၊ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ရခြင်း၊
၃။ ကြောက်ရွံ့နေသောအခါ၊ မိတ်ဆွေ၏ အားကိုး မှီခိုရာဖြစ်ရခြင်း။

၄။ ဘေးရန်အန္တရာယ်နှင့် တွေ့ကြုံသောအခါ၊ မစွန့်ပစ်ရခြင်း (မရှောင်လွှဲရခြင်း)
၅။ မိတ်ဆွေ၏ သားသမီးမြေးစဉ်ဆက်တို့ကို ချစ်ခင်စွာ ကျေးဇူးပြုရခြင်း။

## (၅) သခင်ကျင့်ဝတ် [အလုပ်ရှင်ကျင့်ဝတ်] ၅-ပါး

ဝစ္စာကျွေးမွေး၊ ပြုရေးစီစဉ်၊ နာကျင် ကုစေ၊ ငွေဝေ ရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ မချွတ်ငါးခုသာ။

၁။ ထိုက်တန်သော ထမင်းရိက္ခာ အဖိုးအခများကို ကျွေးမွေးပေးကမ်းရခြင်း၊
၂။ အလုပ်သမားများ၏ ခွန်အားနှင့်လျော်အောင် အလုပ်ကိစ္စများကို အလုပ်ခိုင်းရခြင်း၊
၃။ မကျန်းမာသောအခါ ကောင်းစွာစောင့်ရှောက် ပြုစုဆေးကုရခြင်း။
၄။ ကောင်းသော အရသာရှိ အစားအစာများကို ခွဲဝေကျွေးမွေးရခြင်း။
၅။ အခါကာလအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အဝတ်တန်ဆာစသည် ဆင်မြန်းရခြင်း။

## (ည) ကျွန်ကျင့်ဝတ် [အလုပ်သမားကျင့်ဝတ်] ၅-ပါး

အိပ်သော် နောက်ကျ၊ ထသော်ကား ရှေ့၊ ပေးမှ ယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ [အလုပ်သမားအကျင့်ပါ။]

၁။ နံနက်စောစော၌ (အရှင်သခင်)အလုပ်ရှင် မထမီ အိပ်ရာမှ ရှေးဦးစွာထရခြင်း။

၂။ အိပ်ရာဝင်သောအခါ (အရှင်သခင်) အလုပ်ရှင်၏ ကိစ္စဝိစ္စများကို ဆောင်ရွက်ပြီး နောက်မှ အိပ်ရခြင်း၊

၃။ အလုပ်ရှင်ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ပေးသည်ကိုသာ ယူလေ့ရှိရခြင်း။

၄။ ပြုလုပ်ဖွယ်အမှုကိစ္စတို့ကို စေ့စေ့စပ်စပ် ကောင်းစွာ ပြုလုပ်ပေးရခြင်း။

၅။ အလုပ်ရှင်၏ ကျေးဇူးဂုဏ်တို့ကို ချီးမွမ်းပြောဆိုရခြင်း။

## (ဋ) ဒါယကာကျင့်ဝတ် ၅-ပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက် ချစ်ခင်၊ ခင်မင် နှုတ်ချို၊ လိုလျှင် ဖိတ်ထား၊ တတ်အား လှူစေ၊ ဝတ်ငါးထွေ၊ ပြုလေ ဒါယကာ။

၁။ ရဟန်းတော်တို့အား မေတ္တာနှင့်ယှဉ်သော ကာယကံမှုတို့ကို ဆောင်ရွက်ရခြင်း။

၂။ မေတ္တာနှင့်ယှဉ်သော ဝစီကံမှုတို့ကို ချစ်ခင်ကြည်ဖြူစွာ ပြောဆိုရခြင်း၊

၃။ မေတ္တာနှင့်ယှဉ်သော ဝစီကံမှုကို ပွားများရခြင်း၊

၄။ ဘယ်ခါမဆို အလိုရှိသောအခါ အမိန့်ရှိပါဟု ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားထားရခြင်း။

၅။ မိမိတတ်စွမ်းနိုင်သလောက် လှူဒါန်းရခြင်း။

## (၄) ရဟန်းတော်တို့ ကျင့်ဝတ် ၆-ပါး

မကောင်း မြစ်တား၊ ကောင်းရာ ညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သချာ။

၁။ မကောင်းမှု အကုသိုလ် ဒုစရိုက်များကို မပြုလုပ်ရန် ဆုံးမတားမြစ်ပေးရခြင်း။

၂။ ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုတို့၌ ညွှန်ကြားပေးရခြင်း။

၃။ မကြားနာဖူးသေးသော တရားစကားများကို ဟောကြားရခြင်း။

၄။ ကြားနာဖူးပြီးသော တရားစကားများကို ထပ်မံဟောကြားရခြင်း။

၅။ နတ်ပြည်ရောက်ကြောင်း လမ်းကောင်းများကို ညွှန်ကြားပေးရခြင်း။

၆။ ကောင်းသောစိတ်ဖြင့် ချစ်ခင်ကြင်နာစွာ မေတ္တာဖြင့် စောင့်ရှောက်ရခြင်း (မေတ္တာပို့ရခြင်း)

## နိဂုံးချုပ်

ကျမ်းသိင်္ဂါလ၊ ထုတ်ဝယ်ပြ၊ သုံးဝမြတ်ဆရာ၊ ကျင့်ဝတ် မပြေ၊ ပါယ်လေးထွေ၊ လားလေရှည်မြင့်ကြာ။ ဤသည့်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရွာ။ လှည်းဘီးပြင်က၊ နာစောင့်ချသို့၊ မိဘနှင့်သား၊ မယား နှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တပည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့် စင်မှု၊ ရှင်လည်း မကွေ၊ သေလည်းမကွာ၊ နတ်ရွာ လူ့ပြည်၊ လှည့်လည်အတူ၊ ခံစားမှု၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ် သာသည်၊ လေးရွာဖို့လုံးလုံး လူဖြစ်ရှုံး။

**သိင်္ဂါလောဝါဒ ဆုံးမစာပြီး၏။**

# ဆရာတော်ဦးဗုဓ် ရေးသားသော
# ဂိဟိဝိနယ ဆုံးမစာ

## (က) ဥစ္စာပျက်ကြောင်း ၆–ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ၊ ပျက်ကြောင်းတည်း။

၁။ သေရည်သေရက် သောက်စားမှုများခြင်း၊

၂။ အချိန်အခါမဲ့ ခရီးသွားမှုများခြင်း

၃။ ပွဲလမ်းကြည့်ရှုမှုများခြင်း၊

၄။ လောင်းကစားမှုများခြင်း၊

၅။ မိတ်ဆွေ မကောင်းသူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း၊

၆။ မလုပ်မကိုင်ချင်လို့ ပျင်းရိခြင်း၊

## (ခ) သေအရက်သောက်ခြင်းအပြစ် ၆ ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများးစွာ၊ ရောဂါထူပြော၊ ကျော်ဇော၊ မဲ့တုံ၊ မလုံ အင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ၊ အပြစ်တည်း။

၁။ စည်းစိမ်ဥစ္စာ ဆ ုံယုတ်ပျက်စီးခြင်း၊
၂။ ခိုက်ရန်ဒေါသဖြစ်ပွားခြင်း၊
၃။ အနာရောဂါ ဝေဒနာများခြင်း၊
၄။ အချိန်အစော်မဲ့ခြင်း၊
၅။ အသိအလိမ္မာ ပညာဉာဏ်အားနည်းခြင်း၊
၆။ အရှက်ကွဲရာ အင်္ဂါ ကိုယ်အင်္ဂါကို ဖော်ပြခြင်း၊

## (ဂ) အခါမဲ့သွားလာခြင်း အပြစ် ၆-ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်း အရာ၊ ရွံ့ရှာလေအပ်၊ ယိုးစွတ်ရောက်မှု၊ ဆင်းရဲစု၊ ခြောက်ခုခါမဲ့ သွားပြစ်တည်း။

၁။ သားမယားတို့သည် အကာအကွယ် အစောင့်အရှောက် ကင်းခြင်း။
၂။ ပစ္စည်းဥစ္စာ ဆုံးရှုံးပျက်စီးဖွယ် အန္တရာယ်မှ အစောင့် အရှောက်ကင်းခြင်း။

၃။ မိမိ၏ အသက်အန္တရာယ် အစောင့်အရှောက်ကင်းခြင်း။
၄။ သူတစ်ပါးတို့၏ မယုံသင်္ကာ ဖြစ်မှုကို ခံရခြင်း၊
၅။ ဆင်းရဲဒုက္ခ အမျိုးမျိုးတွေ့ကြုံရန် ရှေ့ရှုခြင်း၊
၆။ သူတစ်ပါးတို့က မဟုတ်မရား စွပ်စွဲသော စကားလည်း ကျရောက်ခြင်း။

## (ဃ) ပွဲလမ်းသဘင် အပြစ် ၆–ပါး

ကခြင်းတလီ၊ သီခြင်းတသီ၊ မှုတ်တီးသဘင်၊ ပြန်ဖျင်းတစ်အုပ်၊ လက်ခုတ်တစ်တည်၊ အိုးစည်တစ်ဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခု၊ ကြည့်ရှုသဘင်အပြစ်တည်း။

၁။ ပွဲလမ်းသဘင် ကြည့်ရှုအချိန်ဖြုန်းသဖြင့် စီးပွားရေး လစ်ဟင်းခြင်း။
၂။ သီဆိုမှု၌ အချိန်ဖြုန်းသဖြင့် ကုသိုလ်ရေးစသည် လစ်လပ်ခြင်း။
၃။ တီးမှုတ်ရာ၌ အချိန်ဖြုန်းသဖြင့် ကုသိုလ်ရေး စသည် လစ်လပ်ခြင်း။
၄။ အကျိုးမရှိ စကားဖျင်းစသည်ပြောဆိုအချိန် ဖြုန်းနေသဖြင့် ကုသိုလ်ရေး စသည် လစ်လပ်ခြင်း။

၅။ လက်ခုတ်လက်ဝါး တီးပွဲ၌ အချိန်ဖြုန်းနေသဖြင့် ကုသိုလ်ရေး, စီးပွားရေး လစ်လပ်ခြင်း၊

၆။ အိုးစည်တီးပွဲတို့၌ အချိန်ဖြုန်းနေသဖြင့် ကုသိုလ်ရေး,, စီးပွားရေး စသည် လစ်လပ်ခြင်း၊

## (ဃ) လောင်းကစားခြင်း အပြစ် ၆–ပါး

အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျှော့ပါး၊ တရား သဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလို ထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါးကြွေအန် အပြစ် တည်း။

၁။ နိုင်သောသူမှာ ရှုံးသူတို့၏ ငြင်းခုံမှုဖြင့် ခိုက်ရန် ပွားများခြင်း။

၂။ ရှုံးသောသူမှာ ဆုံးရှုံးသောပစ္စည်းဥစ္စာအတွက် ပူပန် ရခြင်း။

၃။ စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်စီးခြင်း။

၄။ တရားရုံးတော်၌ ထိုသူ၏စကားသည် တရားမဝင် မအောင်မြင်ခြင်း။

၅။ ဆွေမျိုးမိတ်သင်္ဂဟတို့၏ မထေမဲ့မြင်ပြုခံရခြင်း။

၆။ လောင်းကစားသူအား ထိမ်းမြားမင်္ဂလာ ဆောင်ရန် ရှောင်ပယ်မှုခံရခြင်း။

**မှတ်ချက်။** ။ ၁ လုံး + ၂ လုံး + ၃ လုံးတို့လည်း လောင်းကစားမှုမျိုးပင်တည်း။

## မိတ်ဆွေယုတ်နှင့် ပေါင်းခြင်းအပြစ် ၆–ပါး

ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှူ၊ အတုပြုကြွား၊ လှည့်စားတစ်ထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်လားကြောင်း၊ ပျက်ပြားမိတ်ဆွေ အပြစ်တည်း။

၁။ လောင်းကစားသမားများနှင့် ပေါင်းသင်းမိခြင်း။

၂။ မိန်းမလိုက်စားကြူးသူ၊ အစားကြူးသူတို့နှင့် ပေါင်းသင်းမိခြင်း။

၃။ သေသောက်ကြူးသူတို့နှင့် ပေါင်းသင်းမိခြင်း။

၄။ အတုပြုလုပ်၍ လူလိမ်လူညာတို့နှင့် ပေါင်းသင်းမိခြင်း။

၅။ ကောက်ကျစ်စဉ်းလဲ လူတော်လူညစ်တို့နှင့် ပေါင်းသင်းမိခြင်း၊

၆။ လူဆိုးလူသွမ်းလူရမ်းတို့သည် အနိုပ်အစက်ပြု၍ ပေါင်းသင်းမိခြင်း။

**မှတ်ချက်။** ။ထိုမိတ်ဆွေယုတ်တို့ ပေါင်းသင်းမိသူတို့မှာ မျက်မှောက်ဘဝ သံသရာ နှစ်ဖြာသော အကျိုးစီးပွားး ဆုတ်ယုတ်ပျက်စီးခြင်းသို့ရောက်နိုင်ပါသည်။

## (ဆ) ပျင်းရိခြင်း အပြစ် ၆–ပါး

အချမ်းပြင်းဝှမ်း၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလှလွန်းရောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ နေကပညာ၊ မပွားရာသည်၊ ခြောက်ဖြာပြင်းသူ အပြစ်တည်း။

၁။ ချမ်းအေးလှသေးသည်ဟု အမှုကိစ္စကို မပြုမိခြင်း။

၂။ ပူလွန်းလှသေးသည်ဟု အမှုကိစ္စကို မပြုမိခြင်း။

၃။ မိုးချုပ်လွန်းသည်ဟု အမှုကိစ္စကို မပြုမိခြင်း။

၄။ အလွန်စောသေးသည်ဟု အမှုကိစ္စကို မပြုမိခြင်း။

၅။ ဆာလွန်းသည်ဟု အမှုကိစ္စကို မပြုမိခြင်း။

၆။ ဝလွန်းသည်ဟု အမှုကိစ္စကို မပြုမိခြင်း။

**မှတ်ချက်။** ။ အပျင်းထူ ဝီရိယ မရှိ၊ ကြောင့်ကြမှုမရှိသူ တစ်ဦးသည် မည်သည့်အခါမှ ပညာလည်း မရ၊ ဥစ္စာလည်း မရ၊ ဆောင်ရွက်မှုကိစ္စများလည်း မပြီး၊ လုပ်ငန်းများလည်း

မအောင်မမြင် ဖြစ်မည်မှာ သေချာပါသည်။ အပျင်းထူ ဝီရိယ မရှိမှုကို ပယ်ရှားပြီး လုံ့လဝီရိယ စိုက်ထုတ်ကာ ဆောင်ရွက်သွားပါလျှင် ပညာရေး စီးပွားရေး စသည်တိုးတက်မည်မှာ မလွဲပေ။

## (ဓ)အကြီးအကဲ ကျင့်ဝတ် ၆–ပါး

ထကြွ နိုးကြား၊ သနားသည်းခံ၊ ဝေဖန်ကြည့်ရှု၊
ဤခြောက်ခုကား၊ ကြီးသူကျင့်ရာ တရားတည်း။

၁။ ထထကြွကြွ လုံ့လဝီရိယရှိရခြင်း၊
၂။ နိုးနိုးကြားကြား ရှေ့ဆောင်နိုင်ရခြင်း၊
၃။ ငယ်သားများအပေါ်၌ သနားချစ်ခင်မှု အမြဲရှိရခြင်း။
၄။ အရာရာတိုင်းမှာ (ဒေါသမပွားဘဲ) သည်းခံမှုရှိရခြင်း၊
၅။ အရာခပ်သိမ်း၌ ဝေဖန်တတ်သော ဉာဏ်ပညာရှိရခြင်း။
၆။ အများငယ်သားများအပေါ်၌ စောင့်ရှောက်ကြည့်ရှုမှုရှိရခြင်း။

**မှတ်ချက်။** ။ အထက်ဖော်ပြပါ အချက်အလက်အင်္ဂါများနှင့် ပြည့်စုံသူတစ်ယောက်သည် မုချဧကန် အကြီးအကဲ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်နိုင်ပါသည်။ ရှေ့သွားခေါင်းဆောင်

ကောင်းဖြစ်လိုသူများ အထက်ဖော်ပြပါ ဂုဏ်အင်္ဂါ ၆-ပါးနှင့်အညီ နေထိုင်ပြောဆို ဆောင်ရွက်ရပါမည်။

## (ဈ) ကိုယ်ကျိုးကိုသာ ငဲ့သော အဆွေခင်ပွန်းတု ၄-ယောက်

လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ကာ၊ ပြုလာတုံဘိ၊ မိမိကျိုးငှာ၊ မှီလာပေါင်းယှဉ်၊ လေးယောက်စဉ်ကာ၊ အညဒတ္ထုကရတည်း။

၁။ မိမိက ပေးမည်လို့တော့ မကြံ၊ ရတိုင်းယူမည်ဟု သူတစ်ပါးပစ္စည်းကို ယူတတ်သောသူတစ်ယောက်။

၂။ မိမိက နည်းနည်းပေး၍ သူတစ်ပါးထံမှ များများယူတတ်သောသူ တစ်ယောက်။

၃။ မိမိဆင်းရဲဒုက္ခ ရောက်လာလျှင် အောက်ကျခံ၍ သူတစ်ပါးကိစ္စကို ပြုတတ်သောသူ တစ်ယောက်။

၄။ မိမိအကျိုးကို မျှော်ကိုး၍ သူတစ်ပါးထံ ဆည်းကပ်ခစားတတ်သောသူ တစ်ယောက်။

## မိတ်ဆွေတုလေးယောက်

ယူသာယူကြ၊ လက်မကပါ၊ နှုတ်သာဖြင့်ပေး၊ အလေးတစိုက်၊ အကြိုက်လိုက်ကာလာ၊ ဆိုပါပြောလည်း၊ ပျက်စီးကြောင်းသာ၊ ပေါင်းဖော်ကာ၊ မိတ်ဆွေတုလေးယောက်တည်း။

**မှတ်ချက်။** ။ ဤ ၄-ယောက်သော မိတ်ဆွေတုတို့ကို မိုက်ဖော်၊ သယ်ဖော်၊ ခိုးဖော်၊ တိုက်ဖော် စသည်ဖြစ်သော မိတ်ဆွေယုတ်များဖြစ်သောကြောင့် ပညာရှိများသည် ဘေးရန်ရှိသောအခါကို ဝေးဝေးက ရှောင်သကဲ့သို့ ဝေးစွာရှောင်ကြဉ်ရာ၏ဟု ဗုဒ္ဓမိန့်မှာတော်မူခဲ့သည်ကို မြဲမြဲသတိပြု ရှောင်ကြစေလိုသည်။

## (ည) နှုတ်ဖြင့်သာ ဟန်ဆောင်သော အဆွေခင်ပွန်းတု ၄-ယောက်

ရှေးဖြစ်စေ့စပ်၊ တထပ်နောက်မှီ၊ ချည်းစည်းသဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မှု၊ ပြည့်ဆွန်ပျက်ပြား၊ ဤလေးပါးကား မှတ်သား ဝစီပရမတည်း။

၁။ လွန်လေပြီး (အတိတ်)အကြောင်းဖြင့် စေ့စပ်ပြောဆို လောကွတ်ပျူငှာစွာ ချီးမြှောက်ပြောဆိုတတ်သူ တစ်ယောက်။

၂။ မရောက်သေးသော(အနာဂတ်ကာလ) အကြောင်းဖြင့် စေ့စပ်ပြောဆို လောကွတ်ပျူငှာစွာ ပြောဆိုတတ်သူ တစ်ယောက်။

၃။ အချည်းနှီးအကျိုးမရှိ လောကွတ်မျှဖြင့် ပြောဆိုချီးမြှင့်တတ်သောသူတစ်ယောက်။

၄။ ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးကြောင်းကို ပြောဆိုတတ်သောသူတစ်ယောက်။

## (၄) ချစ်ဖွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းကော[illegible]းယောက်

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်၊ လေးအင် ပိယဘာဏီတည်း။

၁။ မကောင်းမှုကို ပြုလိုတဲ့သူကို မတားမြစ်ဘဲ ပြုသာပြုပါဟု ခွင့်ပြုသောသူတစ်ယောက်။

၂။ ကောင်းမှုကို ပြုလိုသောအခါ၌လည်း လိုက်လျောကာ ပြုသာပြုပါဟု ခွင့်ပြုသောသူတစ်ယောက်။

၃။ မျက်မှောက်၌သာ သူ၏ဂုဏ်ကျေးဇူးစကားကို ချီးမွမ်းပြောဆိုတတ်သောသူ တစ်ယောက်။

၄။ မျက်ကွယ်၌ သူ၏ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ရှုတ်ချပြောဆိုတတ်သူ တစ်ယောက်။

## (၄) ပျက်စီးလွယ်သောလူလေးယောက်

သောက်ထုတ်သေရက်၊ ညဥ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်၊ လေးအင် ပါယ သဟတည်း။

၁။ သေရည်သေရက်သောက်စားမှု၌ အပေါင်းအဖော်ဖြစ်သူ တစ်ယောက်။

၂။ အခါမဲ့ ခရီးသွားလာခြင်း၌ အပေါင်းအဖော်ဖြစ်သူ တစ်ယောက်။

၃။ ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်း၌ အပေါင်းအဖော်ဖြစ်သူတစ်ယောက်။

၄။ လောင်းကစားမှု၌ အပေါင်းအဖော်ဖြစ်သူတစ်ယောက်။

## (၃) ကျေးဇူးရှက်ဆောင်သော အဆွေခင်ပွန်းစစ် လေးယောက်

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဖွယ်ရိုက၊ နှစ်ဆဥစ္စာ၊ ချေးပေးလာသည်၊ လေးဖြာ ဥပကာရတည်း။

၁။ မေ့လျော့မှုးယစ်နေသော မိတ်ဆွေကို စောင့်ရှောက်တတ်သူတစ်ယောက်။

၂။ မေ့လျော့နေသော မိတ်ဆွေ၏ ရွှေငွေပစ္စည်းများကို သိမ်းဆည်းထားတတ်သော သူတစ်ယောက်။

၃။ ကြောက်ရွံ့နေသော မိတ်ဆွေ၏ အားကိုးရာဖြစ်သူတစ်ယောက်။

၄။ ပြုဖွယ်ကိစ္စ ဖြစ်ပေါ်လာသော် မိမိပြုသော ကျေးဇူးထက် နှစ်ဆက်တက်သော စည်းစိမ်ကို ပေးတတ်သောသူတစ်ယောက်။

## (၃) ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆွေခင်ပွန်းစစ် လေးယောက်

လျှို့ဝှက်စကား၊ ကြားစေဟုံလျက်၊ သူ့လျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညာလျက်၊ ကိုယ်သက်စွန့်နှမြောက်၊ ဤလေးယောက်ကား၊ မျှလောက်ချမ်းသာ ဆည်းရဲတည်း။

၁။ မိမိလျှို့ဝှက်ထားသော စကားကို သူတစ်ပါးအား မပြောကြားဘဲ မိတ်ဆွေအားသာ ပြောကြားတတ်သောသူတစ်ယောက်။

၂။ မိတ်ဆွေ၏လျှို့ဝှက်ထားသော စကားကို သူတစ်ပါး မသိအောင် လျှို့ဝှက်ထားတတ်သူတစ်ယောက်။
၃။ ဘေးရန် တွေ့ကြုံလာသောအခါ မိမိမိတ်ဆွေကို မစွန့်တတ်သူတစ်ယောက်။
၄။ မိမိမိတ်ဆွေ၏ အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်ရာ၌ စွန့်စားတတ်သူတစ်ယောက်။

## (ဏ) အကျိုးစီးပွားကို ပြောကြားတတ်သော အဆွေခင်ပွန်းစစ်လေးယောက်

မကောင်းမြစ်တာ၊ ကောင်းရာသွင်းထား၊ မကြား စထောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝ ကား၊ မည်ရ အတ္တက္ခာယီတည်း။

၁။ မကောင်းမှုကိစ္စဟူသမျှကို မပြုမိအောင် တားမြစ်တတ် သူတစ်ယောက်။
၂။ ကောင်းမှုကိစ္စဟူသမျှ၌ သက်ဝင် ယှဉ်စေတတ်သူ တစ်ယောက်။
၃။ မကြားနာဖူးသေးသော တရားစကားကို ပြောကြား တတ်သူတစ်ယောက်။
၄။ ဒါန, သီလ စသော နတ်ပြည်ခရီးလမ်းကောင်းကို ညွှန်ပြတတ်သူတစ်ယောက်။

## (တ) အစဉ်သမားတတ်သော အဆွေခင်ပွန်းစစ်လေးယောက်

ဥစ္စာခမ်းနား၊ မပွားသမြို့၊ မနှစ်လိုငြား၊ ပွားကရှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော် ချီးမွမ်း၊ သူတို့တမ်းကား၊ မိတ်ကျွမ်းအနုကမ္ပတည်း။

၁။ မိတ်ဆွေ၏စီးပွား၊ ဥစ္စာဆုတ်ယုတ် ပျက်ပြားနေသည်ကို နှလုံးမသာကြည်သောသူ တစ်ယောက်။

၂။ မိတ်ဆွေ၏ဖြစ်ထွန်း တိုးတက်ခြင်းကို နှစ်သက်သူ တစ်ယောက်။

၃။ မိမိမိတ်ဆွေအား ကဲ့ရဲ့စကားပြောကြားသူကို ရှုတ်ချကန့်ကွက်သူတစ်ယောက်။

၄။ မိမိမိတ်ဆွေ၏ ဂုဏ်ကျေးဇူးစကားကို သူတစ်ပါးအား အမွှမ်းတင်တတ်သူတစ်ယောက်။

## (ထ) အလေးအမြတ် ပြုအပ်သော အရပ်ခြောက်မျက်နှာ

အရှေ့ မိဘ၊ တောင်မှ ဆရာ၊ နောက်မှာ မယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေ ကျွန်များ၊ အထက်ဖျားကား၊ ပုဏ္ဏားရဟန်းခြောက်ရပ်တည်း။

## (၁) အလောင်းလျာတို့ အလိုတော်ခြောက်ပါး

လောဘာ ဒေါသ၊ မောဟာကင်းလို၊ တောခိုတစ်ဖြာ၊ ဆိတ်ရာငြိမ်သက်၊ ဝင့်မှထွက်၊ ခြောက်ချက်လောင်းလျာ လိုတော်တည်း။

## (၈) မပြတ်ဆင်ခြင်ရသော တရားငါးပါး

အိုခြင်းတစ်ဖြာ၊ နာခြင်းတစ်တွေ၊ သေခြင်း တခြား၊ ကွဲပြားတစ်တန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

## (၉) အကျိုးဆောင်သော တရားတစ်ပါး

သေခြင်းတစ်ပါး၊ ဤတရားကား၊ စီးပွားမြားမြောင်၊ အကျိုးဆောင်သည်။ အိုအောင်အောက်မေ့ စီးဖြန်းကြ။

## မှတ်သားဖွယ်

ဘုရားရှင် ဟောတော်မူသော ဤသိင်္ဂါလောဝါဒ သုတ်တော်သည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်တတ်သော ကိုယ်ကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် အပါယ်လေးပါး ဝင့်ဒုက္ခဘေးမှ ကယ်တင်တော်မူသည့် လူ့

ကျင့်ဝတ်နှင့် လောကသံသရာ နှစ်ဖြာသော အကျိုးစီးပွား များကို ပေးဆောင်သောတရားများ ဖြစ်ပါသည်။ ယင်း လူ့ကျင့်ဝတ္တရားများကို နားမလည် မလိုက်နာ မကျင့်သုံး ပါက အပါယ်ဆင်းရဲဒုက္ခဘေးမှ မလွတ်နိုင်ပါ။

# ပရာဘဝသုတ်

## ပရာဘဝသုတ်ကို ဟောတော်မူရခြင်း

ဘုရားရှင်သည် မင်္ဂလာတရားတော်ကို ဟောတော်မူပြီး နောက်တစ်နေ့တွင် နတ်ဗြဟ္မာအပေါင်းတို့သည် စည်းဝေးကြ၍ ကြီးပွားချမ်းသာကြောင်းဖြစ်သော တရားရှိပါက ပျက်စီးကြောင်းဖြစ်သော တရားရှိရန်ရာ၏ဟု ကြံဆပြီးလျှင် တစ်သောင်းသော စကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားရှင်ထံတော်သို့ လာ၍ ခသျောင်းတောင်းပန်သဖြင့် လူများ ကျင့်ဝတ်ပျက်၍ မကြီးပွားကြောင်းဖြစ်သော တရား ပရာဘဝသုတ်တော်ကို ဟောတော်မူပါသည်။ ဤပရာဘဝသုတ်တော်၏ အနက်အဓိပ္ပာယ်ကို မှတ်သားလွယ်ကူစေရန် အတွက် အကျဉ်းချုံးပြီး ရှစ်လုံးဘွဲ့မြန်မာကဗျာများဖြင့် ရေးသားပါမည်။

## ပရာဘဝသုတ် ရှစ်လုံးဘွဲ့ကဗျာ

၁။ ပြည်သာဝတ္ထိ ချမ်းမြေ့ကြေည်
ဇေတဝန်ကျောင်း၊ ခညောင်းကြသည်၊
ပျော်စံစားသည့်၊ ထွင့်ဖျားဘုန်းစည်
နိဗ္ဗာန်သို့၊ ကူးပို့ကယ်တင်သည်။

၂။ နတ်ပြဟ္မာအပေါင်း ခညောင်းရောက်လာ
သန်းခေါင်ယံတွင်း၊ ရောင်လင်းဝေဖြာ၊
လက်စုံမိုး၍၊ ရှိခိုးပြီးခါ
သုံးလူဖြား၊ လျှောက်ထားခဲ့ပန်ထွာ။

၃။ ပင်စည်မပွား၊ ပျက်ပြားယွင်းယို
ထန်းငုတ်တိုကြီး ပုံမှီးခါဆို
ပရာဘဝ မြတ်ဓမ္မကို
သနားအား ဟောကြားပါစေလို။

၄။ မြော်မြင်ဉာဏ်များ၊ တိုးပွားထက်သန်
သိဉာဏ်နည်းက၊ ပျက်စီးအမှန်၊
တရားကို ချစ်၊ ပွားသစ် လျင်မြန်
တရားမုန်း ပျက်စီးဆုံးရှုံးပြန်။

၅။ မိစ္ဆာတရား၊ ပွားများ အားသန်၊
သူတော်တရား၊ မပွားတရန်။

လူ့ကျင့်ဝတ်များ၊ ဖယ်ထားလေပြန်
မကြီးပွား၊ မှောက်မှားပျက်စီးပြန်

၆။ လွန်အိပ်ကျူး၍ ပျော်ပါးပွဲသန်၊
ထကြွမရှိ၊ ပျင်းရိအမှန်
မျက်မာန်ဒေါသ ကြမ်းလှခက်ထန်၊
မကြီးပွား၊ ဆုံးပါးပျက်စီးပြန်။

၇။ ကျေးဇူးကြီးလှ၊ မိဘနှစ်ဖြာ
သက်ရွယ်ကြီးကြ၊ အိုမင်းသောခါ
ကောင်းစွာပြုရေး၊ မကျွေးသူမှာ
မကြီးပွား မခြားဆင်းရဲမှာ။

၈။ လှူခံတောင်းစား ရဟန်းများကို
လှည့်ပတ်ပြုခြား၊ မုသားအပို
အထင်မှားလို့ ပြစ်မှားခါဆို
မကြီးပွား ဆုံးပါးပျက်ယွင်းယို။

၉။ ဥစ္စာခနေ ပေါလှရွှေငွေ
အလှူမပေး၊ မကျွေးမဝေ
သုံးဖြုန်းစားလို့၊ မောက်ကြွားခါနေ
မကြီးပွား ပျက်ပြားကုန်ဆုံးပေ။

၁၀။ မျိုးဂုဏ်တက်ကြွ၊ ခနမာန်စွယ်၊
တံခွန်လွှင့်လို့၊ ကြားဝင့်တကယ်။
မျိုးဇာတ်တူချင်း၊ နှိပ်နင်းပြုတယ်၊
မကြီးပွား၊ လွှင့်ပါးဆုံးရှုံးမယ်။

၁၁။ ကံညာမကလို့ အရက်ကိုပင်
လောင်းကာကစား၊ အမှားပျော်ရွှင်
ပစ္စည်းကိုဖြုန်း၊ သုံးစွဲသွင်သွင်
မကြီးပွား ပျက်ပြားမွေဆိုးဝင်။

၁၂။ မိန်းမရှင်မက်၊ နှစ်သက်ကြည်ဖြူ
ဇနီးသက်ထား၊ ချစ်အားမဟူ
သူများမယား၊ ချစ်အားချိုမြူ
မကြီးပွား ပျက်ပြားကြွက်ကြွက်ဆူ။

၁၃။ သားရေရှုံ့တွ၊ ကုန်းကွရှယ်အို
ဇရာအိုကြီး၊ ဇနီးနုပျို
အနကြိုက်လို့၊ သိမ်းပိုက်မြူချို
မကြီးပွား ပင်ပန်းအလွန်ပို။

၁၄။ ဖြုန်းတီးသောက်စား၊ ပျော်ပါးလှည့်လည်
မိန်းမယောကျ်ား၊ ဖောက်ပြားမတည်
ကြီးကဲတို့အား၊ ဝတ်တွားမပြည်
မကြီးပွား ဆုံးပါး နစ်မွန်းမည်။

၁၅။ ဥစ္စာပျက်လျက်၊ ရမက်ပိုလွန်
မထိုက်တန်သော၊ သဘောမညွန်
မင်းစိတ်ပေါက်လို့၊ သွေးမြှောက်ချွန်ချွန်
မကြီးပွား မိုက်မှားသူရှုံးကျွန်။

၁၆။ မြတ်စွာဗုဒ္ဓ၊ မိန့်ဟဒေသနာ
လူ့ကျင့်ဝတ်များ၊ မှတ်သားသူငါ၊
မကျင့်ပါက ယိုင်လဲတော့မှာ
မကြီးပွား မုချပျက်စီးရာ။

၁၇။ လူ့ကျင့်ဝတ်များ၊ ပျက်ပြားယုတ်မာ၊
ကြီးပွားရန်ခက်၊ ကျွမ်းထွက်သေချာ၊
ပရာဘဝ၊ မိန့်ဟရွှေစာ၊
သုတ္တန်ကျမ်း၊ မှတ်စမ်းသေချာစွာ၊

ပရာဘဝသုတ် အကျဉ်းချုပ် ကဗျာပြီး၏။

**မှတ်ချက်။** ။ ဤကဗျာလင်္ကာများသည် အဓိပ္ပာယ်ပေါ်လွင်ကြ၍ အဓိပ္ပာယ်မရေးသားဘဲ ချန်လှပ်ထားပါသည်။

# ဂုဏ်တော်ပွားများခြင်း

## ဂုဏ်တော်မပွားမီ၊ ပုတီးမစိတ်မီ သိမှတ်ဖွယ်များ

ဂုဏ်တော်မပွားမီ ပုတီးမစိတ်မီ ရှေးဦးစွာ ဂုဏ်တော် တစ်ပါးစီ၏ အဓိပ္ပာယ်များကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ အရဟံ–ဂုဏ်တော်ကို ပုတီးစိတ်လိုသော်–

**အရဟံ** = ကိလေသာရန်သူတို့ကို သတ်ဖြတ်တော်မူသော မြတ်စွာ ဘုရားပါတကား။

**အရဟံ** = လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား

ပါတကားဟု နှုတ်မှာဆောင်ပြီးလျှင် အဓိပ္ပာယ်ကို အာရုံပြု၍ အရဟံဟုဆို၍ ပုတီးတစ်လုံးချ တစ်ပတ်ရအောင် စိတ်ပါ၊ ကျန်ဂုဏ်တော်များကိုလည်း အဓိပ္ပာယ်သိအောင် ပြုလုပ်ကာ အာရုံပြီး ဂုဏ်တော်ကို ပွားပါ၊ ပုတီးစိတ်ပါ၊ ဂုဏ်တော်

များကို မိမိအလိုရှိရာ ကိစ္စအလိုက် အာရုံပြုပါ။ နေ့စဉ် ဝတ်ထားပြီး ပုတီးစိတ်လိုသော် ပွားများလိုသော် ဂုဏ်တော် တစ်ပါး ပုတီးတစ်ပတ်ရအောင် စိတ်ပါ။ ဂုဏ်တော် ၉ ပါး ပုတီး ၉-ပတ် ရ၏။ တဖန် အရဟံဂုဏ်တော်ကိုပင် တစ်ပတ်စိတ်လျှင် ဂုဏ်တော် [၁၀၀၀]ရ၏။ တစ်နေ့လျှင် ဂုဏ်တော် [၁၀]ပတ် ပုတီးစိတ်လျှင် (၁၀)ရက်ပြည့်က ဂုဏ်တော်ပုတီး [၁၀၀၀] တစ်ထောင်လွှမ်းခြုံပြီးဖြစ်၏။ အကယ်၍ အလုပ်များနေလျှင် (မတတ်နိုင်လျှင်) တစ်နေ့ လျှင် ဂုဏ်တော်တစ် ပါးစီ ပုတီးစိတ်သွားပါက (၁၀)ရက် ရှိသွားလျှင် ဂုဏ်တော်(၁၀၀၀) တစ်ထောင်လွှမ်းခြုံပြီး ဖြစ်၏။

## အရဟံ သုံးမျိုးနှင့်အကျိုးထူး

[အရဟံ] [အရ-ဟံ] [အ-ရဟံ]

**(ဆောင်)**

က။ အရဟံ-ဂုဏ်၊ ပွားများတုံ၊ အကုန်ဘေးရန်ပျောက် ပါသည်။

ခ။ အရဟံဂုဏ်၊ပွားများတုံ၊ အကုန်ချမ်းသာရောက်ပါသည်။

ဂ။ အရဟံဂုဏ်၊ ပွားများတုံ၊ အကုန်ပူဇော်ခံရာ ရောက်ပါ သည်။

ဃ။ အရဟံဂုဏ်၊ ပွားများတဲ့၊ အကုန် နိဗ္ဗာန်ရောက်ပါ
သည်။

၁။ အရဟံ = လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူ[ထိုက်]သော မြတ်စွာဘုရားပါတကား။

၂။ အရ–ဟံ = အတွင်းရန်၊ အပြင်ရန်တို့ကို [အောင်] မြင်တော်မူသော မြတ်စွာဘုရားပါ တကား။

၃၊ အ–ရဟံ = ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုမပြု၊ နေရာတိုင်း ကောင်းမှု ကောင်းကျိုးတွေ ကိုသာ [ပြု]တော်မူသောမြတ်စွာဘုရား တကား။

## ပုတီးစိတ်ရာ၌ ရွတ်ဆို နှလုံးသွင်းရန်

၁။ သော ဘဂဝါ ဣတိပိ အရဟံ။

၂။ သော ဘဂဝါ ဣတိပိ အရ–ဟံ။

၃။ သော ဘဂဝါ ဣတိပိ အ–ရဟံ။

[သတိပြုရန်] နှုတ်မှအသံထွက်ဆိုခြင်းကို မပြုမူ၍ အာရုံဖြင့် နှလုံးသွင်းပြီး ပုတီးစိတ်ရပါမည်။ အထက်ပါ ၁ + ၂ +

၃ = ပါး မြန်မာပြန်ကို အရကျက်ပြီး စိတ်ဖြင့် အာရုံပြုရပါမည်။

## အကျိုးထူးများ

၁။ အရဟံ (သုံးလုံးတွဲ)ပုတီးစိတ်ခြင်း၏ အကျိုးကား မင်းစိုးရာဇာ အကြီးအကဲတို့ ချစ်ခင်မြတ်နိုးခြင်း၊ ချီးမြှောက်ခြင်း၊ ရာထူးဂုဏ်ထူးများ ရရှိခြင်း၊ အများလေးစားခြင်းစသည့်အကျိုးထူးများကို ရနိုင်ပါသည်။

၂။ အရ–ဟံ [နှစ်လုံး+တစ်လုံးတွဲ] ပုတီးစိတ်ခြင်းကား ရန်အသွယ်သွယ်၊ အန္တရာယ်နှင့် အကြပ်အတည်းတို့ကို အောင်မြင်ကျော်လွှားနိုင်သောအကျိုး၊ စာမေးပွဲအောင်မြင်နိုင်ခြင်း အကျိုးနှင့် လုပ်ငန်းများ အောင်မြင်နိုင်ခြင်း အကျိုးများကို ရနိုင်ပါသည်။

၃။ အ–ရဟံ = [တစ်လုံး+နှစ်လုံးတွဲ) ပုတီးစိတ်ခြင်းကား တာဝန်ကျေအောင် ထမ်းဆောင်နိုင်ခြင်း၊ အများအကျိုးများကို သယ်ပိုးနိုင်ခြင်း၊ ဦးစီးဦးဆောင် ဖြစ်လာနိုင်ခြင်း စသော အကျိုးထူးများကို ရနိုင်ပါသည်။

**မှတ်ချက်=** အရဟံ သုံးမျိုးတို့တွင် တစ်မျိုးလျှင် ပုတီး [၉]ပတ် စုစုပေါင်း [၂၇]ပတ် အဓိဋ္ဌာန်ပြီး ပုတီးစိတ်

ရမည်။ ပုတီးစိတ်ပြီးတိုင်း“ဗုဒ္ဓေါ မေ ဧယံ ဒေဝတ”ဟု [၉]ခေါက်ရွတ်ဆို၍ လိုရာကိစ္စများ အလိုရှိရာ ဆောင်ရွက်စရာရှိသည်များကို တိတိကျကျ ဆုတောင်းပါ။ ဆုတောင်းသည့်အတိုင်း မုချပြည့်စုံစေနိုင်ပါသည်။

**ဣတိပိ သော ဘဂဝါ** = အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

၁။ (က)အရဟံ = ကိလေသာရန်သူတို့ကို သတ်ဖြတ်တော်မူသော မြတ်စွာဘုရားပါတကား။

(ခ) အရဟံ = လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားပါတကား။

၂။ သမ္မာသမ္ဗုဒ္ဓေါ = အလုံးစုံသောတရားကို ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားပါတကား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော = အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။

၄။ သုဂတော = ကောင်းသောစကားကို ဆိုတော်မူသော [နိဗ္ဗာန်သို့ ကြွသွားတော်မူသော]မြတ်စွာဘုရားပါတကား။

၅။ လောကဝိဒူ = လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရားပါတကား။

၆။ အနုတ္တရော ပုရိသဒမ္မသာရထိ = ဆုံးမထိုက်သူတို့ကို ယဉ်ကျေးအောင်ဆုံးမတော်မူသော မြတ်စွာဘုရားတကား။

၇။ သတ္ထာ ဒေဝမနုဿာနံ = လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

၈။ ဗုဒ္ဓေါ = သစ္စာလေးပါး တရားတို့ကို ကိုယ်တော်တိုင်သာ သိမြင်တော်မူသော မြတ်စွာဘုရားပါတကား။

၉။ ဘဂဝါ = ဘုန်းတန်ခိုး [အနန္တနှင့် ပြည့်စုံတော်မူသော] ကြီးတော်မူသော မြတ်စွာဘုရားပါတကား။

## ဂုဏ်တော် ဆောင်ပုဒ်များ

၁။ (က) ဘေးရန်ကင်းလို၊ အရဟံကို၊ ပွားကို ပွားရမည်။
(ခ) ပူဇော်ခံလို၊ အရဟံ–ကို၊ ပွားကို ပွားရမည်။
၂။ နက်နဲသိလို၊ သမ္မာသမ္ဗုဒ္ဓကို၊ ပွားကို ပွားရမည်။
၃။ သိက္ခာပြည့်လို၊ ဝိဇ္ဇာကို၊ ပွားကို ပွားရမည်။
၄။ စကားပြောလို [ခရီးသွားလို]၊ သုဂတောကို၊ ပွားကို ပွားရမည်။
၅။ လောကီသိလို၊ ဝိဒူကို၊ ပွားကို ပွားရမည်။
၆။ ဆုံးမပေးလို၊ အနုတ္တရောကို၊ ပွားကို ပွားရမည်။
၇။ [အတတ်ပညာ] သင်ကြားပေးလို၊ သတ္ထာကို၊ ပွားကို ပွားရမည်။
၈။ အတတ်သင်လို၊ ဗုဒ္ဓေါကို၊ ပွားကို ပွားရမည်။
၉။ အကျိုးပြီးလို၊ ဘဂဝါကို၊ ပွားကို ပွားရမည်။

**မှတ်ချက်။** ။ တရားဂုဏ်တော် ၆ ပါးနှင့် သံဃာ့ဂုဏ်တော် ၉–ပါးတို့ကိုလည်း အဓိဋ္ဌာန်ပြီး ပုတီးစိတ်နိုင်၏။

## မိမိအလိုရှိရာ ဂုဏ်တော်ကို ပွားများ ပုတီးစိတ်ရန်

၁။ (က) ဘေးဥပါဒ်အန္တရာယ် ရန်အသွယ်သွယ် ကင်းလိုသော် အောင်မြင်လိုသော် (က) အရဟံကို အာရုံပြု၍ ပုတီးစိတ်ပါ။

(ခ) မိမိအား အပူဇော်ခံလိုသော် (ခ) အရဟံဂုဏ်တော်ကို ပုတီးစိတ်ပါ။ [နှလုံးသွင်းပွားများပါ]

၂။ နက်နဲ ခက်ခဲသောအရာမှန်သမျှကို သိမြင်လိုသော် သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီးစိတ်ပါ။

၃။ လိုရာကိစ္စမှန်သမျှကို ပြည့်စုံစေလိုသော် ဝိဇ္ဇာစရဏ သမ္ပန္နော ဂုဏ်တော်ကို ပုတီးစိတ်ပါ။

၄။ စကားတပေါင် ပြောဆိုလိုသော် သုဂတော ဂုဏ်တော်ကို ပုတီးစိတ်ပါ။ ခရီးသွားလိုသော် သုဂတော ဟူသော ဂုဏ်တော်ကို အာရုံပြု၍ ပုတီးစိတ်ပါ။

၅။ လောကီကိစ္စ အဝဝတို့ကို ပြုလုပ်ဆောင်ရွက်လိုသော် လောကဝိဒူဂုဏ်တော်ကို ပုတီးစိတ်ပါ။

၆။ ဆိုဆုံးမ ဩဝါဒ ပေးလိုသော် အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်ကို ပုတီးစိတ်ပါ။

၇။ အတတ်ပညာ သင်ကြားပေးလိုသော် သတ္ထာ ဒေဝ မနုဿာနံ ဂုဏ်တော်ကို ပုတီးစိတ်ပါ။

၈။ အတတ်ပညာ သင်ကြားလိုသော် ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီးစိတ်ပါ။

၉။ ဘုန်းတန်ခိုးကြီးလိုသော် လိုရာကိစ္စအဝဝ အကျိုးစီးပွားပြီးစေ, တိုးတက်စေလိုသော် ဘဂဝါ ဂုဏ်တော်

ကို အာရုံပြု၍ ပုတီးစိတ်ပါ။ [ဘဂဝါ ဂုဏ်တော်ပွား များပါ]

**မှတ်ချက်။** ။ ဂုဏ်တော် ၉ ပါးတို့တွင် မိမိအလိုရှိရာ အလိုရှိသော ကိစ္စအဝဝ ပြည့်စုံအောင်မြင်ရန် အလိုရှိသော ဂုဏ်တေ. ကိုသာ ပွားများပါ၊ နှလုံးသွင်းပါ၊ အချိန်ရရှိ ပါလျှင် အလိုရှိရာ ဂုဏ်တော်ကို အနည်းဆုံး ပုတီး (၉)ပတ်လောက် ရရှိအောင် ပုတီးစိတ်ရပါမည်။

လိုရာကိစ္စများ, အလိုရှိရာ ဆောင်ရွက်စရာ များကို တိတိကျကျ အာရုံပြု ပွားများပါ၊ ပုတီးစိတ်ပါ၊ မိမိတို့ အလိုရှိသည့် ကိစ္စအားလုံး မုချပြည့်စုံစေနိုင် ပါသည်။ ယုံယုံကြည်ကြည်ဖြင့်သာ ပွားများပါလေ။

## မြတ်ပဋ္ဌာန်း ပုတီးစိတ်

(က) ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊

**မှတ်ချက်။ ။**

၁။ မိမိရဲ့ အချစ်ခင်ဆုံး ပုဂ္ဂိုလ်ကို မေတ္တာပို့ဖြစ်၏။

၂။ မိမိရဲ့ အလယ်အလတ် ပုဂ္ဂိုလ်ကို မေတ္တာပို့ဖြစ်၏။

၃။ မိမိရဲ့ ရန်သူဖြစ်သူကို မေတ္တာပို့ဖြစ်၏။

ရှေးဆရာတော်ကြီးများ ပေးထားသည်ကို လိုက်နာ၍ မန္တလေးတောင် ရသေ့ကြီး ဦးခန္တီ အမြဲပုတီးစိတ်သည်ဟု သိရသည်။

## ပဋ္ဌာန်းတန်ခိုး ကောင်းကျိုးအနန္တ လိုရာရ

၁။ ကျန်းမာစေလို၊ ပဋ္ဌာန်းကို၊ ရွတ်ဆိုပူဇော်ပါ။

၂။ ချမ်းသာ စေလို၊ ပဋ္ဌာန်းကို၊ ရွတ်ဆိုပူဇော်ပါ။

၃။ ဉာဏ်ကောင်းစေလို၊ ပဋ္ဌာန်းကို၊ ရွတ်ဆိုပူဇော်ပါ။

၄။ ကံကောင်းစေလို၊ ပဋ္ဌာန်းကို၊ ရွတ်ဆိုပူဇော်ပါ။

၅။ အကြံကောင်းပေါ်စေလို၊ ပဋ္ဌာန်းကို၊ ရွတ်ဆိုပူဇော်ပါ။

၆။ ဘေးရန်ကင်းလို ပဋ္ဌာန်းကို၊ ရွတ်ဆိုပူဇော်ပါ။

၇။ ရောဂါကင်းလို၊ ပဋ္ဌာန်းကို၊ ရွတ်ဆိုပူဇော်ပါ။

၈။ ဈေးရောင်းကောင်းလို၊ ပဋ္ဌာန်းကို၊ ရွတ်ဆိုပူဇော်ပါ။

၉။ မိုးမရွာက၊ ပဋ္ဌာန်းဥဒ္ဒေသ၊ ရွတ်ကြ, ဖတ်ကြ, ပူဇော်ကြ။

၁၀။ မိုးရွာလွန်းက၊ ပဋ္ဌာန်းဥဒ္ဒေသ၊ ရွတ်ကြ, ဖတ်ကြ, ပူဇော်ကြ။

၁၁။ ဈေးရောင်းမကောင်းက ပဋ္ဌာန်းဥပဒေသ ရွတ်ကြ, ဖတ်ကြ, ပူဇော်ကြ။

၁၂။ ကြောက်ထိတ်လန့်က၊ ပဋ္ဌာန်းဥဒ္ဒေသ၊ ရွတ်ကြ, ဖတ်ကြ, ပူဇော်ကြ။

၁၃။ ညည,ညည၊ လန့်ငိုက၊ ပဋ္ဌာန်းဥဒ္ဒေသ၊ ရွတ်ကြ, ဖတ်ကြ, ပူဇော်ကြ။

၁၄။ အိမ်တွင်းရေး အဆင်မပြေက၊ ပဋ္ဌာန်းဥဒ္ဒေသ၊ ရွတ်ကြ, ဖတ်ကြ, ပူဇော်ကြ။

၁၅။ အိမ်ထောင်ရေးအဆင်မပြေက၊ ပဋ္ဌာန်းဥဒ္ဒေသ၊ ရွတ်ကြ, ဖတ်ကြ, ပူဇော်ကြ။

၁၆။ စီးပွားရေးအဆင်မပြေက၊ ပဋ္ဌာန်းဥဒ္ဒေသ၊ ရွတ်ကြ, ဖတ်ကြ, ပူဇော်ကြ။

၁၇။ [လေဖြတ်နေက+ခါးနာနေက+ဒူးနာနေက+ထုံကျင်နေက+သွေးတိုးနေက]ပဋ္ဌာန်းဥဒ္ဒေသ၊ ခြေစုံရပ်၍၊ ရွတ်ဖတ်ကြ။ [၅-မျိုးတွဲပါ]

**မှတ်ချက်။** ။ ပဋ္ဌာန်းဥဒ္ဒေသပါဠိတော်ကြီးကို ယုံယုံကြည်ကြည်, လေးလေးစားစား ရွတ်ဖတ်ပူဇော်ပါလျှင် မုချကောင်းကျိုးများ ရနိုင်ပါသည်။

## ပဋ္ဌာန်းဥဒ္ဒေသပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စရယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ

**သတိ။** ။ သုံးပစ္စည်းကို တစ်တွဲရွတ်ဆိုပါက ပိုကောင်းပါသည်။ (၈)ခါရွတ်ဆိုလျှင် ၂၄ ပစ္စည်းဆုံး၏။

အမှတ် ..........
ရက်စွဲ..........

